ကြေးမုံ
The Mirror Daily
၁၉၅၇ ပြေ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**လောကကို ထွန်းလင်းတောက်ပ**

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှလွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)

၁၃၈၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၆ ရက်၊ အင်္ဂါနေ့။ Tuesday, 18 February 2025 ၁၁၇၃၇

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၀) သင်တန်းဖွင့်ပွဲများအား တိုင်းစစ်ဌာနချုပ်အသီးသီး၌ ကျင်းပ

## ပြည်သူ့စစ်မှုထမ်းနိုင်ငံ့သားကောင်းများ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်နေကြပြီ

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်နိုင်ရန် အတွက် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၀) တွင်ပါဝင်တက်ရောက်ကြမည့် အရည်အချင်းကိုက်ညီသူ နိုင်ငံ့သားကောင်းများသည် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်နယ်မြေများရှိသင်တန်းကျောင်းအသီးသီးသို့ရောက်ရှိ၍ လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်ခဲ့ကြသည်။ ယနေ့နံနက်ပိုင်းတွင် အဆိုပါ သင်တန်းကျောင်းအသီးသီး၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၀) သင်တန်းဖွင့်ပွဲများပြုလုပ်ကြသည်။ သင်တန်းဖွင့်ပွဲများတွင် သင်တန်းကျောင်းများအလိုက် ကျောင်းအုပ်ကြီးများက သင်တန်းဖွင့်အမှာစကားများ ပြောကြားကြသည်။

အဆိုပါ သင်တန်းဖွင့်ပွဲများသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်၍ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၀)မှ သင်တန်းသားများအားတွေ့ဆုံကာ သင်တန်းသားများအတွက် **စာမျက်နှာ ၄ ကော်လံ ၁ သို့** ☆



ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၀) သင်တန်းဖွင့်ပွဲ ကျင်းပစဉ်။

**ယနေ့ ဖတ်စရာ**



**ပင်လယ်ရေကြောင်းကုန်သွယ်မှုအတွက် အဓိကအရေးပါသည့် ကမ်းလွန်ရေကြောင်းပြစခန်း**

ဆောင်းပါး
စာမျက်နှာ » ၆



**ပြည်ပနိုင်ငံသားများ သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး မြန်မာ-တရုတ်-ထိုင်းနိုင်ငံတို့မှ ကိုယ်စားလှယ်များ ဆွေးနွေးညှိနှိုင်း**

စာမျက်နှာ » ၈

**မြန်မာနိုင်ငံ အတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၂၇၃ ဦး ထပ်မံစစ်ဆေး ဖော်ထုတ်ထိန်းသိမ်းခဲ့**

စာမျက်နှာ » ၉

ကြေးမုံ

# အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှု စဉ်ဆက်မပြတ်အရေးယူဆောင်ရွက်

နိုင်ငံတော်အစိုးရအနေဖြင့် တရားမဝင် အွန်လိုင်းလောင်းကစားနှင့် အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများကို နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ စဉ်ဆက်မပြတ် တက်ကြွစွာ ဖော်ထုတ်အရေးယူဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် တာဝန်ရှိသူအဆင့်ဆင့်တို့ကလည်း အွန်လိုင်းလောင်းကစားနှင့် အွန်လိုင်းငွေကြေးလိမ်လည်မှုအပါအဝင် အခြားဒုစရိုက်မှုလုပ်ငန်းများမရှိစေရေး ဖော်ထုတ်ခြင်း၊ အရေးယူခြင်းတို့ကို တင်းတင်းကျပ်ကျပ် စိစစ်ရှာဖွေဖော်ထုတ်ပြီး ပြတ်ပြတ်သားသား ကိုင်တွယ်ဆောင်ရွက်လျက်ရှိသည်။

လက်ရှိတွင် ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့မှတစ်ဆင့်ဖြတ်သန်းပြီး မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ ဖြတ်ကျော်ကာ တရားမဝင်ဝင်ရောက်လာကြသည့် အဆိုပါဒုစရိုက်မှုထောင်ချောက်အတွင်း ရောက်ရှိကြရသူများရှိနေသည်။ အထူးသဖြင့် မြန်မာ-ထိုင်းနယ်စပ် ကရင်ပြည်နယ် မြဝတီ-ရွှေကုက္ကိုလ်နှင့် KK Park နယ်မြေများတွင် တရားမဝင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသူများကို ရှာဖွေစစ်ဆေးဖော်ထုတ်အရေးယူလျက်ရှိရာ ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၃၀ ရက်နေ့မှ ဖေဖော်ဝါရီလ ၁၆ ရက်နေ့အထိ ပြည်ပနိုင်ငံသား ၁၀၃၀ ကို ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကြောင်း သိရသည်။ အဆိုပါထိန်းသိမ်းထားသည့် ပြည်ပနိုင်ငံသားများအနက် ၆၁ ဦးကို ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်နေ့တွင် ထိုင်းနိုင်ငံသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့အပြင် ဖေဖော်ဝါရီလ ၁၁ ရက်နေ့တွင် ပြည်ပနိုင်ငံသား ၆၉ ဦး၊ ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင် ပြည်ပနိုင်ငံသား ၂၀၀၊ ဖေဖော်ဝါရီလ ၁၅ ရက်နေ့တွင် ပြည်ပနိုင်ငံသား ၄၆၉ ဦး၊ ဖေဖော်ဝါရီလ ၁၆ ရက်နေ့တွင် ပြည်ပနိုင်ငံသား ၂၃၁ ဦးတို့ကို ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည်။ အဆိုပါ ပြည်ပနိုင်ငံသားများကို ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး လိုအပ်သည့်ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများကို စာရင်းကောက်ယူပြီးဖြစ်သည်။ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၇၉၉ ဦးသည် တရုတ်၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ မလေးရှား၊ အီသီယိုးပီးယား၊ ပါကစ္စတန်၊ ကာဂျစ်စတန်၊ ဗီယက်နမ်၊ ယူဂန္ဓာ၊ ထိုင်းနိုင်ငံနှင့် တရုတ်(တိုင်ပေ)တို့မှ ဖြစ်ကြသည်။

အဆိုပါဒုစရိုက်မှုများနှင့်ပတ်သက်၍ အထူးသဖြင့် ကွန်ပျူတာနည်းပညာကျွမ်းကျင်သူ၊ ဘာသာစကားကျွမ်းကျင်သူများကို ငွေကြေးလစာကောင်းများရရှိမည်ဟု အွန်လိုင်းပေါ်တွင် မက်လုံးပေးစည်းရုံးသိမ်းသွင်းပြီး အွန်လိုင်းပေါ်မှ အချိတ်အဆက်ပြုလုပ်သူများမှတစ်ဆင့် ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံနယ်စပ်သို့ ဖြတ်သန်းရောက်ရှိလာကြသူများဖြစ်သည်။ ၎င်းတို့သည် မြန်မာနိုင်ငံနယ်စပ် ဖော်ပြပါ အွန်လိုင်းလောင်းကစားရုံများနှင့် အွန်လိုင်းလိမ်လည်သည့်နေရာများတွင် အတင်းအကျပ်အဖြစ်သော်လည်းကောင်း၊ လုပ်ခလစာအနည်းငယ်ဖြင့်သော်လည်းကောင်း၊ လုပ်ခလစာမပေး၍သော်လည်းကောင်း အစေ့စေခိုင်းခံရသူများဖြစ်ကြောင်း ကိုယ်တွေ့ကြုံခဲ့ရသည့် ပြည်ပနိုင်ငံသားများ၏ ထုတ်ဖော်ပြောကြားချက်များအရ သိရသည်။

အွန်လိုင်းလိမ်လည်ရေးလုပ်ငန်းအတွက် တစ်ရက်လျှင် ဖုန်းခေါ်ဆိုမှုအကြိမ်ရေ ရှစ်သိန်းကျော်ပြုလုပ်နိုင်သည့် အဆင့်မြင့်နည်းပညာပြုလုပ်သည့်နေရာကို တွေ့ရှိထားကြောင်း တစ်ဖက်နိုင်ငံမှ သတင်းစာကြီးတစ်စောင်တွင် ဖော်ပြထားကြောင်း သိရသည်။ လူအများ လူမှုကွန်ရက်အသုံးပြုမှုများပြားလာသည့် ယနေ့ကာလတွင် အွန်လိုင်းပေါ်မှ သားကောင်ရှာဖွေသည့် လုပ်ငန်းများသည် တွင်ကျယ်ခေတ်စားလာသည်။ ယေဘုယျအားဖြင့် အွန်လိုင်းပေါ်၌ ငွေကြေးလိမ်လည်မှု၊ လောင်းကစားမှု၊ ကုန်ပစ္စည်းလိမ်လည်မှု၊ အလုပ်အကိုင်လိမ်လည်မှု၊ အချစ်ရေးလိမ်လည်မှု စသည်တို့အပြင် ကံစမ်းမဲလိမ်လည်မှုနှင့် လူကုန်ကူးမှုများသည် အဖြစ်အများဆုံးလိမ်လည်သည့် ဒုစရိုက်မှုများဖြစ်သည်။ အွန်လိုင်းလိမ်လည်မှုများသည် ငွေကြေးအမြတ်အစွန်းလွယ်လွယ်ကူကူ အမြောက်အမြားရရှိသဖြင့် အဆိုပါဒုစရိုက်မှုလုပ်ငန်းများ ကျယ်ပြန့်လာသည်။

အွန်လိုင်းလိမ်လည်မှုမှ ရရှိလာသည့် ငွေကြေးများအား အွန်လိုင်းဘဏ်လုပ်ငန်းစနစ်အပေါ် တလွဲအသုံးချပြီး ငွေကြေးခဝါချမှုများပါရှိလာရာ နိုင်ငံတော်အတွက် ခြိမ်းခြောက်မှုများအထိ ဖြစ်လာသည်။ သို့ဖြစ်ရာ နိုင်ငံတော်အစိုးရသည် နိုင်ငံတော်နှင့် ပြည်သူများအား ခြိမ်းခြောက်ထိခိုက်မှုများရှိလာသည့် အွန်လိုင်းလိမ်လည်မှု၊ အွန်လိုင်းလောင်းကစားမှုအပါအဝင် အွန်လိုင်းဒုစရိုက်မှုမျိုးစုံကို အမျိုးသားရေးအသွင်ဖြင့် နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်သူများနှင့် ပူးပေါင်းလက်တွဲကာ ထိထိရောက်ရောက် ပြတ်ပြတ်သားသား တိုက်ဖျက်နှိမ်နင်းပြီး ထိန်းသိမ်းလွှဲပြောင်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။ ။

## တရားမအထူးအယူခံမှု ၆ မှုကို စီရင်ချက်ချမှတ်၊ ရာဇဝတ်အထူးအယူခံမှု ၁ မှုနှင့် တရားမအထူးအယူခံမှု ၃ မှုတို့ကို ရုံးထိုင်ကြားနာ

နေပြည်တော် ဖေဖော်ဝါရီ ၁၇

ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးမျိုးတင့်၊ ဒေါ်သင်းသင်းနွဲ့၊ ဒေါ်ပြုံးပြုံးအေး၊ ဒေါက်တာကိုကိုနိုင်တို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်၍ တရားမအထူးအယူခံမှု အမှတ် ၅၈/၂၀၂၄ (ရန်ကုန်)၊ ၅၉/၂၀၂၄ (ရန်ကုန်)၊ ၆၀/၂၀၂၄ (ရန်ကုန်)၊ ၆၁/၂၀၂၄ (ရန်ကုန်)၊ ၇၅/၂၀၂၄ (ရန်ကုန်)၊ ၇၇/၂၀၂၄ (ရောဝတီ) စုစုပေါင်း တရားမအထူးအယူခံမှု ၆ မှုကို စီရင်ချက်ချမှတ်သည်။

ထို့ပြင် ရာဇဝတ်အထူးအယူခံမှုအမှတ် ၁၅/၂၀၂၄ (ရန်ကုန်) နှင့် တရားမအထူးအယူခံမှုအမှတ် ၇၉/၂၀၂၄ (မန္တလေး)၊ ၈၁/၂၀၂၄ (မကွေး)၊ ၈၂/၂၀၂၄ (မန္တလေး) စုစုပေါင်း ရာဇဝတ်အထူးအယူခံမှု ၁ မှုနှင့် တရားမအထူးအယူခံမှု ၃ မှုတို့ကို ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သတ္တုတွင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်သက် ကို အစမ်းခန့်ကာလ ၁ နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

## MSME ချေးငွေများ လျှောက်ထားနိုင်

ပြည်ထောင်စုနယ်မြေ နေပြည်တော် တိုင်းဒေသကြီး/ ပြည်နယ်များမှ MSME လုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏ လုပ်ငန်းတိုးချဲ့ ဆောင်ရွက်ခြင်း၊ စက်ပစ္စည်းဝယ်ယူခြင်းနှင့် ကုန်ကြမ်းဝယ်ယူခြင်းတို့အတွက် လိုအပ်သည့် ချေးငွေများကို မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်နှင့် ပုဂ္ဂလိကဘဏ် (၁၆) ခုတို့မှ ထုတ်ချေးပေးလျက်ရှိပါသည်။ ချေးငွေအတိုးနှုန်းများအနေဖြင့် Fixed Capital အနည်းဆုံး ၃၀% နှင့်အထက် အသုံးပြုမည့်ချေးငွေအတွက် တစ်နှစ်လျှင် အတိုးနှုန်း ၃%၊ Working Capital ၁၀၀% အသုံးပြုမည့် ချေးငွေအတွက် တစ်နှစ်လျှင်အတိုးနှုန်း ၄ % နှင့် Credit Guarantee Insurance-CGI စနစ်ဖြင့် ထုတ်ချေးမည့်ချေးငွေအတွက် တစ်နှစ်လျှင် အတိုးနှုန်း ၅ % တို့ဖြင့် ချေးငွေများ လျှောက်ထားနိုင်ပါသည်။ ချေးငွေရယူလိုသည့် MSME လုပ်ငန်းရှင်များအနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် MSME အေဂျင်စီများနှင့်ဆက်သွယ်၍ ချေးငွေများ လျှောက်ထားနိုင်ကြောင်း အသိပေးအပ်ပါသည်။

**MSME ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့**

## ၁၇ - ၂ -၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၅၅၂၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၇ - ၂ - ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇,၄၀၀ | ၇,၅၀၀ | ၃၅၀ | ၂,၅၉၂,၀၀၀ |
| MTSH | ၂,၉၅၀ | ၂,၉၅၀ | ၈၉၇ | ၂,၆၄၆,၁၅၀ |
| MCB | ၈,၀၀၀ | ၈,၀၀၀ | ၂ | ၁၆,၀၀၀ |
| FPB | ၁,၈၀၀ | ၁,၈၀၀ | ၃၃ | ၅၉,၄၀၀ |
| TMH | ၃,၀၀၀ | ၃,၀၀၀ | ၀ | ၀ |
| EFR | ၁,၆၀၀ | ၁,၆၅၀ | ၁,၀၀၂ | ၁,၆၂၈,၃၀၀ |
| AMATA | ၃,၉၅၀ | ၄,၀၀၀ | ၁၀၅ | ၄၁၅,၀၀၀ |
| MAEX | ၃,၂၀၀ | ၃,၂၀၀ | ၄၅၉ | ၁,၄၆၈,၈၀၀ |
| MADPL(PLB) | ၃,၀၀၀ | ၃,၀၀၀ | ၉၁၂ | ၂,၇၃၆,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းနိုင်
ခေတ္တ စာတည်းမှူး - ဦးအေဝမ်းစိုး
စာတည်းများ - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )





# မြန်မာ့စီးပွားရေးဘဏ်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် နှစ်ချုပ်စာရင်းပိတ် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန မြန်မာ့စီးပွားရေးဘဏ်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နှစ်ချုပ်စာရင်းပိတ်လုပ်ငန်း ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ မြန်မာ့စီးပွားရေးဘဏ်မြတ်ပန်းသဇင်ခန်းမ၌ကျင်းပသည်။

ဆွေးနွေးပွဲသို့ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ဒုတိယဝန်ကြီးများ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်တို့မှဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာ့စီးပွားရေးဘဏ်တိုင်းဒေသကြီး၊ ပြည်နယ်မန်နေဂျာများနှင့် ခရိုင်ဘဏ်ခွဲမန်နေဂျာများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက မြန်မာ့စီးပွားရေး ဘဏ်သည် ပြည်သူများ ယုံကြည်စိတ်ချရသော နိုင်ငံပိုင်ဘဏ်ကြီးဖြစ်၍ ပြည်သူများက အပ်ငွေများ တိုးမြှင့်အပ်နှံလာရေး၊ အပ်ငွေများကို ထိရောက်စွာအသုံးချပြီး အရည်အသွေးပြည့်ဝသည့် ချေးငွေများကို ဘဏ်စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံး လုပ်နည်းများနှင့်အညီ စိစစ်ထုတ်ချေးရေးနှင့် ချေးငွေသုံးစွဲမှုများ စနစ်တကျဖြစ်စေရေးအတွက် မန်နေဂျာများက စဉ်ဆက်မပြတ် ကြီးကြပ်စစ်ဆေးဆောင်ရွက်ကြရန်၊ ချေးငွေများကို သတ်မှတ်ကာလအတွင်း ပြန်လည်ပေးဆပ်နိုင်စေရေး၊ ကြွေးကျန်များ လျော့နည်းကျဆင်းလာစေရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ ဘဏ်လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ကြီးကြပ်နိုင်ရေးအတွက် ဘဏ်တွင်း စာရင်းစစ်ဌာနခွဲက ဘဏ်ခွဲများကို ပုံမှန်စစ်ဆေးခြင်း၊ သွားလာရန်ခက်ခဲသည့် ဘဏ်ခွဲများကို Off-site စနစ်ဖြင့် စစ်ဆေးခြင်းများကို အလေးထားဆောင်ရွက်ကြရန်လိုကြောင်း၊ သို့မှသာ ငွေကြေးမသမာမှုများနှင့် အလွဲသုံးစားမှုများကို အချိန်မီ ထိရောက်စွာကာကွယ်တားဆီးနိုင်မည်ဖြစ်ကြောင်း၊ ဘဏ်နှင့် ဆက်သွယ်ဆောင်ရွက်သူပြည်သူများ ဘဏ်နှင့် အကျွမ်းတဝင်ရှိလာပြီး ဘဏ်လုပ်ငန်းတွင် ယုံကြည်မှုရှိစွာဖြင့် အားလုံးပါဝင်ဆောင်ရွက်လာနိုင်စေရေးအတွက် ပြည်သူများအား ဘဏ်လုပ်ငန်းဆိုင်ရာအသိပညာနှင့် ခေတ်မီဘဏ်လုပ်ငန်း ဝန်ဆောင်မှုများကို ရရှိခံစားစေရန် ကြိုးပမ်းဆောင်ရွက်ပေးစေလို ကြောင်း မှာကြားသည်။

မြန်မာ့စီးပွားရေး ဘဏ်သည် ဘဏ္ဍာရေးနှစ်အလိုက် နှစ်ချုပ်စာရင်းပိတ်လုပ်ငန်း ညှိနှိုင်းဆွေးနွေးပွဲကို နှစ်စဉ်ကျင်းပပြုလုပ်လျက်ရှိပြီး ယခုနှစ်ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့်ပူးပေါင်း၍ ဘဏ်လုပ်ငန်းဆိုင်ရာ စာတမ်းဖတ်ပွဲများ အပါအဝင် ကဏ္ဍအလိုက် ဆွေးနွေးမှုများကို ဖေဖော်ဝါရီ ၂၀ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ရန်ကင်းပညာရေးဒီဂရီကောလိပ်တွင် တတ်ကျွမ်းမှုအခြေပြု မေးခွန်းတည်ဆောက်ခြင်း အကဲဖြတ်ခြင်းဆိုင်ရာ စွမ်းရည်မြှင့်သင်တန်းဖွင့်

**ရန်ကုန် ဖေဖော်ဝါရီ ၁၇**

ရန်ကင်းမြို့နယ် ရန်ကင်းပညာရေးဒီဂရီကောလိပ် မြတ်ပညာခန်းမ၌ ယနေ့နံနက် ၉ နာရီက တတ်ကျွမ်းမှုအခြေပြု မေးခွန်းတည်ဆောက်ခြင်း၊ အကဲဖြတ်ခြင်းဆိုင်ရာ စွမ်းရည်မြှင့်သင်တန်းဖွင့်ပွဲ ကျင်းပခဲ့သည်။

**ပြောကြား**

သင်တန်းဖွင့်ပွဲတွင် ပညာရေးဝန်ကြီးဌာန ဆရာအတတ်ပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာအေးဖြူဇင်က မိမိတို့ဆရာ ဆရာမများသည် နောင်အနာဂတ်တွင် တိုင်းပြည်အတွက် ကျရာတာဝန်များကို ပခုံးပြောင်းတာဝန်ယူကြရမည့်လူငယ်များကို မွေးထုတ်သင်ကြားပေးရသည့်အတွက် တတ်ကျွမ်းမှုအခြေပြု မေးခွန်းတည်ဆောက်ခြင်းများ၊ အကဲဖြတ်ခြင်းဆိုင်ရာများကို ယခုကတည်းက လေ့ကျင့်သင်ကြားသွားကြရမည်ဖြစ်ကြောင်း အဖွင့်အမှာစကားပြောကြားသည်။

အဆိုပါ တတ်ကျွမ်းမှုအခြေပြု မေးခွန်းတည်ဆောက်ခြင်းနှင့် အကဲဖြတ်ခြင်းဆိုင်ရာ စွမ်းရည်မြှင့်သင်တန်းသို့ ပညာရေးဒီဂရီကောလိပ် ကျောင်းပေါင်း ၂၅ ကျောင်းမှ ကျောင်းအုပ်ကြီးများ၊ ဒုတိယကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများ စုစုပေါင်း ၈၅ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

လှလှထွေး(ပြန်/ဆက်)



# လှည်းကူးမြို့နယ် အခြေခံပညာကျောင်းပေါင်း ၁၈၇ ကျောင်းတွင် ကျောင်းတွင်းအာဟာရကျွေးမွေးခြင်းများ ဆောင်ရွက်



**လှည်းကူး ဖေဖော်ဝါရီ ၁၇**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်ရှိ အခြေခံပညာကျောင်းပေါင်း ၁၈၇ ကျောင်းမှ Grade-1 ကျောင်းသား ကျောင်းသူများအား ကျောင်းတွင်း အာဟာရကျွေးမွေးခြင်းကို ယနေ့နံနက်ပိုင်းက ကျောင်းများအားလုံးတွင် တစ်ပြိုင်နက်တည်း ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ ကျောင်းတွင်းအာဟာရကျွေးမွေးခြင်းသည် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် အခြေခံပညာကျောင်းများရှိ Grade-1 ကျောင်းသား ကျောင်းသူများကို လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ပြီး ကျန်းမာကြံ့ခိုင်စေရန်ရည်ရွယ်၍ ထမင်း၊ ကြက်ဥသီးစုံဟင်း၊ ပဲဟင်းချို၊ အာဟာရစုံလင်စွာဖြင့် သန့်ရှင်းမှုရှိစေရန် ကျောင်းတွင် ကိုယ်တိုင်ချက်ပြုတ်ကျွေးမွေးခြင်းဖြစ်သည်။

**ပူးပေါင်းပါဝင်ဆောင်ရွက်**

ကျောင်းတွင်း အာဟာရကျွေးမွေးခြင်းကို အခြေခံပညာကျောင်းများမှမိဘဆရာအသင်း၊ ကျောင်းအကျိုးတော်ဆောင်နှင့် ကျောင်းသား ကျောင်းသူများ၏ မိဘများက ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြင့်ဦး

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

မိုး/ဇလ



ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၀)မှ သင်တန်းသားများအား နှုတ်ဆက်အားပေးစဉ်။



ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၀) သင်တန်းဖွင့်ပွဲ ကျင်းပစဉ်။

☆ ရှေ့ဖုံးမှ

ဂုဏ်ပြုချီးမြှင့်ငွေများနှင့် ပစ္စည်းများ ပေးအပ်ကြပြီး သင်တန်းသားများအား လိုက်လံနှုတ်ဆက်အားပေးခဲ့ကြသည်။

ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန် အရေးသုံးပါးကို ထိန်းသိမ်း စောင့်ရှောက်ရန် နိုင်ငံသားတိုင်းတွင် တာဝန်ရှိကြသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရေး အတွက် စစ်ပညာ သင်ကြားရန်နှင့် နိုင်ငံတော်၏ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နိုင်ရန် ရည်ရွယ်၍ ပြည်သူ့စစ်မှုထမ်း ဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် စတင်အာဏာတည်စေခဲ့ပြီး ပြည်သူ့စစ်မှုထမ်းသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးခဲ့သည်။ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁)ကို ၂၀၂၄ ခုနှစ် ဧပြီ ၈ ရက်မှ စတင်၍ ဖွင့်လှစ် သင်ကြားပေးခဲ့ပြီး သင်တန်းဆင်းခဲ့သည့် ပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်းများသည် တာဝန်ကျရာ တပ်ရင်း/တပ်ဖွဲ့အသီးသီးတွင် နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို ဦးလည်မသုန် ကျေပွန်စွာ ထမ်းဆောင်နေကြပြီ ဖြစ်သည်။

ယနေ့တွင် ဖွင့်လှစ်လိုက်သည့် ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ်(၁၀)မှ နိုင်ငံ့သားကောင်းလူငယ်များအဖြစ် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဂုဏ်ယူစွာထမ်းဆောင်ရန် သင်တန်းတက်ရောက်ကြမည့် သင်တန်းသားများ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိခဲ့ရပါသည်-

စာမျက်နှာ ၅ သို့ »»







ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၀) သင်တန်းဖွင့်ပွဲ ကျင်းပစဉ်။



# (၃၁)ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ)စစ်တီးဝိုင်းပြိုင်ပွဲ တတိယနေ့ ဆက်လက်ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

နှစ်(၈၀)ပြည့် တပ်မတော်နေ့ အထိမ်းအမှတ် (၃၁)ကြိမ်မြောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ (က)အဆင့်နှင့် (ခ)အဆင့်ပြိုင်ပွဲများကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်း စစ်ရေးပြကွင်း၌ ဆက်လက်ကျင်းပသည်။



ပြိုင်ပွဲတွင် (က)အဆင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ကိုယ်စားပြု ရဲတီးဝိုင်းအသင်း၊ (ခ)အဆင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအမှတ်(၂) စစ်တီးဝိုင်းအသင်း၊ တြိဂံဒေသတိုင်း စစ်ဌာနချုပ် ကိုယ်စားပြု အမှတ်(၂)စစ်တီးဝိုင်းအသင်းနှင့် အရှေ့အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် ကိုယ်စားပြု အမှတ်(၁) စစ်တီးဝိုင်းအသင်းတို့ ယှဉ်ပြိုင်ခဲ့ကြသည်။

**ကြည့်ရှုအားပေး**

အဆိုပါ ပြိုင်ပွဲယှဉ်ပြိုင်နေမှုများကို တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်ထွန်းမြတ်ရွှေနှင့် တပ်မတော် အရာရှိကြီးများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲလေ့ကျင့်ရေး အရာရှိချုပ်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အသင်းများနှင့် ဖိတ်ကြားထားသူများ ကြည့်ရှု အားပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

»»» စာမျက်နှာ ၄ မှ

နိုင်ငံတော်ကာကွယ်ရေးတာဝန်တွေကို တစ်ထောင့်တစ်နေရာက ထမ်းဆောင်ဖို့အတွက် နိုင်ငံသားတိုင်းမှာ တာဝန်ရှိတာကြောင့် ဒီဥပဒေပြဋ္ဌာန်းခြင်းဟာ မဖြစ်မနေရှိသင့်တဲ့ ပြဋ္ဌာန်းချက်တစ်ခုပဲလို့ ထင်မြင်မိပါတယ်။ နောင်လာမယ့် ညီငယ်တွေလည်း ဒီသင်တန်းကို လာရောက် တက်သင့်တယ်လို့ ဖိတ်ခေါ်ချင်ပါတယ်။

ကျွန်တော့်ရဲ့ ရည်ရွယ်ချက်က အဓိကတော့ မြန်မာနိုင်ငံသား တစ်ယောက်ပီပီ နိုင်ငံသားတစ်ယောက်ရဲ့ တာဝန်ဝတ္တရားအရ ကျွန်တော်တို့ဒါကို တတ်ကိုတတ်ရမယ့် နိုင်ငံသားဥပဒေပါတဲ့အတွက်ကြောင့် ဒီမှာတက်ရောက်ခြင်းဖြစ်ပါတယ်ခင်ဗျာ။ ပြည်သူတစ်ယောက်အနေနဲ့ တာဝန်သိ တာဝန်ယူတဲ့စိတ်အနေနဲ့ လာပြီး တာဝန်ထမ်းဆောင်ခြင်း ဖြစ်ပါတယ်။







ကျွန်တော့် ရည်ရွယ်ချက်ကတော့ မြန်မာနိုင်ငံမှာ ချမှတ်ထားတဲ့ဥပဒေတိုင်းကို မြန်မာနိုင်ငံသားတိုင်း လိုက်နာရမှာဖြစ်တဲ့အတွက် မြန်မာနိုင်ငံသားတစ်ယောက်အနေနဲ့ ဒီဥပဒေကို လိုက်နာတဲ့အနေနဲ့ ဒီသင်တန်းကို လာရောက် တက်ရောက်ခြင်းဖြစ်ပါတယ်။ ပြည်သူ့စစ်မှုထမ်းဥပဒေ ကျင့်သုံးတဲ့အတွက် ကျွန်တော့်အမြင်ကတော့ အလွန်ကောင်းတယ်လို့ မြင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့နိုင်ငံတင်မဟုတ်ဘဲ ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာလည်း စစ်မှုထမ်းဥပဒေကို ကျင့်သုံးနေကြတာပါ ။ ဒါ့ကြောင့် ကျွန်တော်တို့နိုင်ငံတစ်ခုတည်းမဟုတ်ဘဲနဲ့ တခြားသောနိုင်ငံတွေပါ ကျင့်သုံးနေခြင်းဖြစ်တဲ့အတွက် ကျွန်တော်ကတော့ ကောင်းလည်း ကောင်းတယ်၊ လက်လည်း လက်ခံပါတယ်။

**သတင်းစဉ်**

# ပွင့်ဖြူမြို့နယ် မဲဇလီရေလွှဲဆည်မှ နွေသီးနှံအတွက် စိုက်ပျိုးရေများ စတင်ဖြန့်ဝေ

**ပွင့်ဖြူ ဖေဖော်ဝါရီ ၁၇**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်ရှိမဲဇလီရေလွှဲဆည်မှ ဆည်ရေများကို ဖေဖော်ဝါရီ ၁၅ ရက် နံနက်ပိုင်းမှစပြီး စိုက်ပျိုးရေများ ဖြန့်ဝေပေးနေပြီဖြစ်ကြောင်း သိရသည်။

ပွင့်ဖြူမြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ဒေသတွင်း သီးနှံစိုက်ပျိုးစွမ်းအား တိုးတက်မြင့်မားစေရေးအတွက် ဒေသခံတောင်သူများ ရာသီအလိုက် သီးနှံများအချိန်မီ စိုက်ပျိုးနိုင်ရန်နှင့် စိုက်ပျိုးရေဖူလုံစွာရယူသုံးစွဲနိုင်ရန် နှစ်စဉ် မဲဇလီရေလွှဲဆည်မှ ဆည်ရေများကို တောင်မုန်းမြောင်းမကြီးနှင့် မြောက်မုန်းမြောင်းမကြီးတို့မှတစ်ဆင့် လယ်ယာမြေစိုက်ခင်းများအရောက် စနစ်တကျ ဖြန့်ဝေဆောင်ရွက်ပေးလျက်ရှိသည်။ ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင်လည်း ဒေသခံတောင်သူများ နွေစပါးနှင့် အခြားနွေသီးနှံ အချိန်မီ စိုက်ပျိုးသွားနိုင်ရေးအတွက် တောင်မုန်းမြောင်းမကြီးမှတစ်ဆင့် စိုက်ပျိုးရေများ စတင်ဖြန့်ဝေဆောင်ရွက်ပေးနေပြီဖြစ်ကြောင်း သိရသည်။




"ဒီနှစ် နွေသီးနှံစိုက်ပျိုးရာသီအတွက် ဒေသတွင်းရှိ တောင်သူတွေ နွေစပါးနှင့် အခြားနွေသီးနှံ အချိန်မီစိုက်ပျိုးနိုင်ဖို့ မဲဇလီရေလွှဲဆည်မှ ဆည်ရေများကို တောင်မုန်းမြောင်းမကြီးမှတစ်ဆင့် စိုက်ပျိုးရေများ စတင်ဖြန့်ဝေပေးနေပြီ ဖြစ်ပါတယ်။ နွေသီးနှံစိုက်ပျိုးရေးလုပ်ငန်းအတွက် ဆည်ရေပေးဝေမှုအနေနဲ့ တောင်မုန်းမြောင်းမကြီး ဆည်ရေသောက်ဧရိယာမှာ နွေစပါးအတွက် ဖြန့်ဝေသွားမှာဖြစ်ပြီး မြောက်မုန်းမြောင်းမကြီး ဆည်ရေသောက်ဧရိယာမှာ နွေနှမ်းနဲ့ အခြားနွေသီးနှံအတွက် စိုက်ပျိုးရေဖြန့်ဝေပေးမှာ ဖြစ်ပါတယ်။ နွေနှမ်းနဲ့ အခြားနွေသီးနှံအတွက် မတ် ၇ ရက်မှာ စိုက်ပျိုးရေဖြန့်ဝေပေးသွားမှာ ဖြစ်ပါတယ်။ စိုက်ပျိုးရေဖြန့်ဝေပေးခြင်းကို ဖေဖော်ဝါရီ ၁၅ ရက်မှ ဇွန် ၁၅ ရက်အထိ ဖြန့်ဝေပေးသွားမှာဖြစ်ပါတယ်"ဟု ပွင့်ဖြူမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင် မဲဇလီရေလွှဲဆည်ရေဖြင့် နွေစပါး ၃၃၂၃၅ ဧက၊ နွေနှမ်း ၂၇၁၉၃ ဧက စုစုပေါင်း နွေသီးနှံစိုက်ဧက ၆၀၄၂၈ ဧက လျာထား စိုက်ပျိုးဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

## အရေးသုံးပါး

☆ ဆုံးလွယ်,ရခက်၊ ဤသည့်ထက်ကား
ရှေ့ဆက်တည်ရေး၊ ပိုခက်သေး၏
သွေးချွေးရင်းမှ၊ ပန်ခွင့်ရသည့်
အနှုတ္တထိုက်သော **လွတ်လပ်ပန်း**။
စည်းလုံးမှုဖြင့် တို့ဆွတ်လှမ်း။

☆ **အချုပ်အခြာ**၊ လွတ်လပ်ပါမှ
ရှိလာရလည်း၊ ရသည့်ချုပ်ခြာ
လွတ်လပ်ပါလျက်၊ ကြမ္မာဖန်ခွင့်
ပျောက်ကွယ်လွင့်သည့်၊ ကျွန်နှင့်တူစွ
ထိုဘဝကို
မကျရောက်ရန် တို့ရည်ရွယ်။
ညီညွတ်မှုဖြင့် တို့ကာကွယ်။

☆ လွတ်လပ်,ချုပ်ခြာ၊ ဤနှစ်ဖြာကို
ကမ္ဘာနှင့်ချီ၊ ခိုင်ခံ့တည်အောင်
ညီနောင် သားချင်း၊ **စည်းလုံးခြင်းဖြင့်**
ညီနောင် သားချင်း၊ **ညီညွတ်ခြင်းဖြင့်**
စိတ်ရင်း မှန်လျက်၊ သံသယဖျက်၍
လက်ချင်း တွဲယှက် ကြပါစို့။ ။
ဘယ်ခါမခွဲ နောင်ညီတို့။ ။

**ကို(တက္ကသိုလ်)**

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm

၂။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm

၃။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm

၄။ Myawady Webportal
https://myawady.net.mm

၅။ Myanmar National Portal
https://myanmar.gov.mm

# ပင်လယ်ရေကြောင်းကုန်သွယ်မှုအတွက် အဓိကအရေးပါသည့် ကမ်းလွန်ရေကြောင်းပြစခန်း

ဒေါက်တာအာကာ(ဆိပ်ကမ်း)

မြန်မာနိုင်ငံသည် ကမ်းရိုးတန်းအရှည် ရေမိုင် ၁၂၆၀ ကျော်ကို ပိုင်ဆိုင်သည့် ပင်လယ်ပိုင်နက်နိုင်ငံဖြစ်ခြင်းကြောင့် နိုင်ငံတကာကုန်သွယ်မှုတန်ဖိုး၏ ၇၅ ရာခိုင်နှုန်းခန့်ကို ရန်ကုန်ဆိပ်ကမ်းမှတစ်ဆင့် ပင်လယ်ရေကြောင်းဖြင့်ကုန်သွယ်လျက်ရှိပြီး ကျန် ၂၅ ရာခိုင်နှုန်းကိုသာ နယ်စပ်ကုန်သွယ်ရေးစခန်းများမှ ကုန်သွယ်လျက်ရှိပါသည်။

ဤအချက်ကိုကြည့်ခြင်းအားဖြင့် မိမိနိုင်ငံ၏ ဆိပ်ကမ်းလုပ်ငန်းကဏ္ဍသည် နိုင်ငံ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် မည်မျှအရေးပါသည်ကို ဆန်းစစ်သုံးသပ်နိုင်မည်ဖြစ်ပါသည်။ ထိုနည်းတူစွာပင် ဆိပ်ကမ်းလုပ်ငန်းများ ကောင်းစွာလည်ပတ်နိုင်ရန်နှင့် အထူးသဖြင့် နိုင်ငံတကာကုန်သွယ်သင်္ဘောကြီးများကို ရန်ကုန်ဆိပ်ကမ်းသို့ ဝင်/ထွက်သွားလာရာတွင် ဘေးကင်းလုံခြုံစွာဖြင့် ဝန်ဆောင်မှုများပေးနိုင်ရန်အတွက် ရန်ကုန်မြစ်အတွင်းသို့ စတင်ဝင်ရောက်မည့် ပင်လယ်ဝမှသည် ရန်ကုန်မြစ်ရေလမ်းကြောင်းတစ်လျှောက် နေ့/ည ရာသီမရွေး တာဝန်ထမ်းဆောင်နေကြရသော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ဆိပ်ကမ်းဆိုင်ရာ၊ ရေကြောင်းဆိုင်ရာဝန်ထမ်းများဖြစ်ကြသည့် ရေကြောင်းပြမှူးကြီး(Pilot)များနှင့် အဆင့်ဆင့်သောဝန်ထမ်းများ၏ တာဝန်ကျေပွန်စွာ ဆောင်ရွက်နေမှုအခြေအနေများကို ဂုဏ်ယူစွာ ရေးသားတင်ပြလိုပါသည်။

ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်မှုအရ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးသည် ဇန်နဝါရီလ ၂၅ ရက်နေ့တွင် ရန်ကုန်မြစ်ဝရှိ ကမ်းလွန်ရေကြောင်းပြစခန်း (Offshore Fixed Pilot Station)သို့ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ဦးဆောင်ညွှန်ကြားရေးမှူး၊ ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ခေတ္တညွှန်ကြားရေးမှူးချုပ်နှင့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ တာဝန်ရှိသူများနှင့်အတူ သွားရောက်ခဲ့ပါသည်။ အဆိုပါခရီးစဉ်တွင် စာရေးသူအနေဖြင့်လည်း လိုက်ပါခွင့်ရခဲ့သဖြင့် ဆိပ်ကမ်းနှင့် ရေကြောင်းပြဆိုင်ရာ ဝန်ထမ်းများနှင့် ကမ်းလွန်ရေကြောင်းပြစခန်း၏ အတိတ်နှင့် ပစ္စုပ္ပန် ဆောင်ရွက်နေမှုအခြေအနေ အရပ်ရပ်ကို ကောင်းစွာလေ့လာသိရှိခွင့်ရခဲ့ပါသည်။

## ရေကြောင်းပြဝန်ဆောင်မှု မပျက်မကွက်ရယူကြရ

၂၀၁၅ ခုနှစ် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ဥပဒေ၏ ပုဒ်မ ၅၆၊ ပုဒ်မခွဲ(က)တွင် **“ဆိပ်ကမ်းသို့ ဝင်ရောက်သော သို့မဟုတ် ဆိပ်ကမ်းမှထွက်ခွာသော ရေယာဉ်နှင့် ကုန်ပါ စုစုပေါင်းတန်ချိန် ၅၀၀ ထက် ပိုသည့် ရေယာဉ်၏ ရေယာဉ်မှူးသည်- ရေကြောင်းပြမှူးကြီးမပါဘဲ ဝင်/ထွက်ခွင့် တောင်းခံရယူနိုင်ရန် ရေကြောင်းဌာနက သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများနှင့် မညီညွတ်ပါက ရေကြောင်းပြမှူးကြီး၏အကူအညီကို မဖြစ်မနေ တောင်းခံရယူပြီး ဆိပ်ကမ်းသို့ ဝင်ရောက်ဆိုက်ကပ်ခြင်း၊ ရပ်နားခြင်း၊ ထွက်ခွာခြင်း သို့မဟုတ် ဆိပ်ကမ်းနယ်နိမိတ်အတွင်း နေရာရွှေ့ပြောင်းခြင်းပြုရမည်”** ဟု ထည့်သွင်းပြဋ္ဌာန်းထားသည့်အတိုင်း ဒေသတွင်းနှင့် နိုင်ငံတကာ ဆိပ်ကမ်းများနည်းတူ ရန်ကုန်ဆိပ်ကမ်းသို့ ဝင်/ထွက်သွားလာကြသည့် နိုင်ငံတကာကုန်သွယ်သင်္ဘောကြီးများသည် ပင်လယ်ဝနှင့် ဆိပ်ကမ်းတံတားများအကြား ရေလမ်းကြောင်းတစ်လျှောက် ဘေးကင်းလုံခြုံစွာဖြင့် ဝင်/ထွက် သွားလာနိုင်ရေးအတွက် ရေကြောင်းပြဝန်ဆောင်မှု (Pilotage Service)ကို မပျက်မကွက်ရယူကြရပါသည်။

## အလှည့်ကျကျောက်ချထားရှိ

၂၀၁၉ ခုနှစ်မတိုင်မီ နှစ်များဆီသို့ ပြန်ပြောင်းတွေးဆကြည့်ပါက နိုင်ငံတကာ ကုန်သွယ်သင်္ဘောကြီးများကို ရေကြောင်းပြဝန်ဆောင်မှုပေးနိုင်ရန်အတွက် ရေကြောင်းပြရေယာဉ် (Pilot Vessel) နှစ်စင်းဖြစ်သော အလျားမီတာ ၆၀ ဝန်းကျင်၊ တန်ချိန် (Gross Tonnage-GT) ၇၇၈ နှင့် ၅၀၀ အသီးသီးရှိကြသည့် သမ္မတရေယာဉ်နှင့် ဇေကရီရေယာဉ်တို့ကို ရေကြောင်းပြစခန်း (Pilot Station) အဖြစ် ရန်ကုန်မြစ်ဝမှ ပင်လယ်ဘက် ရေမိုင် ၂၀ ခန့်အကွာတွင် အလှည့်ကျကျောက်ချထားရှိ ဆောင်ရွက်ရပါသည်။

ထိုအချိန်က ရေကြောင်းပြမှူးကြီးများနှင့် ဝန်ထမ်းများသည် ရေကြောင်းပြရေယာဉ်ပေါ်တွင်ပင် အနေ၊ အစား ပင်ပန်းဆင်းရဲစွာဖြင့် စခန်းချနေထိုင်ပြီး ရန်ကုန်ဆိပ်ကမ်းသို့ ဝင်/ထွက်ကြသည့် သင်္ဘောကြီးများပေါ်ကို ရေကြောင်းပြ ကြို/ပို့ခြင်းလုပ်ငန်းကို သစ်သားကတ္တူလှေငယ်(Pilot Cutter)များဖြင့် လှိုင်းကြားလေကြား အန္တရာယ်ကြားမှ ခက်ခဲစွာ ရေကြောင်းပြ ကြို/ပို့ခြင်း (Pilot Transfer Operation)ဆောင်ရွက်၍ တက်/ဆင်း မောင်းနှင်ပေးခဲ့ကြရပါသည်။

ထိုအချိန်ကာလများတွင် ရေကြောင်းပြမှူးကြီးများနှင့် ရေကြောင်းပြဝန်ထမ်းများ လှိုင်းလေထန်လှသည့် ပင်လယ်ပြင်တွင် ကတ္တူလှေငယ်ဖြင့် သင်္ဘောကြီးများဆီသို့ သတိပြုချဉ်းကပ်၍ တက်/ဆင်းရပုံများကို ယူကျု(Youtube)ပေါ်တွင် မြန်မာရေကြောင်းပြမှူးကြီး၏ နေ့စဉ်ဘဝ (Daily Life of Myanmar Pilot) အမည်ဖြင့် မြန်မာရေကြောင်းပြမှူးကြီးများအသင်း (Myanmar Maritime Pilot Association)မှ ဗဟုသုတအဖြစ် လွှင့်တင်ပေးထားသည်ကိုလည်း ဝင်ရောက်ကြည့်ရှုခြင်းဖြင့် သိရှိနိုင်မည်ဖြစ်ပါသည်။






ကမ်းလွန်ရေကြောင်းပြစခန်း တည်ဆောက်မှုမှတ်တမ်းဓာတ်ပုံများ။

ထို့အပြင် ရာသီဥတုဆိုးရွားချိန်များတွင် ရေကြောင်းပြစခန်းအဖြစ် အသုံးပြုသော ရေကြောင်းပြရေယာဉ်ကို ဘေးကင်းလုံခြုံသည့်နေရာသို့ ရွှေ့ပြောင်းရခြင်း၊ ရေယာဉ်များ၏ သက်တမ်းအရ ရေယာဉ်ပြုပြင်ထိန်းသိမ်းစရိတ်ကြီးမြင့်လာပြီး ဘေးကင်းလုံခြုံမှုအဆင့် လျော့ကျလာခြင်းနှင့် ၂၀၁၁ ခုနှစ်မှစ၍ ပြည်တွင်းနိုင်ငံရေး၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုများနှင့်အတူ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာနေသည့် ပင်လယ်ရေကြောင်း ကုန်သွယ်မှုလိုအပ်ချက်အရ ရန်ကုန်ဆိပ်ကမ်းသည်လည်း နိုင်ငံတကာ ကုန်သွယ်ရေယာဉ်ကြီးများ အဝင်/အထွက် ပိုမိုများပြားလာပြီး ရေကြောင်းပြလုပ်ငန်းတွင် တာဝန်ထမ်းဆောင်ရမည့်ဝန်ထမ်းများ ပိုမိုများပြားလာသောကြောင့် ရေကြောင်းပြရေယာဉ်ဖြင့် ဘေးကင်းလုံခြုံစွာ ဆောင်ရွက်နိုင်ရန်အတွက် နေရာလုံလောက်မှုမရှိခြင်း၊ လှိုင်းဒဏ်လေဒဏ်ကို တိုက်ရိုက်ခံစားကြရခြင်းနှင့် ကိုယ်၊ စိတ်လုံခြုံမှု (Physical and Mental Safety and Security)အားနည်းခြင်း စသည့် ကန့်သတ်ချက်များကြုံတွေ့လာခဲ့ရပါသည်။

အဆိုပါ ကြုံတွေ့လာရသည့် အခက်အခဲများကို ဖြေရှင်းနိုင်ရန်အတွက် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ ဌာနအကြီးအမှူးအဆင့်ဆင့်တို့သည် အမြော်အမြင်ကြီးစွာ ချင့်ချိန်သုံးသပ်၍ ရေကြောင်းပြမှူးကြီးများနှင့် ဆိပ်ကမ်းဆိုင်ရာ၊ ရေကြောင်းဆိုင်ရာနှင့် ဆက်သွယ်ရေးဆိုင်ရာ ဝန်ထမ်းများအတွက် ကမ်းလွန်ရေကြောင်းပြစခန်း တည်ဆောက်ရေးကို အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့ကြပါသည်။

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ တာဝန်ရှိသူများကို အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံဆိပ်ကမ်းများသို့ သွားရောက်လေ့လာစေခဲ့ပြီး လေ့လာတွေ့ရှိချက်များအပေါ် ပြန်လည်သုံးသပ်၍ ရန်ကုန်ဆိပ်ကမ်းနှင့် မြစ်ကြောင်းအနေအထား၊ ရေလမ်းကြောင်းအနေအထားတို့ နီးစပ်တူညီမှုရှိသည့် ထိုင်းနိုင်ငံ ဗန်ကောက်ဆိပ်ကမ်း၏ ပင်လယ်ဝရှိ ကမ်းလွန်ရေကြောင်းပြစခန်း၏ပုံစံကို နမူနာယူပြီး အခြေခံဒီဇိုင်း(Conceptual Design)ကို ရေးဆွဲခဲ့ကြပါသည်။ ထို့နောက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ပြဋ္ဌာန်းထားသော လုပ်ထုံးလုပ်နည်းများနှင့်အညီ နိုင်ငံပိုင်သတင်းစာများ၌ ကြော်ငြာထည့်သွင်း၍ ပြည်တွင်း/ပြည်ပမှ ကမ်းဝေးပင်လယ်ပြင် တည်ဆောက်ရေးလုပ်ငန်းအတွေ့အကြုံရှိ လုပ်ငန်းရှင်များကို တင်ဒါခေါ်ယူခဲ့ရာ China Harbour Engineering Co., Ltd. (CHEC)က စီမံကိန်းတန်ဖိုး အမေရိကန်ဒေါ်လာ ၂၀ ဒသမ ၉ သန်းဖြင့် တင်ဒါအောင်မြင် တည်ဆောက်ခဲ့ပါသည်။

## ဖွင့်ပွဲအခမ်းအနားပြုလုပ်

ကမ်းလွန်ရေကြောင်းပြစခန်းကို မြောက်လတ္တီတွဒ် 16° 12.7" နှင့် အရှေ့လောင်ဂျီတွဒ် 96° 16.7" တွင် အလျား ၃၃ ဒသမ ၂ မီတာနှင့် အနံ ၃၀ ဒသမ ၄ မီတာအရွယ်အစားရှိ သံကူကွန်ကရစ် သုံးထပ်အဆောက်အအုံအဖြစ် တည်ဆောက်ထားခြင်းဖြစ်ပါသည်။ တည်ဆောက်ရေးလုပ်ငန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလတွင် တည်ဆောက်ရေးလုပ်ငန်းအားလုံးပြီးစီး၍ ဖွင့်ပွဲအခမ်းအနား (Grand Opening Ceremony)ကို ၃၀-၃-၂၀၁၉ ရက်နေ့တွင် ပြုလုပ်ခဲ့ပြီး မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က လွှဲပြောင်းလက်ခံရယူကာ Operation လုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ပါသည်။

စာမျက်နှာ ၇ သို့ ☆




ကမ်းလွန်ရေကြောင်းပြစခန်းကို တွေ့ရစဉ်။

☆ စာမျက်နှာ ၆ မှ

စီမံကိန်းလုပ်ငန်းတွင် တန်ချိန် GT ၁၅၀၀ အရွယ်အစားရှိ ရေယာဉ်များ ဆိုက်ကပ်နိုင်သည့် ဆိပ်ခံတံတား တစ်စင်း၊ မီတာ ၂၀ ရေကြောင်းပြ ကြို/ပို့ ဖိုက်ဘာရေယာဉ်(Pilot Boat)သုံးစင်း၊ မီးစက်၊ ရေချိုချက်လုပ်သည့်စနစ် (Desalination System)၊ ရေဆိုးသန့်စင်စက်၊ မီးငြိမ်းသတ်စနစ်၊ ရေကြောင်းပြလုပ်ငန်းထိန်းချုပ်ခန်း (Control Room)နှင့် ရေကြောင်းဆိုင်ရာ ဆက်သွယ်ရေးစက်ကိရိယာများဖြစ်ကြသည့် ရေဒါ(Radar)နှင့် အလိုအလျောက် ရေယာဉ်အမျိုးအစားနှင့် အချက်အလက်ဖော်ပြသည့် စနစ်(Automatic Identification System – AIS) တို့ ပါဝင်ပါသည်။

ထို့ပြင် ဘုရားခန်း၊ လူနေတစ်ယောက်/နှစ်ယောက်/သုံးယောက် အိပ်ခန်းများ၊ အားကစားခန်း၊ ရိက္ခာသိုလှောင်ခန်း၊ မီးဖိုခန်း၊ စားသောက်ခန်းနှင့် ရေချိုးခန်း၊ သန့်စင်ခန်း၊ အဝတ်လျှော်စက်၊ အခြောက်ခံစက်၊ စက်သုံးဆီသိုလှောင်ကန် စသည်တို့ပါဝင်ပြီး ဝန်ထမ်း ၃၆ ဦး သက်သောင့်သက်သာ အဆင်ပြေစွာနေထိုင်၍ တာဝန်ထမ်းဆောင်နိုင်သော အဆောက်အအုံတစ်ခု ဖြစ်ပါသည်။

**Pilot Boat သုံးစင်း ထပ်မံတည်ဆောက်**

Operation လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပွင့်လင်းရာသီ၌ ရေကြောင်းပြ ကြို/ပို့ ဖိုက်ဘာရေယာဉ်များဖြင့်ဆိုက်ကပ်၍ ရေကြောင်းပြမှူးကြီးများ အတက်/အဆင်းပြုလုပ်ရာတွင် အဆင်ပြေမှုရှိသော်လည်း မိုးရာသီမုတ်သုံကာလ၌ လှိုင်းလေပြင်းထန်ချိန်တွင် လှိုင်းလေဒဏ်မခံနိုင်သောကြောင့် အန္တရာယ်ရှိသဖြင့် ဖိုက်ဘာရေယာဉ်များကိုမြစ်ကြောင်းအတွင်း ရေကြောင်းပြကြို/ပို့ရန်သာ အသုံးပြုပြီး ပင်လယ်ပြင်တွင် အသုံးပြုနိုင်ရန်အတွက် သံထည်ဖြင့်ပြုလုပ်ထားသော မီတာ ၂၀ ရှိသည့် Pilot Boat သုံးစင်းကို ၂၀၂၁-၂၀၂၂ဘဏ္ဍာနှစ်နှင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တို့တွင် စုစုပေါင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၄၄ သန်း လျာထားပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ တင်ဒါခေါ်ယူ၍ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ သိမ်ဖြူသင်္ဘောကျင်းတွင် ပုဂ္ဂလိကနှင့်ပူးပေါင်းပြီး ထပ်မံတည်ဆောက်ဖြည့်တင်းပေးခဲ့ပါသည်။

ထို့ပြင် ရေကြောင်းပြစခန်း၏ လေကွယ်ရာဘက်တွင် Pilot Boat များ အန္တရာယ်ကင်းရှင်းစွာ ဆိုက်ကပ်၍ ရေကြောင်းပြမှူးကြီးများ လုံခြုံစိတ်ချစွာ အတက်/အဆင်း ပြုလုပ်နိုင်ရေးအတွက် ထပ်တိုးရေယာဉ်ဆိုက်ကပ်ရန် နေရာတစ်ခုကိုလည်း ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် CHEC နှင့် ညှိနှိုင်း၍ တည်ဆောက်ပေးခဲ့ပါသည်။ အဆိုပါ ရေကြောင်းပြစခန်းသည် ရန်ကုန်မြို့တွင်း ဆိပ်ကမ်းဧရိယာမှ ရေမိုင် ၃၆ မိုင် ကွာဝေးသဖြင့် ဒီရေ အတက်/အကျ အခြေအနေများအပေါ်မူတည်ပြီး ရေကြောင်းပြစခန်းသို့ရောက်ရှိရန် ခုတ်မောင်းချိန် လေးနာရီမှ ခြောက်နာရီခန့်အထိ ကြာမြင့်နိုင်ပါသည်။

စာရေးသူသည် ခရီးစဉ်တွင် ခေတ်မီ Pilot Boat ဖြင့် ရန်ကုန်မြစ်အတွင်းသို့ ဝင်ရောက်မည့် ကုန်သွယ်သင်္ဘောကြီးပေါ်သို့ ရေကြောင်းပြကြို/ပို့ခြင်းလုပ်ငန်းစဉ်ကို စောင့်ကြည့်မှတ်တမ်းတင်ခွင့် ရရှိခဲ့ပါသည်။ ရန်ကုန်ဆိပ်ကမ်းသို့ ဝင်ရောက်ရန်အတွက် သင်္ဘောကြီးများကို သတ်မှတ်အချိန်တွင် ကျောက်ချရေးယာ(Anchorage Area)မှ စတင်




ကမ်းလွန်ရေကြောင်းပြစခန်း မတည်ဆောက်မီနှင့် တည်ဆောက်ပြီးအခြေအနေများ။

ဝင်ရောက်လာရန် ခေါ်ယူခြင်း၊ Pilot Boat စေလွှတ်ခြင်းနှင့် ပြန်လည်ခေါ်ယူခြင်း၊ တာဝန်ကျရေကြောင်းပြမှူးကြီး၏ ဦးဆောင်မှုဖြင့် သင်္ဘောကြီး ရန်ကုန်မြစ်ရေလမ်းကြောင်းသို့ ဝင်ရောက်ခြင်းစသည့် လုပ်ငန်းစဉ်များကို ရေကြောင်းပြစခန်းရှိ Control Room တာဝန်ကျ ရေယာဉ်မှူးကြီးများနှင့် ဆက်သွယ်ရေးတာဝန်ခံတို့က ပေါင်းစပ်ညှိနှိုင်းဆက်သွယ်ခြင်း (Pilot Transfer Coordination)ကို Radar နှင့် AIS စနစ်များ၊ ဆက်သွယ်ရေးစက်များအသုံးပြု၍ စောင့်ကြည့်ဆက်သွယ် ဆောင်ရွက်ပေးကြရပါသည်။

ဤခေတ်မီ ကမ်းလွန်ရေကြောင်းပြစခန်းနှင့် Pilot Boat များအတွက် နိုင်ငံတော်က ရင်းနှီးတည်ဆောက်ဖြည့်တင်းပေးရသည်နှင့် ထိုက်တန်သည့် အကျိုးရလဒ်ကောင်းများဖြစ်သော နိုင်ငံတကာ ကုန်သွယ်သင်္ဘောကြီးများ ရန်ကုန်ဆိပ်ကမ်းသို့ ဝင်/ထွက် သွားလာရာတွင်လည်းကောင်း၊ ရေကြောင်းပြမှူးကြီးများနှင့် ဝန်ထမ်းများ တာဝန်ထမ်းဆောင်ရာတွင်လည်းကောင်း၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းအောင် စီမံဆောင်ရွက်ပေးနိုင်ခြင်းအပြင် တာဝန်ထမ်းဆောင်သူများ၏ ကိုယ်၊ စိတ်လုံခြုံမှုပိုမိုရရှိပြီး မိမိကိုယ်ကို ယုံကြည်မှု (Self-Confidence) ရှိစွာဖြင့် တာဝန်ထမ်းဆောင်နိုင်ခြင်း၊ အကျိုးဆက်အနေဖြင့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ ဆိပ်ကမ်းနှင့် ရေကြောင်းပြဝန်ဆောင်မှုလုပ်ငန်းများတွင် လုပ်ငန်းခွင်မတော်တဆမှုနှင့် ထိခိုက်မှုအနည်းဆုံး (Zero Accident) အဆင့်သို့ ရောက်ရှိထိန်းသိမ်းလာနိုင်ပြီး ဆိပ်ကမ်းသုံးစွဲသူ နိုင်ငံတကာသင်္ဘောလိုင်းများနှင့် ပို့ကုန်/သွင်းကုန်လုပ်ငန်းရှင်များ၏ ယုံကြည်မှု(Trust) ပိုမိုရရှိလာနိုင်ပြီဖြစ်သောကြောင့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်နှင့် ဆိပ်ကမ်းလုပ်ငန်းကဏ္ဍ၏ ပုံရိပ် (Image) သည်လည်း ပိုမိုကောင်းမွန်လာပြီဖြစ်ကြောင်း တွေ့ရှိခဲ့ရပါသည်။

ထို့ပြင် ရေကြောင်းပြမှူးကြီးများ၊ ဆိပ်ကမ်းနှင့် ရေကြောင်းဆိုင်ရာ၊ ဆက်သွယ်ရေးဝန်ထမ်းများအနေဖြင့် ကမ်းလွန်ရေကြောင်းပြစခန်းတွင် လှိုင်းလေဒဏ်ကို တိုက်ရိုက်မခံစားရတော့ဘဲ Facilities အပြည့်အစုံဖြင့် လုံခြုံစိတ်ချစွာ နေထိုင်နိုင်ပြီဖြစ်၍ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရာတွင် စိတ်ပိုင်း၊ ကိုယ်ပိုင်းဆိုင်ရာ ယုံကြည်မှုအပြည့်ဖြင့် တာဝန်ထမ်းဆောင်နေနိုင်ကြပြီဖြစ်ပါသည်။ ပင်လယ်ပြင်ရာသီဥတုဆိုးရွားချိန်များတွင် အခြားလုံခြုံသည့်နေရာသို့ ရွှေ့ပြောင်းရန်မလိုအပ်တော့ခြင်း၊ ပြုပြင်ထိန်းသိမ်းစရိတ် လျှော့ချနိုင်ခြင်း၊ ဘေးကင်းလုံခြုံစိတ်ချရခြင်း၊ ထင်ရှားသည့် ရေကြောင်းပြအမှတ်အသားအဖြစ် ပင်လယ်ဝ ကျောက်ချရေးယာအနီးတွင် တည်ရှိနေသောကြောင့် ဖြတ်သန်းသွားလာသည့် နိုင်ငံတကာ ကုန်သွယ်သင်္ဘောကြီးများနှင့် တပ်မတော် (ရေ)အပါအဝင် အရပ်ဘက် ကုန်တင်သင်္ဘောများအတွက် ရေကြောင်းပြအမှတ်အသားအဖြစ် အထောက်အကူပေးနိုင်ခြင်း၊ ယခင်က ရေကြောင်းပြလုပ်ငန်းကို ၂၄ နာရီအပြည့် မဆောင်ရွက်နိုင်ဘဲ ယခုအခါ ရန်ကုန်ဆိပ်ကမ်းများသို့ ဝင်/ထွက် ဆိုက်ကပ်သည့် နိုင်ငံတကာ ကုန်သွယ်ရေယာဉ်ကြီးများကို ရာသီမရွေး၊ ၂၄ နာရီ နေ့/ည အချိန်အခါမရွေး ဆိပ်ကမ်းနှင့် ရေကြောင်းဆိုင်ရာ ဝန်ဆောင်မှုများ ပေးလာနိုင်ပြီး နိုင်ငံ၏သွင်းကုန်/ပို့ကုန်များကို ပိုမိုကိုင်တွယ်လာနိုင်ခြင်းဖြင့် နိုင်ငံ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုစေနိုင်သည့်အပြင် နိုင်ငံတော်အတွက် နိုင်ငံခြားငွေများစွာကို ရှာဖွေပေးနိုင်လျက်ရှိပါသည်။

ဒုတိယဝန်ကြီးက ရေကြောင်းပြစခန်းတွင် တာဝန်ထမ်းဆောင်နေကြသည့် ရေကြောင်းပြမှူးကြီးများနှင့် ဝန်ထမ်းများကို တွေ့ဆုံအားပေးစကားပြောကြားရာတွင် နိုင်ငံတော်အနေဖြင့် မိမိဝန်ထမ်းများ၏ လုပ်အားတန်ဖိုးကို အလေးထားပြီး ဝန်ထမ်းများ ဘေးကင်းလုံခြုံစွာ တာဝန်ထမ်းဆောင်နိုင်ကြစေရန် ငွေလုံးငွေရင်း စိုက်ထုတ်ရင်းနှီးဆောင်ရွက်ပေးထားမှုကြောင့် မိမိဝန်ထမ်းများ ရေကြောင်းပြစခန်းကြီးတွင် ဘေးအန္တရာယ်ကင်းစွာဖြင့် နေထိုင်၍ တာဝန်ထမ်းဆောင်နေနိုင်ပြီဖြစ်သည့်အတွက် များစွာ ဝမ်းမြောက်ရပါကြောင်း၊ နှစ်စဉ်လိုအပ်သည့် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်ပေးထားမှုနှင့် နေထိုင်ရေးအပြင် စားသောက်ရေးအတွက်ပါ ပြည့်စုံအောင် ဆောင်ရွက်ပေးထားမှုတို့ကို တန်ဖိုးထားကာ ပေးအပ်သည့်တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ကြရန်၊ ဌာနနှင့် ဝန်ထမ်းများအတွက် အရေးပါလှသည့် Offshore Fixed Pilot Station ကြီးကို ရေရှည်ကောင်းမွန်စွာ အသုံးပြုနိုင်ရေး တန်ဖိုးထား ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန်၊ မျိုးဆက်သစ် လူ့စွမ်းအားအရင်းအမြစ်များကိုလည်း စဉ်ဆက်မပြတ် မွေးမြူလေ့ကျင့်ပေးရန်၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် အထူးဂရုပြု ဆောင်ရွက်သွားရန်၊ လုပ်ငန်းတာဝန်များကို စွမ်းအားပြည့်ထမ်းဆောင်နိုင်ရန်အတွက် ဝန်ထမ်းတစ်ဦးချင်း ကျန်းမာရေးကို အထူးသတိပြုဆောင်ရွက်ကြရန်၊ မီးဘေးအန္တရာယ်နှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးကို တာဝန်ရှိသူအဆင့်ဆင့်က အလေးထားကြပ်မတ်ဆောင်ရွက်ရန်နှင့် နိုင်ငံတော်အတွက် ဝင်ငွေတိုးတက်ရှာဖွေပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းအားပေးပြောကြားခဲ့ပါသည်။

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၌ လက်ရှိကာလတွင် တပ်မတော်(ရေ)မှ ပြောင်းရွှေ့လာသည့် ရေကြောင်းပြမှူးကြီး ၃၅ ဦး တာဝန်ထမ်းဆောင်လျက်ရှိပြီး ဌာနတွင်းမှ ကျွမ်းကျင်လက်မှတ်ရ ရေယာဉ်မှူးကြီးများ၊ ရေယာဉ်မှူးများနှင့် ရေယာဉ်အင်ဂျင်နီယာမှူးကြီးများ၊ ဆက်သွယ်ရေးအရာရှိများနှင့်အတူ ပူးတွဲ၍ ကမ်းလွန်ရေကြောင်းပြစခန်းတွင် တာဝန်ထမ်းဆောင်လျက်ရှိပါသည်။ ရန်ကုန်ဆိပ်ကမ်းအနေဖြင့် ပင်လယ်ရေကြောင်းကုန်သွယ်မှုလိုအပ်ချက်အရ နှစ်အလိုက် နိုင်ငံတကာ ကုန်သွယ်သင်္ဘောကြီးများ ပိုမိုများပြားစွာ ဝင်/ထွက်လျက်ရှိပြီး ကုန်ကိုင်တွယ်ရရှိမှုသည်လည်း တိုးတက်လျက်ရှိနေပါသည်။

ရန်ကုန်ဆိပ်ကမ်းအနေဖြင့် တစ်နှစ်လျှင် သင်္ဘောစင်းရေ ၁၄၀၀ ခန့်၊ ကုန်သေတ္တာ (ပေ ၂၀၊ Twenty-foot Equivalent Unit – TEU) တစ်သန်းခန့်နှင့် အထွေထွေကုန်စည် မက်ထရစ်တန် လေးသန်းခန့်၊ စက်သုံးဆီ မက်ထရစ်တန် လေးသန်းကျော်နှင့် စားသုံးဆီ မက်ထရစ်တန် ငါးသန်းခန့် ကိုင်တွယ်လျက်ရှိပါသည်။ ၂၀၂၄ ခုနှစ်တွင် ပြည်ပသို့ လယ်ယာထွက်ပို့ကုန် ဆန်တန်ချိန် ၂ ဒသမ ၇၈ သန်း၊ ပြောင်းတန်ချိန် ၂ ဒသမ ၇၃ သန်း၊ ပဲအမျိုးမျိုးတန်ချိန် နှစ်သန်းခန့်၊ နှမ်းတန်ချိန် ၆၇၂၀ အသီးသီး တင်ပို့နိုင်ခဲ့ပါသည်။

သို့ဖြစ်ရာ နိုင်ငံ့လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကမဏ္ဍိုင်တစ်ရပ်ဖြစ်သည့် ပင်လယ်ရေကြောင်းဖြင့်ကုန်သွယ်မှု လွယ်ကူအဆင်ပြေချောမွေ့ဖွံ့ဖြိုးတိုးတက်စေရန် အဓိကဆိပ်ကမ်းကြီးဖြစ်သော ရန်ကုန်ဆိပ်ကမ်း၏ ရန်ကုန်ဧရိယာတွင် ဆိပ်ကမ်းတံတား ၂၈ စင်း၊ သီလဝါဧရိယာတွင် ဆိပ်ကမ်းတံတား ၂၀ စုစုပေါင်း ဆိပ်ကမ်းတံတား ၄၈ စင်းဖြင့် ဝန်ဆောင်မှုပေးလျက်ရှိရာ ရန်ကုန်ဆိပ်ကမ်းသို့ ဝင်/ထွက်သွားလာကြသည့် နိုင်ငံတကာ ကုန်သွယ်သင်္ဘောကြီးများအတွက် ဘေးကင်းလုံခြုံစွာဖြင့် ဆိပ်ကမ်းနှင့် ရေကြောင်းပြဝန်ဆောင်မှုလုပ်ငန်းများကို ၂၄ နာရီ လှိုင်းလေကြားက ဝန်ဆောင်မှုပေးနေကြသော ရေကြောင်းပြမှူးကြီးများနှင့် သတ်မှတ်ကာလအလိုက် အလှည့်ကျတာဝန်ထမ်းဆောင်နေကြသည့် ဆိပ်ကမ်းဆိုင်ရာ၊ ရေကြောင်းဆိုင်ရာနှင့် ဆက်သွယ်ရေးဆိုင်ရာ ဝန်ထမ်းများ ကိုယ်၊ စိတ်လုံခြုံစွာဖြင့် ကျရာတာဝန်ကို ကျေပွန်စွာထမ်းဆောင်နိုင်ရန် အပြည့်အဝအထောက်အကူဖြစ်စေသည့် ရန်ကုန်မြစ်ဝရှိ ကမ်းလွန်ရေကြောင်းပြစခန်းကြီး (Offshore Fixed Pilot Station) နှင့် တာဝန်ထမ်းဆောင်နေကြသည့် ဝန်ထမ်းများအားလုံးကို ဤဆောင်းပါးဖြင့် မှတ်တမ်းတင်ဂုဏ်ပြုရေးသားတင်ပြလိုက်ရပါကြောင်း။ ။

> **“ယခင်က ရေကြောင်းပြလုပ်ငန်းကို ၂၄ နာရီအပြည့် မဆောင်ရွက်နိုင်ဘဲ ယခုအခါ ရန်ကုန်ဆိပ်ကမ်းများသို့ ဝင် / ထွက် ဆိုက်ကပ်သည့် နိုင်ငံတကာကုန်သွယ် ရေယာဉ်ကြီးများကို ရာသီမရွေး ၂၄ နာရီ နေ့ / ည အချိန်အခါမရွေး ဆိပ်ကမ်းနှင့် ရေကြောင်းဆိုင်ရာဝန်ဆောင်မှုများ ပေးလာနိုင်ပြီး နိုင်ငံ၏သွင်းကုန် / ပို့ကုန်များကို ပိုမိုကိုင်တွယ်လာနိုင်ခြင်းဖြင့် နိုင်ငံ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုစေနိုင်သည့်အပြင် နိုင်ငံတော်အတွက် နိုင်ငံခြားငွေများစွာကို ရှာဖွေပေးနိုင်လျက်ရှိ”**

# ပြည်ပနိုင်ငံသားများ သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး မြန်မာ-တရုတ်-ထိုင်းနိုင်ငံတို့မှ ကိုယ်စားလှယ်များ ဆွေးနွေးညှိနှိုင်း

နေပြည်တော် ဖေဖော်ဝါရီ ၁၇

ထိုင်းနိုင်ငံ အပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တစ်ဆင့် တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့-ရွှေကုက္ကိုလ်နှင့် KK Park နယ်မြေများတွင် တရားမဝင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသူများကို စစ်ဆေးဖော်ထုတ်လျက်ရှိရာ ဇန်နဝါရီ ၃၀ ရက်မှ ဖေဖော်ဝါရီ ၁၇ ရက်အထိ ပြည်ပနိုင်ငံသား ၁၃၀၃ ဦးတို့ကို ဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ပြီး အဆိုပါ ထိန်းသိမ်းထားသည့် ပြည်ပနိုင်ငံသားများအား ဥပဒေလုပ်ထုံးလုပ်နည်းများနှင့် အညီ သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးအပ်နိုင်ရေး တာဝန်ရှိသူများက ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံတွင် တရားမဝင် ဝင်ရောက်လာသည့် နိုင်ငံခြားသားများအား ဥပဒေနှင့်အညီ အမြန်ဆုံးအရေးယူ၍ ပြည်နှင်လွှဲပြောင်းမှုကြီးကြပ်ရေး ဗဟိုကော်မတီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကျော်ကျော်နှင့် တာဝန်ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လုံခြုံရေးဆိုင်ရာဝန်ကြီးဌာန လက်ထောက်ဝန်ကြီး H. E. Mr. Liu Zhong Yi နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ အမျိုးသားကာကွယ်ရေး ဝန်ကြီးဌာနမှ အထွေထွေအတွင်းရေးမှူး ဗိုလ်ချုပ်ကြီး Trisak Indararusmi နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် မြဝတီမြို့၌ တွေ့ဆုံဆွေးနွေးကြသည်။

### ကြည့်ရှုလေ့လာ

ဦးစွာ အဆိုပါ သုံးနိုင်ငံပူးပေါင်းအဖွဲ့သည် မြဝတီမြို့-ရွှေကုက္ကိုလ်နှင့် KK Park နယ်မြေများသို့ တရားမဝင် လမ်းကြောင်းများမှ တစ်ဆင့် ဝင်ရောက်နေကြသည့် ပြည်ပနိုင်ငံသားများကို စစ်ဆေးဖော်ထုတ်ပြီး ကောင်းမွန်စွာ ထိန်းသိမ်းထားမှု အခြေအနေများ၊ ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူနေမှုအခြေအနေများကို လိုက်လံကြည့်ရှုလေ့လာကြသည်။



ပြည်ပနိုင်ငံသားများ သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး မြန်မာ-တရုတ်-ထိုင်းနိုင်ငံတို့မှ ကိုယ်စားလှယ်များ ဆွေးနွေးညှိနှိုင်းစဉ်။

အဆိုပါသုံးနိုင်ငံမှကိုယ်စားလှယ်များသည် မြဝတီမြို့၌တွေ့ဆုံပြီး ထိန်းသိမ်းထားသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးလွှဲပြောင်းပေးအပ်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ကျင်းပခဲ့ကာ သုံးနိုင်ငံအကြား အွန်လိုင်းလိမ်လည်မှု (Telecom Fraud) တားဆီးနှိမ်နင်းရေးစနစ်အကောင်အထည်ဖော် ကြိုးပမ်းဆောင်ရွက်ရေး၊ မြဝတီဒေသရှိ အွန်လိုင်းလိမ်လည်မှု (Telecom Fraud) ဇုန်များ ကင်းစင်ပပျောက်သည်အထိ ရှင်းလင်းဆောင်ရွက်ရေးနှင့် အွန်လိုင်းလိမ်လည်မှု (Telecom Fraud) နှင့် ဆက်စပ်ပတ်သက်သူများကို သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးအပ်ရာတွင် အဆင်ပြေချောမွေ့စေရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။



နိုင်ငံတော် အစိုးရအနေဖြင့် တရားမဝင် အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများအား စုံစမ်းဖော်ထုတ်စစ်ဆေး၍ ထိရောက်စွာ အရေးယူဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံ၏ နယ်စပ်ဒေသများတွင်လည်း တရားမဝင်အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှုလုပ်ငန်းများအား တားဆီးကာကွယ်တိုက်ဖျက်နိုင်ရန်အတွက် အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ စုံစမ်းဖော်ထုတ်အရေးယူမှုများကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်





တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသားများကို မြန်မာ-တရုတ်-ထိုင်းနိုင်ငံတို့မှ ကိုယ်စားလှယ်များ လိုက်လံကြည့်ရှုစဉ်။



လွိုင်ကော်မြို့၌ ဖေဖော်ဝါရီ ၁၇ ရက်က မြို့နယ်မီးသတ်ဦးစီးမှူး ဦးညီထွေးဦး ဦးဆောင်သော တပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက မြို့ပေါ်ရှိစာသင်ကျောင်းများတွင် မီးဘေးလုံခြုံရေးစစ်ဆေးခြင်းများ ဆောင်ရွက်စဉ်။ မောင်ကောင်း

## ကျိုင်းတုံမြို့၌ အကြမ်းဖက်ဖြစ်စဉ်များကြောင့် ယာယီနေရပ်စွန့်ခွာပြည်သူများအား ထောက်ပံ့ငွေပေးအပ်ပွဲကျင်းပ

ကျိုင်းတုံ ဖေဖော်ဝါရီ ၁၇

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့၌ အကြမ်းဖက်ဖြစ်စဉ်များကြောင့် ယာယီနေရပ်စွန့်ခွာပြည်သူများအတွက် ထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနားကို ယနေ့တွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ကျိုင်းတုံခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနိုးဝေက အကြမ်းဖက်ဖြစ်စဉ်များကြောင့် ယာယီနေရပ်စွန့်ခွာပြည်သူများ အဆင်ပြေစေရေးအတွက် နိုင်ငံတော်မှ ထောက်ပံ့ငွေပေးအပ်ခြင်းဖြစ်ကြောင်း ပြောကြားပြီး ယာယီနေရပ်စွန့်ခွာပြည်သူတစ်ဦးလျှင် ထောက်ပံ့ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် စုစုပေါင်းပြည်သူ ၁၁၂ ဦးအား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

အောင်ဇင်မြင့်(ပြန်/ဆက်)

# မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၂၇၃ ဦး ထပ်မံစစ်ဆေး ဖော်ထုတ်ထိန်းသိမ်းခဲ့

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများတွင် ဖြစ်ပေါ်လျက်ရှိသည့် တရားမဝင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ အပါအဝင် ဒုစရိုက်မှုများကို ထိထိရောက်ရောက် နှိမ်နင်းဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မြဝတီမြို့-ရွှေကုက္ကိုလ်နှင့် KK Park နယ်မြေများသို့ တရားမဝင် လမ်းကြောင်းများမှတစ်ဆင့် ဝင်ရောက်နေကြသည့် ပြည်ပနိုင်ငံသား ၂၇၃ ဦးကို ထပ်မံစစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့သည်။

အဆိုပါ ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာ နိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး မြန်မာ-တရုတ်-ထိုင်းနိုင်ငံတို့မှ ကိုယ်စားလှယ်များ မြဝတီမြို့၌ သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးညှိနှိုင်းခဲ့ကြပြီး ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များက လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိကြောင်းနှင့် ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ဖေဖော်ဝါရီ ၁၇ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၃၀၃ ဦးကို စစ်ဆေးဖော်ထုတ်နိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေသည့် ပြည်ပနိုင်ငံသား ၂၇၃ ဦးအား ဖေဖော်ဝါရီ ၁၇ ရက်နေ့တွင် ထပ်မံစစ်ဆေးဖော်ထုတ်ရရှိသည့်မှတ်တမ်းဓာတ်ပုံ။





မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေသည့် ပြည်ပနိုင်ငံသား ၂၇၃ ဦးအား ဖေဖော်ဝါရီ ၁၇ ရက်နေ့တွင် ထပ်မံစစ်ဆေးဖော်ထုတ်ရရှိသည့်မှတ်တမ်းဓာတ်ပုံ။

## သုံးခွမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းပြုလုပ်ပေး

**ရန်ကုန် ဖေဖော်ဝါရီ ၁၇**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် ကုန်းခလာကျေးရွာ အလက(ခွဲ) ကျောင်းတွင်"ပန်းခင်း" စီမံချက် အဆင့်( ၃ )ဖြင့် ဖေဖော်ဝါရီ ၁၆ ရက် နံနက်ပိုင်းက နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းပြုလုပ်ပေးခဲ့ကြောင်း သိရသည်။



ထိုသို့ပြုလုပ်ပေးရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန သုံးခွမြို့နယ် ဦးစီးမှူး ဦးထွန်းဆွေက နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းပြုလုပ်ပေးခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်း ပြောကြားသည်။

ထို့နောက် ကုန်းခလာကျေးရွာ အုပ်စုအတွင်းရှိ ကျေးရွာများမှ အသက်(၁၀)နှစ်ပြည့်နှင့် (၁၈)နှစ်ပြည့်ပြီး နိုင်ငံသားအရည်အချင်းပြည့်မီသူ ပြည်သူများအား ကာယကံရှင်များ တင်ပြသော လိုအပ်သည့် သက်သေခံအချက်အလက် အထောက်အထားများကို စိစစ်ပြီး ဝန်ထမ်းများက နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**

## ရန်ကင်းမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာရုံးများ မီးဘေးလုံခြုံရေးစစ်ဆေး

**ရန်ကင်း ဖေဖော်ဝါရီ ၁၇**

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာရုံးများသို့ မီးဘေးလုံခြုံရေးစစ်ဆေးခြင်းများကို ယနေ့နံနက်ပိုင်းက မြို့နယ် မီးသတ်ဦးစီးမှူး ဦးထိန်လင်းဦးဆောင်၍ စစ်ဆေးဆောင်ရွက်သည်။

အဆိုပါ မီးဘေးလုံခြုံရေး စစ်ဆေး ဆောင်ရွက်ရာတွင် ရန်ကင်းမြို့နယ် အမှတ်(၂) ရပ်ကွက် ရန်ကင်းလမ်းရှိ မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနရုံး၌ မြို့နယ် မီးသတ်ဦးစီးမှူး ဦးထိန်လင်းဦးဆောင်သည့်အဖွဲ့က မီးဘေးလုံခြုံရေးစစ်ဆေးရာ မြို့နယ် လဝကဦးစီးမှူး ဦးဇော်ဝင်းအောင်က မီးဘေးလုံခြုံရေး ဆောင်ရွက်ထားရှိမှုများ လိုက်လံရှင်းလင်းပြသပြီး မြို့နယ်မီးသတ်ဦးစီးမှူးက ထပ်မံဖြည့်ဆည်းဆောင်ရွက်ရမည့် မီးဘေးလုံခြုံရေးလုပ်ငန်းများကို အကြံပြုခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



**✻ လေးနိုင်ငံမှ**

ပထမပိုင်းတွင် မြန်မာအသင်းက ခြေပိုသာသော်လည်း နှစ်သင်းစလုံး အခွင့်အရေးကိုယ်စီရခဲ့ပြီး အသုံးမချနိုင်ခဲ့သဖြင့် ဂိုးမရှိသရေကျနေခြင်းဖြစ်သည်။ ၅၇ မိနစ်တွင် ဝင်းသိဂီထွန်းက မြန်မာအသင်းအတွက် ဂိုးစတင်သွင်းယူခဲ့သော်လည်း သုံးမိနစ်အကြာမှာပင် အစ္စကန်ဒါက လက်ဘနွန်အသင်းအတွက် ချေပဂိုးပြန်လည်သွင်းယူခဲ့သည်။ ယင်းနောက်ပိုင်းတွင် မြန်မာအသင်းက အနိုင်ဂိုးရရန် အားထည့်လာပြီး ၇၂ မိနစ်တွင် ရွှေရည်ထွန်း၊ ၇၅ မိနစ်တွင် စန်းသော်သော်တို့က အနိုင်ဂိုးများ သွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို မြန်မာအသင်းမှ ဖြူဖြူဝင်းက ရရှိခဲ့သည်။

ယင်းပြိုင်ပွဲတွင် အိမ်ရှင်နီပေါအသင်းအပါအဝင် မြန်မာ၊ လက်ဘနွန်၊ ကာဂျစ္စတန် လေးသင်းပတ်လည်စနစ်ဖြင့် ယှဉ်ပြိုင်နေပြီး မြန်မာအသင်းသည် ဒုတိယပွဲအဖြစ် ဖေဖော်ဝါရီ ၂၀ ရက်တွင် ကာဂျစ္စတန်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ **သတင်း-ကိုညီလေး၊ ဓာတ်ပုံ-ANFA**

## ကျွန်းလှမြို့နယ် စသာကုန်းကျေးရွာ၌ ရေသန့်စက်တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီး

**ကျွန်းလှ ဖေဖော်ဝါရီ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် စသာကုန်းကျေးရွာတွင် ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သော ရေသန့်စက်တပ်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**သုံးစွဲနိုင်ပြီဖြစ်**

အဆိုပါ ရေသန့်စက်တပ်ဆင်ခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း ရန်ပုံငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၂ဒသမ ၅၅ သန်း စုစုပေါင်း ၁၇ ဒသမ ၅၅ သန်းဖြင့် ဆောင်ရွက်ခဲ့ကြောင်း၊ ယခုအခါ လုပ်ငန်းများပြီးစီးသည့်အတွက် အိမ်ခြေ ၁၀၉ အိမ်၊ လူဦးရေ ၅၉၇ ဦးတို့သည် သန့်ရှင်းသောသောက်သုံးရေကို သုံးစွဲနိုင်ပြီဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**



# ဓမ္မနှင့်အဓမ္မ ခွဲခြားသိမြင်နိုင်ပါမှ

စာဖတ်ပရိသတ်တစ်ဦး

**ကမ္ဘာ့နိုင်ငံ့ခေါင်းဆောင်များ၊ အထူးသဖြင့် အမေရိကန်နိုင်ငံရေးလောကမှ ခေါင်းဆောင်များနှင့် နိုင်ငံရေးသမားအများစုသည် ရွေးကောက်ပွဲအကြိုကာလများနှင့် အခမ်းအနားမိန့်ခွန်းများတွင် ရှေးရှေးက သမ္မတများ၊ ကမ္ဘာ့ခေါင်းဆောင်များ၏ ကမ္ဘာကျော် မိန့်ခွန်းကောက်နုတ်ချက်များကို ကိုးကား၍တစ်နည်း၊ လိုရင်းတိုရှင်း ထိမိသော၊ အားပါသောကြွေးကြော်သံများ၊ ဆောင်ပုဒ်များဖြင့်တစ်ဖုံ မဲဆန္ဒရှင်များ၊ ပြည်သူများ ရင်ထဲ အသည်းထဲ စွဲထင်ကျန်ရစ်အောင် ပြောဆိုလေ့ရှိကြသည်–**

လက်ရှိအမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ **"Make America Great Again"၊ "America Frist"** ဟူသောဆောင်ပုဒ်များ၊ ကြွေးကြော်သံများနှင့် လက်ရှိပေါ်လစီသဘောထားများဆိုမှု ကမ္ဘာတစ်ခွင် ပွဲတင်ထပ်မျှ ရိုက်ခတ်လျက်ရှိပေသည်။ တစ်ချိန်က အမေရိကန်နိုင်ငံ၏ ၄၀ မြောက် ရီပတ်ဘလစ်ကင် သမ္မတဖြစ်သူ ရော်နယ်ရီဂင်၏ **"Together --- A New Beginning"** (အတူတကွအသစ်တစ်ဖန် စတင်ကြပါစို့)ဟူသည့် ကြွေးကြော်သံနှင့် အမေရိကန်နိုင်ငံ၏ ၄၇ ဦးမြောက် ဒီမိုကရက်တစ်သမ္မတဖြစ်သူ ဘာရက်အိုဘားမား၏ **"Change"** (အပြောင်းအလဲ) ဟူသည့် ကြွေးကြော်သံများကလည်း သူ့ခေတ် သူ့အခါက အလွန်ရေပန်းစားခဲ့သည်။

ထို့အတူ ရီဂင်က သမ္မတရာထူးလက်ခံသည့် အခမ်းအနားတွင် ဗြိတိသျှနန်းရင်းဝန် ဝင်စတန်ချာချီ၏ တစ်ခေတ်တစ်ခါက ထင်ရှားကျော်ကြားခဲ့သော **"မိမိ၏လူမျိုး၊ လူ့အဖွဲ့အစည်းကြီး ပြိုကွဲပျက်စီးမည့်အရေးကို ဦးစားပေးဆောင်ရွက်ရန် မိမိ ဤရာထူးကို လက်ခံရခြင်းမဟုတ်ပါကြောင်း"** ဟူသည့်စကားများကို ထုတ်နုတ်ကိုးကား၍ **"ကျွန်ုပ်တို့ ရင်ဆိုင်တွေ့ဆုံနေရတဲ့ပြဿနာအရေးကိစ္စတွေကို ကျွန်ုပ်တို့ဖြေရှင်းနိုင်ပါ့မလားလို့ မေးရရင် အဖြေကတော့ ရှင်းလင်းပြတ်သားတိကျသေချာတဲ့ 'ဟုတ်ကဲ့ ဖြေရှင်းနိုင်ပါတယ်ဆိုတာပါပဲ'၊ ဝင်စတန်ချာချီရဲ့စကားနဲ့ဆင်တူယိုးမှားသုံးနှုန်းပြောကြားရပါက ခုနလေးတင်က ကျွန်ုပ်တို့ကျိန်ဆိုခဲ့တဲ့ ကျမ်းသစ္စာဟာ ကမ္ဘာပေါ်မှာ အတောင့်တင်း အခိုင်မာဆုံးသော စီးပွားရေးစနစ်ကြီးကို ပြိုကွဲပျက်သုဉ်းစေရန် ဦးတည်ရည်သန် အကောင်အထည်ဖော်လုပ်ဆောင်ရန် ကျိန်ဆိုခဲ့ခြင်းမဟုတ်ပါဘူး"** စသည်ဖြင့်ပြောကြားခဲ့ဖူးသည်။

စကားပြောကောင်းသော နိုင်ငံရေးသမားတစ်ဦးအဖြစ် သတ်မှတ်ထားသည့် သမ္မတ ဘာရက်အိုဘားမားကလည်း သမ္မတရာထူးလက်ခံသည့် အခမ်းအနားတွင် **"ဟောဒီနေ့မှာ ကျွန်တော်တို့ စုရုံးကြတဲ့ အကြောင်းရင်းကတော့ အကြောက်တရားအစား မျှော်လင့်ခြင်းကို ရွေးလိုက်ကြလို့ပါပဲ။ ပဋိပက္ခနဲ့ အစည်းပြေခြင်းအစား သန္နိဋ္ဌာန်နဲ့ စည်းလုံးခြင်းကို ရွေးချယ်လိုက်ကြတာကြောင့်ပါ။ ဟောဒီနေ့မှာရောက်လာကြတာဟာ နာကြည်းချက်လေးတွေနဲ့ ကတိအတုအယောင်တွေကို အဆုံးသတ်ရေး ကြွေးကြော်ဖို့ဖြစ်ပါတယ်။ အပြန်အလှန်စွပ်စွဲခြင်းနဲ့ ပွန်းပါးနေပြီဖြစ်တဲ့ တရားသေဝါဒတွေကို စွန့်ပယ်ဖို့ဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ ပျိုမျစ်တဲ့နိုင်ငံဖြစ်နေဆဲပါ။ ဒါပေမဲ့ သမ္မာကျမ်းအရပြောရမယ်ဆိုရင် ကလေးဆန်တဲ့ကိစ္စတွေ ဘေးဖယ်ထားဖို့ အချိန်ရောက်နေပါပြီ။ ကျွန်တော်တို့ရဲ့သမိုင်းကြောင်း ပိုကောင်းအောင်ရွေးချယ်ဖို့ လူတိုင်း သာတူညီမျှရှိခွင့်၊ လူတိုင်းလွတ်လပ်ခွင့်နဲ့ ပြည့်ဝတဲ့ပျော်ရွှင်မှုကို လူတိုင်းရှာဖွေခွင့်ဆိုတဲ့ ဘုရားသခင်ရဲ့ ကတိတော်ဖြစ်တဲ့ ကျွန်တော်တို့ရထားတဲ့ အဲဒီအဖိုးတန်လက်ဆောင်နဲ့ မွန်မြတ်တဲ့စိတ်ကူးကို မျိုးဆက်အဆင့်ဆင့် လက်ဆင့်ကမ်းပေးဖို့ အချိန်ရောက်ပါပြီ"** စသည်ဖြင့်ပြောကြားခဲ့သည်။

ထို့အတူ အိုဘားမား၏ **"သမုဒ္ဒရာတွေမြင့်တက်လာပြီး ဝေ်မွတ်ခေါင်းပါးမှု ကျယ်ပြန့်စွာကြုံတွေ့နေရပြီးတော့ ကြောက်စရာမုန်တိုင်းများက ဖျက်ဆီးနေတဲ့ကမ္ဘာမျိုး ကျွန်တော်တို့ရဲ့ကလေးတွေအတွက် ချန်မထားခဲ့ဖို့ ကျွန်တော်တို့သန္နိဋ္ဌာန်ချကြရမှာဖြစ်ပါတယ်"**ဟူသည့် **"စည်းလုံးသောကမ္ဘာ"** မိန့်ခွန်းနှင့် **"မျက်ရည်ပေါက်များစွာ ကျခဲ့ပြီးသလို သွေးပေါက်များစွာလည်း သွန်းခဲ့ပါပြီ။ အစ္စရေးနဲ့ ပါလက်စတိုင်းမိခင်တွေ သူတို့ရဲ့သားသမီးတွေ အကြောက်တရားကင်းကင်း ကြီးပြင်းလာစေမယ့် ရက်ကို ရောက်အောင်လုပ်ဖို့ ကျွန်တော်တို့အားလုံးမှာတာဝန်ရှိပါတယ်"** ဟူသည့် ကိုင်ရိုမိန့်ခွန်းတို့မှာလည်း ကမ္ဘာကျော်ခဲ့သည်။

အပြောနှင့်အလုပ် ညီ မညီ၊ ထပ်တူကျ မကျကိုမူ နိုင်ငံရေးလေ့လာသူများ၊ နိုင်ငံရေးကို စိတ်ပါဝင်စားသူများအနေဖြင့် ရီဂင်ခေတ်နှင့် အိုဘားမားခေတ်ကို လေ့လာချိန်ထိုး၊ ဆန်းစစ်ဝေဖန်သုံးသပ်ကြည့်လျှင် သိနိုင်ပေမည်။

အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကမူ "လွတ်လပ်သည့်အချုပ်အခြာအာဏာပိုင် မြန်မာနိုင်ငံတော်အတွက် ရေးဆွဲမည့် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနှင့်ပတ်သက်သည့် လမ်းညွှန်ပြဋ္ဌာန်းချက်အဆို"ကို တိုင်းပြုပြည်ပြုလွှတ်တော်၌ တင်သွင်းစဉ်က **"ရာဇဝင်တွင် ထင်ရှားခဲ့သော မြန်မာနိုင်ငံတော်သည် ကမ္ဘာတွင် မိမိ၏ ဂုဏ်ကျက်သရေနှင့်လျော်ညီစွာ ရသင့်ရထိုက်**

> **"ဟောဒီနေ့မှာ ကျွန်တော်တို့ စုရုံးကြတဲ့ အကြောင်းရင်းကတော့ အကြောက်တရားအစား မျှော်လင့်ခြင်းကို ရွေးလိုက်ကြလို့ပါပဲ။ ပဋိပက္ခနဲ့ အစည်းပြေခြင်းအစား သန္နိဋ္ဌာန်နဲ့ စည်းလုံးခြင်းကို ရွေးချယ်လိုက်ကြတာ ကြောင့်ပါ။ ဟောဒီနေ့မှာ ရောက်လာကြတာဟာ နာကြည်းချက်လေးတွေနဲ့ ကတိအတုအယောင်တွေကို အဆုံးသတ်ရေး ကြွေးကြော်ဖို့ဖြစ်ပါတယ်။ အပြန်အလှန်စွပ်စွဲခြင်းနဲ့ ပွန်းပါးနေပြီဖြစ်တဲ့ တရားသေဝါဒတွေကို စွန့်ပယ်ဖို့ဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ ပျိုမျစ်တဲ့နိုင်ငံဖြစ်နေဆဲပါ။ ဒါပေမဲ့ သမ္မာကျမ်းအရ ပြောရမယ်ဆိုရင် ကလေးဆန်တဲ့ကိစ္စတွေ ဘေးဖယ်ထားဖို့ အချိန်ရောက်နေပါပြီ။ ကျွန်တော်တို့ရဲ့သမိုင်းကြောင်း ပိုကောင်းအောင် ရွေးချယ်ဖို့ လူတိုင်း သာတူညီမျှရှိခွင့်၊ လူတိုင်းလွတ်လပ်ခွင့်နဲ့ ပြည့်ဝတဲ့ ပျော်ရွှင်မှုကို လူတိုင်းရှာဖွေခွင့်ဆိုတဲ့ ဘုရားသခင်ရဲ့ ကတိတော်ဖြစ်တဲ့ ကျွန်တော်တို့ရထားတဲ့ အဲဒီအဖိုးတန်လက်ဆောင်နဲ့ မွန်မြတ်တဲ့စိတ်ကူးကို မျိုးဆက်အဆင့်ဆင့် လက်ဆင့်ကမ်းပေးဖို့ အချိန်ရောက်ပါပြီ"**

**သောအဆင့်အတန်းသို့ ရောက်ရှိစေရမည့်အပြင် လူသတ္တဝါတို့၏ တိုးတက်ရေးနှင့် ကောင်းကျိုးချမ်းသာရေးကိုသာ တာဝန်အလျောက် စေတနာအစွမ်းကုန် ဖြည့်စွမ်းထမ်းရွက်ကာ ပြည်ထောင်စုအချင်းချင်းဆိုင်ရာ တရားဓမ္မနှင့် ကျင့်ဝတ်သိက္ခာတို့ကို အခြေပြု၍ ကမ္ဘာ့ငြိမ်းချမ်းရေး ရေးရှုလျက် နိုင်ငံတကာနှင့် မိတ်ဝတ်မပျက် တွဲဖက်ပူးပေါင်းဆောင်ရွက်မှုကို ခိုင်မြဲသောအဓိဋ္ဌာန်ဖြင့် စောင့်ထိန်းတော့အံ့"** ဟူသည့်အချက်နှင့် ပတ်သက်၍ **"ဒါကတော့ ဥဒါန်းကျူးရင့်တဲ့ သဘောမျိုးပါပဲ။ ငါတို့ နိုင်ငံတော်ကြီးဟာ ကမ္ဘာရဲ့အလယ်မှာ လူသတ္တဝါတို့၏ ကောင်းကျိုးချမ်းသာကိုလုပ်မည်၊ ကမ္ဘာ့ငြိမ်းချမ်းရေးကို တည်ထောင်ပြီး အမြဲတမ်းစောင့်ထိန်းမည်ဆိုတဲ့ဟာပါပဲ။ ဒါကတော့ နိုင်ငံတကာတိုင်း ကြီးကြီးကျယ်ကျယ်ပြောတဲ့စကားတွေပဲ၊ တကယ်လုပ်သလားဆိုတော့ သိပ်မလုပ်ကြပါဘူး။ ဒါကတော့ ကျွန်တော်တို့လူများကြည့်ကောင်းအောင်၊ ကမ္ဘာကကြည့်ကောင်းအောင်လုပ်ရမယ်။ ဖတ်လိုက်ရလို့ရှိရင် ပါးစပ်ထဲမှာ ပြည့်သွားအောင် လုပ်ထားတာပဲ။ တောကလူတွေ ဖတ်လိုက်ရရင်တော့ ဘာမျှနားလည်မှာမဟုတ်ဘူး"**ဟူ၍ ပွင့်ပွင့်လင်းလင်း ဆွေးနွေးပြောဆိုသွားခဲ့သည်။

ယနေ့မျက်မှောက်ခေတ် မြန်မာ့နိုင်ငံရေးလောကတွင်လည်း လက်နက်ကိုင်အဖွဲ့အစည်းအချို့မှ ခေါင်းဆောင်ဆိုသူများက ဖက်ဒရယ်ဒီမိုကရေစီရေး၊ လူ့အခွင့်အရေး၊ တန်းတူညီမျှရေး၊ စစ်အာဏာရှင်စနစ်ချုပ်ငြိမ်းရေး၊ ဘာသာရေးညာအရေးစသည်ဖြင့် ခေါင်းစဉ်အမျိုးမျိုးတပ်၍ ပြောကြဆိုကြ၊ ကြေညာချက်ထုတ်ပြန်လျက်ရှိကြသည်။ အပေါ်စာပုဒ်တွင် ငြိမ်းချမ်းရေးစကားကိုဖော်ပြ၍ နိဂုံးပိုင်းတွင်စစ်အာဏာရှင်စနစ် ချုပ်ငြိမ်းရေးဟု အမြီးအမောက်မတည့် ဆိုကြသည်။

သမ္မတရီဂင်က တစ်ချိန်က ဆိုဗီယက်ပြည်ထောင်စုကို မကောင်းဆိုးဝါးအင်ပါယာကြီး (The Evil Empire)ဟူ၍လည်းကောင်း၊ သမ္မတဘုရှ်က မြောက်ကိုရီးယား၊ အီရတ်နှင့် အီရန်နိုင်ငံတို့ကို မကောင်းဆိုးဝါးဝင်ရိုးတန်းသုံးနိုင်ငံ(Axis of Evil)ဟူ၍လည်းကောင်း ပုံဖော်နာမည်ပေးခဲ့သလို နိုင်ငံရေးသမားအမည်ခံ ပြည်ဖျက်များ၊ လှုပ်ရှားတက်ကြွသူများက လက်ရှိ မြန်မာ့နိုင်ငံရေး အခြေအနေကို ဓမ္မနှင့် အဓမ္မအဖြစ် ပုံဖော်လာကြသည်။

လောကီရေးဆိုင်ရာကိစ္စရပ်များတွင် ဓမ္မနှင့် အဓမ္မကို တရားခြင်း၊ မတရားခြင်းဖြင့် ချိန်ထိုးဆုံးဖြတ်၍ သူ့ဘက် ကိုယ့်ဘက်၊ သူမှန်သည် ကိုယ်မှန်သည်ဟု လွန်ဆွဲရင်း ဓမ္မဝါဒီ၊ အဓမ္မဝါဒီ၊ ဓမ္မဘက်တော်သား၊ အဓမ္မဘက်တော်သားအဖြစ် ပုံဖော်သုံးနှုန်းပြောဆိုလေ့ရှိသော်လည်း လောကုတ္တရာနယ်ပယ်တွင် မြတ်စွာဘုရားရှင်က ဓမ္မနှင့်အဓမ္မကို သုစရိုက် ဆယ်ပါး၊ ဒုစရိုက်ဆယ်ပါးနှင့် ခွဲခြမ်းစိတ်ဖြာ၍ ဟောဖော်ညွှန်ပြ ဆိုဆုံးမခဲ့သည်။

သုစရိုက်ဆယ်ပါးမှာ (၁)သူ့အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ (၂)သူ့ဥစ္စာကို ခိုးယူခြင်းမှရှောင်ကြဉ်ခြင်း၊ (၃)သူ့သားမယားကိုလွန်ကျူးခြင်းမှရှောင်ကြဉ်ခြင်း၊ (၄) မဟုတ်မမှန်ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၊ (၅)ကုန်းတိုက်စကားပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၊ (၆)ကြမ်းတမ်းသောစကားကိုပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၊ (၇) ပြိန်ဖျင်းသောစကားကိုပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၊ (၈)သူ့စည်းစိမ်ကို ရှေးရှုမကြံခြင်း၊ (၉)သူတစ်ပါးကို ပျက်စီးစေလိုသောစိတ်မရှိခြင်း၊(၁၀)မှန်ကန်သောအယူကိုယူခြင်းတို့ဖြစ်သည်။

ဒုစရိုက်ဆယ်ပါးမှာ (၁) သူ့အသက်ကိုသတ်ခြင်း၊ (၂)သူ့ဥစ္စာကို ခိုးယူခြင်း၊ (၃)သူ့အိမ်ရာကိုပစ်မှားခြင်း၊ (၄)မဟုတ်မမှန် ပြောဆိုခြင်း၊ (၅)ကုန်းချောခြင်း၊ (၆)ကြမ်းတမ်းသောစကား ပြောဆိုခြင်း၊ (၇)အကျိုးမရှိသောစကားကိုဆိုခြင်း၊ (၈)သူတစ်ပါးစည်းစိမ်ကို ရှေးရှုကြံခြင်း၊ (၉)သူတစ်ပါး ပျက်စီးအောင်ကြံစည်တောင့်တခြင်း၊ (၁၀)မှားသောအယူကို ယူခြင်းတို့ဖြစ်သည်။ အချုပ်အားဖြင့် သုစရိုက်ဆယ်ပါးနှင့် ဒုစရိုက်ဆယ်ပါးတို့တွင် ကာယကံသုံးပါး၊ ဝစီကံလေးပါးနှင့် မနောကံသုံးပါးတို့ဖြစ်သည်။

ထိုဓမ္မနှင့် အဓမ္မတို့သည် သဘာဝဥပဒေသတို့ဖြစ်သည်။ မြတ်စွာဘုရားရှင်က သတ်မှတ်ခဲ့ခြင်းမဟုတ်။ ရှာဖွေတွေ့ရှိဖော်ထုတ်ခဲ့ခြင်းသာဖြစ်သည်။ ဗုဒ္ဓဘာသာဝင်များမှ မဟုတ်၊ ကမ္ဘာ့လူသားတိုင်းနှင့်သက်ဆိုင်သည့် သဘာဝဥပဒေသများသာဖြစ်သည်။ ဓမ္မကို လိုက်နာကျင့်သုံးသူကို ဓမ္မစာရီ၊ ဓမ္မကိုပစ်ပယ်၍ အဓမ္မတရားကျူးလွန်သူကို အဓမ္မစာရီအဖြစ် သုံးနှုန်းဖော်ပြထားသည်။

ထို့အတူ ဓမ္မော ဟဝေ ရက္ခတိ ဓမ္မစာရိံ။ ဓမ္မော–တရားသည်၊ ဓမ္မစာရိံ – တရားကို ကျင့်သောသူကို၊ ဟဝေ – စင်စစ်၊ ရက္ခတိ – စောင့်၏ဟူသည့်အတိုင်း **တရားစောင့်သူကို တရားကပြန်စောင့်သည်**ဟု ဗုဒ္ဓစာပေကျမ်းဂန်များတွင် ဖော်ပြထားသည်။ ပါမောက္ခချုပ် ဆရာတော်ကြီး ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသကလည်း သုစရိုက်ဆယ်ပါး၊ ဒုစရိုက် ဆယ်ပါးနှင့်စပ်လျဉ်း၍ **"ဓမ္မသည် ဓမ္မကို ကျင့်သုံးတဲ့ပုဂ္ဂိုလ်ကို လုံးဝစောင့်ရှောက်ပေးသည်"** ခေါင်းစဉ်ဖြင့် ဟောကြားတော်မူခဲ့ပါသည်။

ငါးရာ့ငါးဆယ်နိပါတ်တော်တွင်လည်း ဓမ္မနတ်သားနှင့် အဓမ္မနတ်သားတို့အကြောင်းကို ဖော်ပြရာတွင် ဘုရားလောင်းဓမ္မနတ်သားသည် ကောင်းကင်မှ နတ်ရထားဖြင့် လူအများ တရားစောင့်ရန်၊ ဒုစရိုက်ဆယ်ပါး အဓမ္မတရားများကို ရှောင်ကြဉ်ကြရန် နှိုးဆော်တိုက်တွန်းပေးလေ့ရှိသကဲ့သို့ ဒေဝဒတ်လောင်း အဓမ္မနတ်သားကလည်း ဓမ္မကို အဓမ္မ၊ အဓမ္မကိုဓမ္မအဖြစ် မဟုတ်မမှန် လီဆယ်၍ လူအများကို အဓမ္မတရားများ ကျူးလွန်မိစေရန် မြှောက်ပင့်တိုက်တွန်းလေ့ရှိသည်။

အခါတစ်ပါးတွင် ထိုဓမ္မနှင့် အဓမ္မနတ်သားတို့ ရထားချင်းဆုံ၍ သူဖယ်၊ ကိုယ်ဖယ် အငြင်းပွားရာမှ ဓမ္မနတ်သားက သည်းခံအလျှော့ပေး လမ်းဖယ်ပေးခဲ့ရာ အဓမ္မနတ်သားမှာ နတ်ရထားနှင့်အတူ ကောင်းကင်မှပြုတ်ကျပြီး ငရဲသို့လားခဲ့ကြောင်း မှတ်သားခဲ့ဖူးပါသည်။

သို့ဆိုလျှင် နိုင်ငံရေးကိုလေ့လာသူများ၊ စိတ်ပါဝင်စားကြသူများအနေဖြင့် နိုင်ငံရေးလောကမှ နိုင်ငံရေးသမားအချို့၏ မစားရဝခမန်းပြောဆိုနေမှုများ၊ ကိုယ်ကျိုးစီးပွားအပေါ် အခြေခံ၍ မလိုလျှင် မလိုသလို ပုံဖော်ဖန်တီးပြောဆိုမှုများအပေါ် အပြောနှင့်အလုပ် ညီ၊ မညီ လေ့လာချိန်ထိုး ဝေဖန်စိစစ်ကြည့်နိုင်ရန်နှင့် မိမိကိုယ်တိုင်လည်း ဓမ္မဝါဒီလား၊ အဓမ္မဝါဒီလား၊ ဓမ္မကိုကျင့်သုံးသူ ဓမ္မစာရီလား၊ ဓမ္မကိုပစ်ပယ်ပြီး အဓမ္မကို ကျူးလွန်သူ အဓမ္မစာရီလားဟူသည်ကို သုံးသပ်အကဲဖြတ်ကြည့်နိုင်ရန် ရေးသားတင်ပြလိုက်ရပါသည်။ ။

# ၂၀၂၄ ခုနှစ် အဘိဓမ္မာ၊ ဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲ အောင်စာရင်း ထုတ်ပြန်ကြေညာ

၁။ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနက ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလတွင် ကျင်းပခဲ့သည့် အဘိဓမ္မာ၊ ဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲ အောင်စာရင်းကို ထုတ်ပြန်ကြေညာသည်။

(က) အဘိဓမ္မာစာမေးပွဲတွင် စာဖြေဌာနပေါင်း ၁၁၂ ဌာနတို့၌ ဖြေဆိုသူ ၁၄၀၅၄ ဦး၊ အောင်မြင်သူ ၁၁၆၁၅ ဦး၊ နှစ်ချင်းပေါက် သုံးဆင့်လုံးအောင်မြင်သူ ၁၉၃၄ ဦးရှိ၍ ပြည်တွင်း၊ ပြည်ပ စာဖြေဌာနများအနက် အမှတ်အများဆုံး ပထမ၊ ဒုတိယ၊ တတိယ(ထူးချွန်ဆု)ရရှိသူများမှာ-

(၁) ပထမ
ခုံအမှတ်-လျှင်/၃၈၊ ဒေါက်တာယဉ်မင်းထက်၊ သန်လျင်စာဖြေဌာန၊ ရန်ကုန်တိုင်းဒေသကြီး၊

(၂) ဒုတိယ
ခုံအမှတ်-တဥ/၁၁၊ ဒေါက်တာ အိအိကျော်၊ တောင်ဥက္ကလာပစာဖြေဌာန၊ ရန်ကုန်တိုင်းဒေသကြီး၊

(၃) တတိယ
ခုံအမှတ်-သရ/၄၊ ဒေါ်မေသော်တာ၊ သရက်စာဖြေဌာန၊ မကွေးတိုင်းဒေသကြီး။

(ခ) အဘိဓမ္မာဂုဏ်ထူးဆောင်စာမေးပွဲတွင် စာဖြေဌာနပေါင်း ၇၉ ဌာနတို့၌ ဖြေဆိုသူ ၂၂၂၅ ဦး၊ အောင်မြင်သူ ၁၅၂၇ ဦး၊ နှစ်ချင်းပေါက် သုံးဆင့်လုံးအောင်မြင်သူ ၂၉၄ ဦးရှိ၍ ပြည်တွင်း၊ ပြည်ပစာဖြေဌာနများအနက် အမှတ်အများဆုံး ပထမ၊ ဒုတိယ၊ တတိယ(ထူးချွန်ဆု) ရရှိသူများမှာ-

(၁) ပထမ
ခုံအမှတ်-ခသ/၄၊ ဒေါ်ခင်လေးနွယ်၊ ချမ်းမြသာစည်စာဖြေဌာန၊ မန္တလေးတိုင်းဒေသကြီး၊

(၂) ဒုတိယ
ခုံအမှတ်-လှိုင်/၂၆၊ ဒေါက်တာမြင့်မြင့်စန်း၊ လှိုင်စာဖြေဌာန၊ ရန်ကုန်တိုင်းဒေသကြီး၊

(၃) တတိယ
ခုံအမှတ်-ပြည်/၁၂၊ ဒေါ်ဇာဇာဝင်း၊ ပြည်စာဖြေဌာန၊ ပဲခူးတိုင်းဒေသကြီး။

(ဂ) ဝိသုဒ္ဓိမဂ်စာမေးပွဲတွင် စာဖြေဌာနပေါင်း ၇၇ ဌာနတို့၌ ဖြေဆိုသူ ၁၅၅၈ ဦး၊ အောင်မြင်သူ ၁၁၉၄ ဦး၊ နှစ်ချင်းပေါက် သုံးဆင့်လုံးအောင်မြင်သူ ၁၄၇ ဦးရှိ၍ ပြည်တွင်း၊ ပြည်ပ စာဖြေဌာနများအနက် အမှတ်အများဆုံး ပထမ၊ ဒုတိယ၊ တတိယ(ထူးချွန်ဆု)ရရှိသူများမှာ-

(၁) ပထမ
ခုံအမှတ်-ခရ/၁၄၊ ဒေါ်သင်းသင်းထွေး၊ ခရမ်းစာဖြေဌာန၊ ရန်ကုန်တိုင်းဒေသကြီး၊

(၂) ဒုတိယ
ခုံအမှတ်-ဒိုက်/၅၊ ဒေါ်စောမြတ်စန္ဒာ၊ ဒိုက်ဦးစာဖြေဌာန၊ ပဲခူးတိုင်းဒေသကြီး၊

(၃) တတိယ
ခုံအမှတ်-ပုလော/၃၊ ဒေါ်ကေသီဝင်း၊ ပုလောစာဖြေဌာန၊ တနင်္သာရီတိုင်းဒေသကြီး။

၂။ အောင်စာရင်းအပြည့်အစုံကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ Website www.mahana.org.com၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန Website www.mora.gov.mm နှင့် သာသနာရေးဦးစီးဌာန Website www.dra.gov.mm တို့မှ ထုတ်ပြန်ကြေညာသွားမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံလုံးဆိုင်ရာ သုတစုံလင်ဗုဒ္ဓဝင်ဖြေဆို ပူဇော်ပွဲ အရည်အချင်းစစ်စာမေးပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၇

ဒွါဒသမအကြိမ် မြန်မာနိုင်ငံလုံးဆိုင်ရာ သုတစုံလင်ဗုဒ္ဓဝင်ဖြေဆိုပူဇော်ပွဲ၏ မူလတန်းနှင့် အလယ်တန်းအရည်အချင်းစစ် (ရေးဖြေ) စာမေးပွဲကို ဧပြီ ၁၀ ရက် နံနက် ၉ နာရီမှ ၁၀ နာရီခွဲအထိ တစ်နိုင်ငံလုံးရှိ စာဖြေဌာနအားလုံး တစ်ပြိုင်တည်းဖြေဆိုသွားမည်ဖြစ်ကြောင်း သိရသည်။

ဝင်ရောက်ဖြေဆိုလိုသည့် ကျောင်းသား ကျောင်းသူများအတွက် အသက် သတ်မှတ်ချက်ရှိပြီး မေ ၃ ရက်တွင် မူလတန်းအဆင့် ကျောင်းသား ကျောင်းသူများသည် အသက် ၁၂ နှစ် ၆ လအောက်၊ အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူများသည် အသက် ၁၂ နှစ် ၆ လအထက်မှ အသက် ၁၅ နှစ် ၆ လအတွင်း ဖြစ်ရမည်ဖြစ်ကြောင်းနှင့် အရည်အချင်းစစ်စာမေးပွဲ ဝင်ခွင့်တောင်းခံလွှာများကို ဖေဖော်ဝါရီ ၁၇ ရက်မှစတင်၍ သက်ဆိုင်ရာစာဖြေဌာနများတွင် ထုတ်ယူနိုင်ကြောင်း သိရသည်။

သုတစုံလင်ဗုဒ္ဓဝင်ဖြေဆိုပူဇော်ပွဲသည် ကျေးဇူးတော်အရှင်မင်းကွန်းတိပိဋက ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ကြီး၏ မဟာဗုဒ္ဓဝင်(၆)တွဲ (၈)အုပ်ကို ပြဋ္ဌာန်းမှုအဖြစ် ထားရှိပြီး အဘိဓမ္မာ၊ ယဉ်ကျေးမှု၊ ဇာတက၊ ဇာတ်တော်၊ အထွေထွေ အစရှိသည့် ခေါင်းစဉ်အမျိုးအစား ခုနစ်မျိုးမှ မေးခွန်းပေါင်း နှစ်ထောင်ကျော်ကို လေ့လာကျက်မှတ်ကာ ရေးဖြေ၊ နှုတ်ဖြေ ဖြေဆိုယှဉ်ပြိုင်ရခြင်းဖြစ်သည်။

စာစစ်ဌာနအလိုက် အောင်စာရင်းများကို ဗဟိုအတည်ပြုစနစ်ဖြင့် ထုတ်ပြန်ပေးမည်ဖြစ်ပြီး သက်ဆိုင်ရာတိုင်းဒေသကြီးကိုယ်စားပြုအဆင့် ဂုဏ်ထူး၊ ရိုးရိုး၊ ဗဟိုအဆင့် ဗုဒ္ဓဝံသဝိသာရဒ ၂၆ ဦး၊ နောက်ဆုံးအဆင့် ပထမဆုရှင်နှင့် ဗုဒ္ဓဝံသ ဗဟုသုတဓရတစ်ဦးတို့ကို ဆက်လက်ထုတ်ပြန်ကြေညာပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲ ကျင်းပ



နေပြည်တော် ဖေဖော်ဝါရီ ၁၇

မြန်မာတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းတန်ဖိုးထားတတ်စေရန်၊ ဝန်ထမ်းများ အချင်းချင်း ပူးပေါင်းဆောင်ရွက်တတ်မှု၊ စည်းလုံးညီညွတ်မှုတို့ရှိကြစေရန်နှင့် မြန်မာတို့၏ ၁၂ လရာသီပွဲတော်များ၏ အနှစ်သာရကို သိရှိနားလည်တတ်စေရန်ရည်ရွယ်ပြီး မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲကို ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနတွင် ယနေ့နံနက်ပိုင်းက ကျင်းပရာ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်စိုးဝင်း တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ထမနဲထိုးပြိုင်ပွဲသို့ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများ၊ နေပြည်တော် ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်းနှင့် ခရီးသွားလုပ်ငန်းရှင်များအသင်းတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ နေပြည်တော်ဟိုတယ်ဇုန်ရှိ ဟိုတယ်များမှ ပြိုင်ပွဲဝင်အသင်းများ၊ ဖိတ်ကြားထားသူများ ပါဝင်တက်ရောက်ကြသည်။

ထမနဲထိုးပြိုင်ပွဲတွင် ပြည်ထောင်စုဝန်ကြီးက ယနေ့ကျင်းပသည့် ဝန်ကြီးဌာန မိသားစုများ၏ မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကို ဝန်ကြီးရုံးနှင့် ဦးစီးဌာနတို့မှ သုံးသင်း၊ နေပြည်တော် ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်းမှ ပြိုင်ပွဲဝင်အသင်း ခုနစ်သင်း စုစုပေါင်း ၁၀ သင်းဖြင့် ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲဝင်အသင်းများအနေဖြင့် မြန်မာ့ရိုးရာဓလေ့စရိုက်များကို ထိန်းသိမ်းတန်ဖိုးထားပြီး စည်းလုံးမှု၏ စွမ်းအားဖြင့် သန့်ရှင်းမျှတစွာ ပါဝင်ယှဉ်ပြိုင်ကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် အမှတ်ပေးဒိုင်အဖွဲ့တာဝန်ရှိသူက ပြိုင်ပွဲစည်းမျဉ်း/စည်းကမ်းများနှင့် အမှတ်ပေးစနစ်များကို ရှင်းလင်းပြောကြားပြီး ဝန်ကြီးဌာန၏ မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲကို ခရာမှုတ်၍ စတင်ခဲ့ရာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် ပြိုင်ပွဲဝင်အသင်းများ၏ အသင်းအလိုက် တပျော်တပါး ထမနဲထိုးယှဉ်ပြိုင်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုအားပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ နေပြည်တော်ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်းနှင့် ခရီးသွားလုပ်ငန်းရှင်များအသင်းတို့မှ တာဝန်ရှိသူများက ထမနဲထိုးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထ၊ ပဉ္စမဆု ရရှိကြသည့် အသင်းများနှင့် အရောင်အဆင်း၊ အနံ့အရသာ၊ အပြင်အဆင်ကောင်းမှု၊ တစ်ကိုယ်ရေသန့်ရှင်းမှု၊ ဝတ်စားဆင်ယင်မှုစသည်တို့တွင် အထူးဆုရရှိကြသည့် အသင်းများအား ဆုများပေးအပ်ချီးမြှင့်ပြီး ဝန်ထမ်းမိသားစုများကို ထမနဲများဖြင့် ဧည့်ခံ၍ ပြိုင်ပွဲဝင်အသင်းများနှင့်အတူ စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဥတ္တရသီရိမြို့နယ်၌ တောင်သူများနှင့်တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၁၇

နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၉ နာရီတွင် ဥတ္တရသီရိမြို့နယ် မင်းကုန်းကျေးရွာအုပ်စုရှိ တောင်သူများနှင့်တွေ့ဆုံပြီး စိုက်ပျိုးသီးနှံများ ပန်းတိုင်အထွက်နှုန်း ထွက်ရှိရေး၊ သဘာဝမြေသြဇာအသုံးပြုရေး၊ စိုက်ပျိုးရေမျှား အလေအလွင့်မရှိစေရေး၊ သီးနှံစိုက်စွမ်းအား တိုးတက်ရေးတို့ကို မှာကြားသည်။



ထို့နောက် နေပြည်တော်စိုက်ပျိုးရေးဦးစီးဌာန တိုင်းဦးစီးမှူးက သီးနှံစိုက်စွမ်းအား တိုးတက်ရေး၊ သီးထပ်သီးညှပ် စိုက်ပျိုးရေးနှင့် ပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြီး တောင်သူများက လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြရာ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌက ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် နေပြည်တော်ကောင်စီရုံး ဇမ္ဗူသီရိခန်းမ၌ ကျင်းပသည့် နေပြည်တော် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဥပဒေအသိပညာပြန့်ပွားရေး သင်တန်းဖွင့်ပွဲသို့ တက်ရောက်ပြီး ဖွင့်ပွဲတွင် နေပြည်တော်ကောင်စီ ဥက္ကဋ္ဌက အရာထမ်း၊ အမှုထမ်းများအနေဖြင့် ဥပဒေဆိုင်ရာ အခြေခံသဘောတရားများကို ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်ပြီး သက်ဆိုင်ရာ လုပ်ငန်းနယ်ပယ်အသီးသီး၌ ထမ်းဆောင်ရမည့် လုပ်ငန်းတာဝန်ဝတ္တရားများကို ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျ အမှားအယွင်းမရှိ တာဝန်ထမ်းဆောင်နိုင်သည့် နိုင်ငံ့ဝန်ထမ်းကောင်းများ ဖြစ်စေရန်၊ လုပ်ငန်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်တတ်ရန် လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဇမ္ဗူသီရိမြို့နယ် စက်မှုလယ်ယာဦးစီးဌာန အမှတ်(၁)အလတ်စားလယ်ယာသုံး စက်ကိရိယာပြင်ဆင်ရေးနှင့် ထုတ်လုပ်ရေးအလုပ်ရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် လယ်ယာသုံးစက်ကိရိယာများဖြင့် နွေစပါးစိုက်ပျိုးမည့် တောင်သူများနှင့် တွေ့ဆုံကာ နေပြည်တော်အတွင်းရှိ လယ်ယာများတွင် ကောက်စိုက်စက်များဖြင့် စိုက်ကေများ ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရေးနှင့်စပ်လျဉ်း၍ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မဲခေါင်ဒေသတွင်းဖန်တီးမှု ရုပ်ရှင်ပွဲတော်(ရိုးရာအားကစားနှင့် ရိုးရာအစားအစာ) ဖွင့်ပွဲအခမ်းအနား ကျင်းပ



**ရန်ကုန် ဖေဖော်ဝါရီ ၁၇**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)က ဦးဆောင်ကျင်းပသည့် မဲခေါင်-ကိုရီးယား ပူးပေါင်းဆောင်ရွက်မှုရန်ပုံငွေအစီအစဉ် (MKCF)အရ မဲခေါင်ဒေသတွင်းဖန်တီးမှု ရုပ်ရှင်ပွဲတော် (ရိုးရာအားကစားနှင့် အစားအစာများ)ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မြဝတီမီဒီယာစင်တာ Ball Room ၌ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဖ်၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အမျိုးသား ယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများ၊ မဲခေါင်-ကိုရီးယား ပူးပေါင်းဆောင်ရွက်ရေးရန်ပုံငွေ အစီအစဉ် (MKCF)မှ တာဝန်ရှိသူများ၊ မဲခေါင်-ကိုရီးယား နိုင်ငံများမှ စီမံကိန်းအကြံပေးပညာရှင်များ၊ မှတ်တမ်းရုပ်ရှင် အကဲဖြတ်ဒိုင်များ၊ စီမံကိန်းစီမံကွပ်ကဲရေးအဖွဲ့ (PIA TEAM)အဖွဲ့ဝင်များ၊ မှတ်တမ်းရုပ်ရှင်များ ရေးသားရိုက်ကူးဖန်တီးကြသည့် ဒေသတွင်းနိုင်ငံများမှ လူငယ် အနုပညာရှင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီး၊ အမျိုးသား ယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများက အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က နှုတ်ခွန်းဆက်စကားပြောကြားပြီး ဒုတိယဝန်ကြီး ဒေါ်နုမြဖ်က အဖွင့်အမှာစကား ပြောကြားသည်။

ယင်းနောက် အမျိုးသား ယဉ်ကျေးမှုနှင့် အနုပညာ တက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ်က စီမံကိန်းနှင့်ပတ်သက်၍ရှင်းလင်းတင်ပြပြီး MKCF ၏ Project Coordinator Ms. Mi Jung Im က အစီအစဉ် မိတ်ဆက်စကား ပြောကြားကာ တောင်ကိုရီးယား အနုပညာတက္ကသိုလ် (K-Art) မှ ပါမောက္ခနှင့် ကမ္ဘောဒီးယားမှ တာဝန်ရှိသူတို့က မှတ်တမ်းရုပ်ရှင်ဖန်တီးမှု အတတ်ပညာဆိုင်ရာများကို ဆွေးနွေးပို့ချကြသည်။

ဆက်လက်၍ ကမ္ဘောဒီးယား၊ လာအိုနှင့် မြန်မာနိုင်ငံတို့မှရိုက်ကူးထားသည့် ရိုးရာအားကစားနှင့် ရိုးရာအစားအစာမှတ်တမ်းရုပ်ရှင်များကိုပြသပြီး တက်ရောက်လာကြသူများက မေးမြန်းဆွေးနွေးကြရာ တာဝန်ရှိသူများကပြန်လည်ဖြေကြားကြသည်။

အဆိုပါ မဲခေါင်ဒေသတွင်း ဖန်တီးမှုရုပ်ရှင်ပွဲတော် (ရိုးရာအားကစားနှင့် အစားအစာများ) အစီအစဉ်ကိုမြဝတီမီဒီယာစင်တာတွင် ဖေဖော်ဝါရီ ၁၇ ရက်မှ ၂၀ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ မဲခေါင်ဒေသတွင်း လူငယ်ရုပ်ရှင်ဖန်တီးသူများ၏ ရိုးရာအားကစားနှင့် ရိုးရာ အစားအစာအကြောင်း ရိုက်ကူးထားသည့် မှတ်တမ်းရုပ်ရှင်များကို ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေစီမံကိန်းအဖြစ် ကြံသီးနှံ နည်းပညာပေးသင်တန်းဖွင့်





**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ (၂၀၂၂)စီမံကိန်းအဖြစ် ကြံသီးနှံ နည်းပညာပေးသင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဟိုတယ်ဇုန်ရှိ မန်းမြန်မာဟိုတယ်၌ ကျင်းပသည်။

အဆိုပါသင်တန်းတွင် တရုတ်နိုင်ငံမှ စိုက်ပျိုးရေးပညာရှင်များက ကြံသီးနှံနည်းပညာများကို အွန်လိုင်းမှ ပို့ချပေးသွားမည်ဖြစ်ပြီး ကြံမျိုးစေ့ပျိုးထောင်ခြင်း၊ ဇီဝနည်းပညာဖြင့် ကြံစိုက်ပျိုးခြင်း၊ ကြံတစ်သျှူးများ ပျိုးထောင်ခြင်း၊ ကြံမျိုးကောင်းစိုက်ပျိုးရေးနှင့် လျှင်မြန်စွာမျိုးပွားခြင်း၊ ကြံပိုးမွှားများနှင့် ပေါင်းပင်မြက်ပင်များအား ပိုးသတ်ဆေးဖြင့် စမ်းသပ်စစ်ဆေးခြင်း၊ ကြံမျိုးကောင်းများ ထွက်ရှိနိုင်ရေးနှင့်စပ်လျဉ်း၍ သင်ကြားပေးသွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ထို့ပြင် ကြံပင်ကောင်းမွန်မြန်ဆန်စွာ စိုက်ပျိုးရေး၊ စက်ယန္တရားအသုံးချခြင်းနှင့် ရေရှည်တည်တံ့သော ကြံစိုက်ပျိုးရေးအဖြစ် ဖော်ဆောင်ခြင်း၊ ကြံဇီဝနည်းပညာ၊ ကြံသီးနှံကာကွယ်ရေး၊ ကြံလမိုင်းပြုပြင်စိုက်ပျိုးရေး စနစ်တကျစီမံခန့်ခွဲမှုစသည့် နည်းပညာများကိုလည်း ပို့ချပေးသွားမည်ဖြစ်သည်။

သင်တန်းဖွင့်ပွဲသို့ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ရဲတင့်ထွန်းနှင့် ဌာနတာဝန်ရှိသူများ၊ နေပြည်တော်မှ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ တက်ဟုန်းပြည်နယ် စိုက်ပျိုးရေးဌာန ဒုတိယဌာနမှူး Mr. Gao Wen Chun၊ တက်ဟုန်းပြည်နယ်ခွဲ ကုန်သည်ကြီးများအသင်း တာဝန်ခံဌာနမှူး Mr. Yin Yi Peng နှင့် ကြံသီးနှံနည်းပညာပေးကြမည့် သင်တန်းဆရာဆရာမများ၊ တိုင်းဒေသကြီး၊ ပြည်နယ်များမှ သင်တန်းသားဝန်ထမ်းများက အွန်လိုင်းစနစ်ဖြင့် တက်ရောက်ကြသည်။

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေဖြင့် စိုက်ပျိုးရေးဦးစီးဌာန သကြားထွက်သီးနှံဌာနခွဲသည် "မြန်မာနိုင်ငံတွင် ရေရှည်တည်တံ့သော ကြံစိုက်ပျိုးထုတ်လုပ်မှုကို ဖော်ဆောင်နိုင်ရန်အတွက် ခေတ်မီနည်းပညာနှင့် အရည်အသွေးကောင်း မျိုးကြံများ ဖြန့်ဖြူးခြင်း" စီမံကိန်းကို လက်ရှိ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



# ဒဂုံမြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း၌ ကျောင်းတွင်းအာဟာရ ကျွေးမွေးခြင်း အစီအစဉ် ပြုလုပ်

**ရန်ကုန် ဖေဖော်ဝါရီ ၁၇**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း၌ ပညာသင်ကြားလျက်ရှိသည့် Grade-1 ကျောင်းသား ကျောင်းသူ ၁၅၄ ဦးအား ကျောင်းတွင်းအာဟာရ ကျွေးမွေးခြင်း အစီအစဉ်ကို ယနေ့မွန်းလွဲပိုင်းတွင် အထက(၁)ဒဂုံ ဒဂုံသီရိခန်းမ၌ ပြုလုပ်ပြီး ကျောင်းသား ကျောင်းသူများအား ထမင်း၊ သီးစုံပဲကုလားဟင်းနှင့် ဖီးကြမ်းငှက်ပျောသီးတို့ကို ကျွေးမွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မင်းလှမြို့နယ်၌ ဆောင်းပဲတီစိမ်း ကေ ၅၀ စံကွက်ရိတ်သိမ်း

**မင်းလှ ဖေဖော်ဝါရီ ၁၇**

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ်၌ ဆောင်းပဲတီစိမ်း ကေ ၅၀ စံကွက်ရိတ်သိမ်းခြင်းကို ယမန်နေ့က ဥတိုကညင်ပင်ကျေးရွာ၌ ဆောင်ရွက်ခဲ့သည်။

အဆိုပါ စံကွက်ရိတ်သိမ်းခြင်းကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးတင့်ထူး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးထွန်းထွန်းအောင်နှင့် ဝန်ထမ်းများ၊ မြို့နယ်စိုက်ပျိုးမွေးမြူရေး ကြီးကြပ်မှုကော်မတီဝင်များက ဥတိုကညင်ပင်ကျေးရွာအနီး တောင်သူခြောက်ဦးတို့၏ လယ်မြေကေ ၅၀ ၌ ပန်းတိုင်အထွက်နှုန်း ပြည့်မီကျော်လွန်ထွက်ရှိရေးအတွက် စိုက်ပျိုးထားသည့် ရေဆင်း-၁၄ ဆောင်းပဲတီစိမ်းမျိုးအား တောင်သူများနှင့်ပူးပေါင်း၍ စံကွက်ရိတ်သိမ်းကြရာ တစ်ကေအထွက်နှုန်း ၂၄ ဒသမ ၅၆ တင်းထွက်ရှိသည်။

မင်းလှမြို့နယ်တွင် ၂၀၂၄-၂၀၂၅ ခုနှစ် ဆောင်းပဲတီစိမ်း ရေဆင်း-၁၄ မျိုးစိုက်ပျိုးထားရှိမှုမှာ ကေ ၂၁၆၀ ရှိကြောင်းသိရသည်။

**မြို့နယ်(ပြန်/ဆက်)**





# ပြည်သူ့စစ်မှုထမ်းဥပဒေ ရှင်းလင်းပွဲပြုလုပ်

**ကျုံပျော် ဖေဖော်ဝါရီ ၁၇**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင်နှင့် ကျုံပျော်မြို့နယ်ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ကပြုလုပ်သည့် ပြည်သူ့စစ်မှုထမ်းဥပဒေ၊ နည်းဥပဒေရှင်းလင်းပွဲကို ယနေ့နံနက်ပိုင်းက ကျုံပျော်မြို့ ရောမင်းခန်းမ၌ ကျင်းပသည်။

ဦးစွာ ကျုံပျော်ခရိုင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစောထွန်းဝင်းက အဖွင့်အမှာစကားပြောကြားပြီး ကျုံပျော်မြို့နယ်ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ထွန်း၊ အဖွဲ့ဝင် ဦးသန်းစိုးအောင်နှင့် ရဲမှူးတင်လှိုင်တို့က ပြည်သူ့စစ်မှုထမ်းဥပဒေ၊ နည်းဥပဒေနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအား ပြည်သူ့စစ်မှုထမ်းဥပဒေ၊ နည်းဥပဒေစာအုပ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# နှစ်နိုင်ငံထူထောင်ရေးဖြေရှင်းချက်အားထောက်ခံကြောင်း ပါလက်စတိုင်းနှင့် ပြင်သစ် ပြောကြား

**ရာမာလာ ဖေဖော်ဝါရီ ၁၇**

ပါလက်စတိုင်း သမ္မတမာမွတ်အဘတ်နှင့် ပြင်သစ်သမ္မတမက်ခရွန်တို့အကြား နှစ်နိုင်ငံထူထောင်ရေး ဖြေရှင်းချက်အပေါ် ၎င်းတို့၏ အားပေးထောက်ခံမှုနှင့် ပတ်သက်၍ ဖုန်းဖြင့်အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြောင်း ယနေ့ဆင်ဟွာသတင်းအရ သိရသည်။

ဂါဇာဒေသနှင့် အနောက်ဘက်ကမ်းမှ ပါလက်စတိုင်းများအား ရွှေ့ပြောင်းရေးကို လက်မခံကြောင်းနှင့် ၎င်းဆောင်ရွက်ချက်သည် နိုင်ငံတကာဥပဒေကို ချိုးဖောက်ရာရောက်ကာ အရှေ့အလယ်ပိုင်းဒေသတွင်း ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို ဟန့်တားနေကြောင်း အဘတ်ကပြောကြားသည်။ ဂါဇာဒေသတွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ အများအပြားရရှိရေးနှင့် အပစ်အခတ်ရပ်စဲရေး တည်တံ့ရေးအတွက် ဆောင်ရွက်ရန်လိုအပ်ကြောင်း၎င်းတို့က ပြောကြားခဲ့သည်။

ထို့ပြင် နှစ်နိုင်ငံထူထောင်ရေးဖြေရှင်းချက်ကို နိုင်ငံတကာစည်းမျဉ်းများအတိုင်း အကောင်အထည်ဖော် ဆောင်ရွက်ရေးနှင့် ပါလက်စတိုင်းများအား ဂါဇာဒေသမှ မရွှေ့ပြောင်းစေဘဲ ဂါဇာဒေသပြန်လည်တည်ဆောက်ရေး လုပ်ငန်းများကို ဆောင်ရွက်ရန်အတွက်လည်း ဆွေးနွေးခဲ့သည်။

ဂါဇာဒေသ အပစ်အခတ်ရပ်စဲရေး ပထမအဆင့်ကို ပါဝင်ပတ်သက်သည့် အဖွဲ့အစည်းများက လိုက်နာဆောင်ရွက်ကြကြောင်းတွေ့ရှိရသဖြင့် မိမိကျေနပ်အားရကြောင်း ပြင်သစ်သမ္မတမက်ခရွန်ကပြောကြားသည်။

ထို့ပြင် နှစ်နိုင်ငံထူထောင်ရေးဖြေရှင်းချက်ကသာ ဒေသတွင်းငြိမ်းချမ်းရေးနှင့် လုံခြုံရေးအတွက် အာမခံချက်ပေးနိုင်သည့် အရာဖြစ်ကြောင်း ၎င်းကပြောကြားသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**



ပြင်သစ်သမ္မတမက်ခရွန်နှင့် ပါလက်စတိုင်းသမ္မတမာမွတ်အဘတ်။

# ထိခိုက်ဒဏ်ရာရရှိသူများအား ထွက်ခွာခွင့် အစ္စရေးပိတ်ပင် ဂါဇာဒေသရှိ ဆေးရုံများတွင် အောက်ဆီဂျင်ပြတ်လပ်

**ဂျေရုဆလင် ဖေဖော်ဝါရီ ၁၇**

ဂါဇာဒေသတွင်ဖြစ်ပွားသည့် ပဋိပက္ခအတွင်း ထိခိုက်ဒဏ်ရာရရှိသူများအား ရာဖာနယ်စပ်ဖြတ်ကျော်ရေးစခန်းမှ ထွက်ခွာခွင့်ကို အစ္စရေးတာဝန်သူများက ပိတ်ပင်ခဲ့ကြောင်းနှင့် ၎င်းဆောင်ရွက်ချက်သည် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ကို ချိုးဖောက်ရာရောက်ကြောင်း ဟားမတ်စ်အဖွဲ့က ပြောကြားသည်။

**နှောင့်နှေးကြန့်ကြာစေရန် ဆောင်ရွက်ခဲ့**

ဂါဇာဒေသမှ ၁၅ သုတ်မြောက် အုပ်စုအဖြစ်ထွက်ခွာမည့် ထိခိုက်ဒဏ်ရာရရှိသူများအတွက် ထွက်ခွာခွင့်ဆိုင်ရာ စာရွက်စာတမ်းများဆောင်ရွက်ရာတွင် နှောင့်နှေးကြန့်ကြာစေရန်အတွက် အစ္စရေးတာဝန်ရှိသူများက ဆောင်ရွက်နေကြောင်း ဟားမတ်စ်အဖွဲ့၏ မီဒီယာရုံးတာဝန်ရှိသူ ဆအေမန်မာရုက ပြောကြားသည်။ ပြီးခဲ့သည့် ဖေဖော်ဝါရီ ၁၃ ရက် တစ်ရက်တည်းတွင်ပင် ထိခိုက်ဒဏ်ရာရရှိသူ ၄၅၂ ဦးသာ ရာဖာနယ်စပ်ဖြတ်ကျော်စခန်းမှ ဆေးကုသမှုခံယူရန်ထွက်ခွာခွင့်ရရှိခဲ့ကြောင်း ၎င်းရုံးက ပြောကြားသည်။



၎င်းရက်၏ နောက်ပိုင်းရက်များတွင် တစ်ရက်လျှင် ၉၀ သာ ဆေးကုသမှုခံယူရန် ရာဖာနယ်စပ်ဖြတ်ကျော်ရေးစခန်းမှ ထွက်ခွာခွင့်ရရှိခဲ့ပြီး ၎င်းအရေအတွက်သည် မူလကသဘောတူခဲ့သည့် တစ်ရက်လျှင် ၄၅၀ ကို ရာဖာနယ်စပ်ဖြတ်ကျော်ရေးစခန်းမှ ထွက်ခွာခွင့်ပြုရမည်ဟူသည့် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ပါ ပြဋ္ဌာန်းချက်ကို ချိုးဖောက်ရာရောက်ကြောင်း ၎င်းရုံးက ပြောကြားသည်။

လက်ရှိအချိန်တွင် ထိခိုက်ဒဏ်ရာရရှိသူ ၁၅၀၀၀ သည် ဂါဇာဒေသမှ ထွက်ခွာပြီး ဆေးကုသမှုခံယူရန် လိုအပ်နေကြောင်းနှင့် ဂါဇာဒေသတွင် အစ္စရေး၏ တိုက်ခိုက်မှုများကြောင့် ဆေးဝါးနှင့် ဆေးပစ္စည်းများပြတ်တောက်နေကြောင်း သိရသည်။

အစ္စရေးတပ်မတော်က ပဋိပက္ခအတွင်း အောက်ဆီဂျင်ဓာတ်ငွေ့ဆိုင်ရာ အရင်းအမြစ်များကို ဖျက်ဆီးခဲ့ပြီးနောက် ဂါဇာဒေသတွင် အောက်ဆီဂျင်ပြတ်လပ်မှုများဖြစ်ပွားနေကြောင်း သိရသည်။

ဂါဇာဒေသရှိ ဆေးရုံများသည် အောက်ဆီဂျင်ပြတ်လပ်မှုနှင့် ရင်ဆိုင်နေရကြောင်း တာဝန်ရှိသူများက ပြောကြားခဲ့သည်။

အစ္စရေး တာဝန်ရှိသူများက ဂါဇာဒေသရှိ ဆေးရုံများတွင် အောက်ဆီဂျင်ထုတ်လုပ်ရေးနေရာများ တည်ထောင်ခြင်းကို တားမြစ်ထားပြီး အဆိုပါ အကျပ်အတည်းသည် လူနာများ၏ အသက်ကို ခြိမ်းခြောက်သည့် အနေအထားအထိ ရောက်ရှိနေကြောင်းသိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**



# လက်ဘနွန်တောင်ပိုင်း၌ အစ္စရေးက လေကြောင်းမှတိုက်ခိုက်

**ဘေရွတ် ဖေဖော်ဝါရီ ၁၇**

လက်ဘနွန်နိုင်ငံတောင်ပိုင်း ဆီဒုန်မြို့ဝင်ပေါက်အနီးရှိ ယာဉ်တစ်စီးအား အစ္စရေးကလေကြောင်းမှ တိုက်ခိုက်ခဲ့ရာ ဒေသခံတစ်ဦးသေဆုံးကြောင်း ယနေ့ဆင်ဟွာသတင်းအရ သိရသည်။

မီးလောင်နေသည့်ကားအား မီးငြိမ်းသတ်ခဲ့ပြီးနောက် သေဆုံးသူအားစစ်ဆေးခဲ့ရာ ဟားမတ်စ်အဖွဲ့တာဝန်ရှိသူ မိုဟာမက်ချာဟင်ဟု စစ်ဆေးတွေ့ရှိခဲ့ရကြောင်း လူမှုမီဒီယာအိက်စ်မှတစ်ဆင့် အယ်လ်ဟာဒက် ရုပ်မြင်သံကြားဌာနက ပြောကြားသည်။

ဟစ်ဇ်ဘိုလာအဖွဲ့နှင့် အစ္စရေးတပ်မတော်အကြား အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်သည် ယမန်နှစ် နိုဝင်ဘာ ၂၇ ရက်တွင် စတင်အသက်ဝင်ခဲ့ပြီး ၎င်းသဘောတူညီချက်အရ လက်ဘနွန်နိုင်ငံအတွင်းမှ အစ္စရေးတပ်ဖွဲ့များ ရက် ၆၀ အတွင်း ဆုတ်ခွာရမည်ဟု သတ်မှတ်ထားသည်။

ယခုနှစ် ဇန်နဝါရီ ၂၇ ရက်တွင် အပစ်အခတ် ရပ်စဲရေးကာလအား ဖေဖော်ဝါရီ ၁၈ ရက်အထိ သတ်မှတ်ကြောင်း လက်ဘနွန်အစိုးရက ကြေညာခဲ့သည်။

**တိုက်ခိုက်မှုများဆောင်ရွက်**

အပစ်အခတ်ရပ်စဲရေး ကြေညာထားသည့်ကာလအတွင်း အစ္စရေးတပ်ဖွဲ့များသည် လက်ဘနွန်နိုင်ငံတွင် တိုက်ခိုက်မှုများဆောင်ရွက်ခဲ့သည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန် -စိုးသူရ**

# အီရန်နှင့်ပတ်သက်၍ စက်မှုထိပ်သီးခုနစ်နိုင်ငံ၏ စွပ်စွဲပြောကြားချက်များကိုရှုတ်ချ

**တီဟီရန် ဖေဖော်ဝါရီ ၁၇**

ဂျာမနီနိုင်ငံ မြူးနစ်မြို့၌ ကျင်းပခဲ့သည့် မြူးနစ်လုံခြုံရေးညီလာခံတွင် အီရန်နိုင်ငံနှင့်ပတ်သက်၍ စက်မှုထိပ်သီးခုနစ်နိုင်ငံ၏ တာဝန်ယူမှုကင်းမဲ့ပြီး အခြေအမြစ်မရှိသည့် စွပ်စွဲပြောကြားချက်များကို ရှုတ်ချကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ အစ္စမေးလ်ဗာဂါဒီက ယမန်နေ့က ပြောကြားသည်။

**ဒရုန်းများထုတ်လုပ်နေသည်ဟု စွပ်စွဲ**

၎င်းညီလာခံတွင် အီရန်နိုင်ငံသည် နျူကလီးယားလက်နက်ထုတ်လုပ်နိုင်သည့် ယူရေနီယမ်သတ္တုများကို အများအပြားထုတ်လုပ်နေကာ အရှေ့အလယ်ပိုင်းဒေသရှိ အကြမ်းဖက်အဖွဲ့အစည်းများအား ထောက်ပံ့နေကြောင်းနှင့် လူ့အခွင့်အရေး ချိုးဖောက်မှုများရှိကြောင်း စက်မှုထိပ်သီးခုနစ်နိုင်ငံက စွပ်စွဲပြောကြားခဲ့သည်။ ထို့ပြင် အီရန်နိုင်ငံက တာဝေးပစ်ဒုံးကျည်များ ပစ်ခတ်စမ်းသပ်နေခြင်းနှင့် ဒရုန်းများထုတ်လုပ်နေသည်ဟု စွပ်စွဲခဲ့သည်။

လက်တွေ့တွင်မူ အရှေ့အလယ်ပိုင်းဒေသတွင် မတည်ငြိမ်မှုများဖြစ်ပွားစေရေးအတွက် စက်မှုထိပ်သီးခုနစ်နိုင်ငံက အစ္စရေးအားလက်နက်ထောက်ပံ့နေကြောင်းနှင့် ၎င်းလုပ်ရပ်များကို ရပ်တန့်ရန် အီရန်တာဝန်ရှိသူက သတိပေးပြောကြားသည်။

**တာဝန်ရှိသူကပြောကြား**

ထို့ပြင် အီရန်နိုင်ငံအနေဖြင့် မိမိနိုင်ငံနှင့် နိုင်ငံသားများအား ကာကွယ်စောင့်ရှောက်ရေးအတွက် ကာကွယ်ရေးအင်အားကို တိုးချဲ့ခွင့်ရှိကြောင်းနှင့် ဒေသတွင်းတည်ငြိမ်မှုရရှိစေရေးအတွက် ၎င်းလုပ်ငန်းများကို တရားဝင်သတ်မှတ်ချက်များအတိုင်း ဆောင်ရွက်မည်ဟု အီရန်တာဝန်ရှိသူကပြောကြားသည်။

အီရန်နိုင်ငံသည် နျူကလီးယားစွမ်းအင်ကို နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ငြိမ်းချမ်းစွာ အသုံးပြုမည်ဟု ၎င်းကပြောကြားသည်။

**ကိုးကား -ဆင်ဟွာ**
**ဘာသာပြန် -စိုးသူရ**

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ယာဉ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် ဖေဖော်ဝါရီ ၁၇

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ဖေဖော်ဝါရီ ၁၄ ရက်တွင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တောင်တွင်းကြီးမြို့နယ် အိုးပေါက်ကျေးရွာ၌ တရားမဝင်ကျွန်းသစ် ၁၁ ဒသမ ၁၇ တန်၊ အခြားသစ် ၁၄ ဒသမ ၄၃၁ တန်နှင့် ဆက်စပ်ပစ္စည်းခြောက်မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေ ၄၄၀၇၅၉၆ ကျပ်ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မဟာအောင်မြေမြို့နယ်၊ ကျောက်ဆည်မြို့နယ်၊ ပျော်ဘွယ်မြို့နယ်၊ ပုသိမ်ကြီးမြို့နယ်နှင့် ရမည်းသင်းမြို့နယ်တို့၌ တရားမဝင်ကျွန်းသစ် ၁၁ ဒသမ ၂၄၅တန်၊ သစ်မာ သုည ဒသမ ၆၀၂ တန်၊ အခြားသစ် ၁၆၇ ဒသမ ၀၅၀ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၈၀၃၆၁၀ နှင့် အဆိုပါသစ်များ တင်ဆောင်ထားသည့်ယာဉ်သုံးစီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၇၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၃၈၀၃၆၁၀ ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဖေဖော်ဝါရီ ၁၆ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ကံတလူပူးပေါင်းစစ်ဆေးရေးဂိတ်နှင့် ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်တို့၌ လိုင်စင်မဲ့ Honda Fit ယာဉ်တစ်စီးနှင့် Toyota Kluger ယာဉ်တစ်စီး စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကော့သောင်းမြို့နယ် ရွှေဇင်ယော်ရပ်ကွက် တံတားတိုပွဲချိပ်ဆိပ်၌ စုပုံထားသော အကောက်ခွန်မဲ့လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၉၅၀၀၀၀၀) ကိုလည်းကောင်း၊ ကော့သောင်းမြို့ သီရိမြိုင်ရပ်ကွက် ၃ မိုင် ကားကြီးကွင်း၌ စုပုံထားသော အကောက်ခွန်မဲ့လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၉၅၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ မော်လမြိုင်မြို့မှ နေပြည်တော်သို့ သွားရောက်မည့်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၄၈၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truckတစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ်၄၀၀၀၀၀၀၀) စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၄၆၀၄၈၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



မကွေးတိုင်းဒေသကြီး၌ သိမ်းဆည်းရမိမှု။

ထို့ပြင် ဖေဖော်ဝါရီ ၁၇ ရက်တွင် မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကျိုက်မရောပူးပေါင်းစစ်ဆေးရေးဂိတ်၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Caravan ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀၀) စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၇၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်၊ ညောင်လေးပင်ခရိုင်နှင့် ပြည်ခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် ၁ ဒသမ ၀၈၆ တန်၊ သစ်မာ ၂ ဒသမ ၇၁၉ တန်၊ အခြားသစ် ၁ ဒသမ ၅၉၁ တန် (ခန့်မှန်းတန်ဖိုးငွေ ၂၄၂၁၉၈၃ ကျပ်) ကို သစ်တောဥပဒေအရလည်းကောင်း၊ ဒိုက်ဦးမြို့နယ်အတွင်း၌ လိုင်စင်မဲ့ Honda Insight ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေ ၇၄၂၁၉၈၃ ကျပ်ကို သိမ်းဆည်းအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ဖေဖော်ဝါရီ ၁၄ ရက်၊ ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၉ မှု (ခန့်မှန်းတန်ဖိုးငွေ ၄၂၁၈၈၁၁၈၉ ကျပ်) ကို သိမ်းဆည်းရမိခဲ့သည်။ တရားမဝင်ကုန်သွယ်မှုများကြောင့် အသေးစား၊ အငယ်စားနှင့် အလတ်စား ပြည်တွင်းစီးပွားရေးလုပ်ငန်းများမှ ထုတ်လုပ်သည့် ကုန်ပစ္စည်းများ ဈေးကွက်အတွင်း မျှတစွာယှဉ်ပြိုင်နိုင်မှု မရှိခြင်းနှင့် ဈေးကွက်ပျောက်ဆုံးခြင်းတို့ဖြစ်ပေါ်စေပြီး ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် ကြီးမားသည့် ခြိမ်းခြောက်မှုများကို ဖြစ်ပေါ်စေသည်။ သို့ဖြစ်ပါ၍ သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

# အမျိုးသမီးတစ်ဦးကို တရုတ်ဇနီးမယားအဖြစ် ပို့ဆောင်ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့သူအား လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ် ချမှတ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

အမျိုးသမီးတစ်ဦးကို တရုတ်ဇနီးမယားအဖြစ် ပို့ဆောင်ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့သူအား လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ်ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ရှမ်းပြည်နယ် မူဆယ်မြို့ ကောင်းမှုတံုရပ်ကွက် စက်မှုရပ်နေ မငြိမ်းလင်းနွယ်(ခ)ဝိုင်း က ရှမ်းပြည်နယ် ကွတ်ခိုင်မြို့နယ် တာမိုးညဲမြို့ မန်ရန်ကျေးရွာနေ မ-----၊ ၁၉/၂၀၂၅ နှစ်အား ဘဝရပ်တည်ရန် ခက်ခဲနေမှုနှင့် ငွေကြေး အခက်ခဲရှိနေမှုကို အခွင့်ကောင်းယူကာ ပြောဆိုစည်းရုံးပြီး တရုတ်ယောကျ်ားထံ ပို့ဆောင်ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့သဖြင့် မူဆယ်မြို့မ ရဲစခန်းက လူကုန်ကူးမှုတားဆီး နှိမ်နင်းရေးဥပဒေဖြင့် အမှုရေးဖွင့် တရားစွဲတင်ခဲ့သည်။ မူဆယ်ခရိုင် တရားရုံးက ဖေဖော်ဝါရီ ၁၄ ရက်တွင် တရားခံ မငြိမ်းလင်းနွယ်(ခ) ဝိုင်းအား လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

❖

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရ အရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့် ရည်ရွယ်ချက်များဖြင့် NUG၊ CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၈-၂-၂၀၂၅ အင်္ဂါနေ့

**MRTV HD**

| | |
|---|---|
| ၀၆:၀၀ | မင်းကွန်းဆရာတော်ဘုရားကြီး၏ပရိတ်တရားတော် (မေတ္တသုတ်၊ ခန္ဓသုတ်) |
| ၀၇:၀၀ | နံနက်ခင်းသတင်း |
| ၀၈:၄၀ | လေ့လာစရာစုံလင် အမိမြန်ပြည်တစ်ခွင် 'ယဉ်ကျေးမှုနှင့်သမိုင်းတို့ရှိရာ' |
| ၀၉:၁၅ | ထူးခြားစုံလင် အာရှပစိဖိတ်အစီအစဉ် |
| ၀၉:၄၀ | Sports Diary |
| ၁၀:၃၅ | လူငယ်ကဏ္ဍမြှင့်တင်လို့ပိုမိုကောင်းမွန်တဲ့ လူ့အဖွဲ့အစည်းဖန်တီးစို့ |
| ၁၁:၁၅ | CES နည်းပညာပြပွဲ ၂၀၂၅ |
| ၁၂:၃၅ | နိုင်ငံခြားဇာတ်လမ်းတွဲ 'ဆုတောင်းပြည့်ကြယ်တာရာစတောလာ' (အပိုင်း-၅၁) |
| ၁၃:၃၀ | MRTV National News |
| ၁၄:၀၀ | ရုပ်မြင်သံကြားဇာတ်လမ်း 'ကံဆိုတာအလုပ်' |
| ၁၅:၀၅ | မျိုးဝက်တင့်စေဆိုကရေးတီအငွေ |
| ၁၅:၃၀ | Weekly MNL Review |
| ၁၆:၄၀ | ကမ္ဘာတစ်လွှားအနုပညာသတင်းများ |
| ၁၇:၁၀ | ဒေသတစ်ခုထုတ်ကုန်တစ်မျိုး |
| ၁၇:၃၅ | သန့်ရှင်းလတ်ဆတ်သောအာဟာရဓာတ်ပေး ပဲလပွန်လေး |
| ၁၈:၃၅ | ပြည်ချစ်သားမွန်တေးသဝဏ် |
| ၁၈:၄၅ | သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ |
| ၁၉:၁၀ | နိုင်ငံခြားဇာတ်လမ်းတွဲ 'လေနှင်ရာခရီး' (အပိုင်း-၇) |
| ၂၀:၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ |
| ၂၁:၀၀ | ပြည်ချစ်သားမွန်တေးသဝဏ် |
| ၂၁:၁၀ | သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ |
| ၂၁:၃၀ | နိုင်ငံခြားဇာတ်လမ်းတွဲ 'အလင်းဖမ်းသူများ' (အပိုင်း-၁၆) |
| ၂၂:၂၀ | ရုပ်မြင်သံကြားဇာတ်လမ်း |

**mitv**

| | |
|---|---|
| 07:01 | Evergreen Classic: Mi Ba Kyay Zuu Sat Phuu Bi Lar (Ei Ei Mon) |
| 07:10 | Offering the Lotus Robe of its Kind |
| 07:34 | Chef Life: Ce'dric Davoine (French Chef) |
| 08:01 | News |
| 08:26 | Topics Potpourri; Revival of Baghdad Historic Center |
| 08:32 | The Four Famous of Bagan |
| 08:50 | Sagaing: Guitars |
| 09:01 | Centenary of Yangon University: International Relations Dept. |
| 09:11 | Traditional Myanmar Theatrical Performance: Choral Dance Dedicating to Elegant Nat (Ma Ngwe Taung) |
| 09:24 | Hand In Hand To Prevent and Fight Drug Abuse |
| 09:50 | Well-trained Elephants |
| 10:01 | News |
| 10:26 | Lifestyle & Entertainment (Weekly Updates) |

**MRTV NRC**

**ကချင် (၀၆:၀၀ မှ ၀၈:၀၀)**
ကချင်ရိုးရာတူရိယာများအကြောင်းသိကောင်းစရာ

**ကယား (၀၈:၀၀ မှ ၁၀:၀၀)**
ပြောင်းဖူးရဲ့ကျန်းမာရေးအကျိုးကျေးဇူး

**ဝကကကရင် (၁၀:၀၀ မှ ၁၁:၀၀)**
ကရင်သမိုင်းကြောင်း

**အနောက်ပိုးကရင် (၁၁:၀၀ မှ ၁၂:၀၀)**
တိုင်းရောရဲ့ထင်ရှားကျော်ကြားဒေသများ

**အရှေ့ပိုးကရင် (၁၂:၀၀ မှ ၁၃:၀၀)**
ရိုးရာအိမ်ချက်ဟင်းတစ်ခွက်

**ချင်း (ဖလမ်း) (၁၃:၀၀ မှ ၁၄:၀၀)**
ချင်းဘာသာစကားပြောကြရအောင် (အပိုင်း-၃)

**ချင်း (ချို) (၁၄:၀၀ မှ ၁၅:၀၀)**
မီးတားလမ်းပြုလုပ်ခြင်း

**မွန် (၁၅:၀၀ မှ ၁၇:၀၀)**
အပန်းဖြေကြမည့်သဘာဝကျောက်ပန်းချီကမ်းခြေဆီ

**ရခိုင် (၁၇:၀၀ မှ ၁၉:၀၀)**
ရခိုင်ဘာသာစကားပြောကြရအောင် (အပိုင်း-၂)

**ရှမ်း (၁၉:၀၀ မှ ၂၁:၀၀)**
အာလူးထမင်းနယ်

**ဝ (၂၁:၀၀ မှ ၂၃:၀၀)**
လျှိုင်မွေမြို့သို့အလည်တစ်ခေါက်

**MRTV NEWS**

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ တေးသီချင်း |
| ၀၆:၄၀ | အားကစားသတင်း |
| ၀၉:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၀၉:၃၀ | နိုင်ငံတကာသတင်း (LIVE) |
| ၀၉:၄၅ | Save Our Planet Program |
| ၁၀:၄၅ | အသိပညာနှင့်အမှန်တရား |
| ၁၁:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၁၂:၃၀ | နိုင်ငံတကာသတင်း (LIVE) |
| ၁၄:၀၀ | MRTV National News |
| ၁၆:၀၀ | သတင်းမှန်ကဏ္ဍ (LIVE) |
| ၁၈:၁၅ | Football Highliths |
| ၁၈:၄၅ | နိုင်ငံတကာစီးပွားရေးသတင်း |
| ၂၀:၀၀ | ပြည်တွင်းသတင်း (LIVE) |

**MRTV PARLIAMENT**

| | |
|---|---|
| ၀၉:၀၀ | အဖွင့်၊ အလံ |
| ၀၉:၁၅ | ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ 'ရုရှားနိုင်ငံ' |
| ၀၉:၃၀ | ဥပဒေရေးရာအပြာပြာဇာတ်လမ်းတို 'လင်နဲ့မယားလျှာနဲ့သွားဆိုပေမယ့်' |
| ၁၀:၀၀ | ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ 'စစ်မှုထမ်းဥပဒေပကျင့်သုံးသေးတဲ့ နိုင်ငံများအကြောင်း' |
| ၁၀:၀၀ | နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း 'ကိုရီးယားနိုင်ငံ' (အပိုင်း-၁) |
| ၁၁:၃၀ | ရှေ့သို့ချီမည် ပန်းတိုင်ဆီ (အပိုင်း-၅၀) |

**MRTV FARMERS' / HTV Channel**

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ နိုင်ငံတော်သီချင်း |
| ၀၆:၁၀ | နေကြာစိုက်ပါ ပျားမွေးပါ |
| ၀၇:၀၀ | တောင်သူလယ်သမားရေးရာသတင်း |
| ၁၈:၂၀ | Planet.Earth.II.6of6.Cities |
| ၁၉:၀၀ | The Planet |
| ၂၀:၀၀ | ကိုးရောင်ခြယ်အနမ်း (ဇာတ်လမ်း) |
| ၂၂:၀၀ | Thirteen Lives (နိုင်ငံခြားဇာတ်လမ်း) |

**MRTV SPORTS / HTV Sports**

| | |
|---|---|
| ၀၆:၀၀ | အဖွင့် |
| ၀၆:၂၀ | လူငယ်တို့အတွက်လမ်းပြကြယ် |
| ၀၆:၄၅ | Sports Diary |
| ၁၇:၀၀ | အားကစားသတင်း |
| ၂၀:၄၅ | မြန်မာနေရှင်နယ်လိဂ်ဘောလုံးပြိုင်ပွဲ (Dagon Port Vs Thitsar Arman) (Replay) |

Scan Here

MRTV | MRTV | MRTV Radio | MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

## ပြည်သူ့ကြားက ပြည်သူ့စကားအစီအစဉ် ထုတ်လွှင့်မည်

နေပြည်တော် ဖေဖော်ဝါရီ ၁၇

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများကို သဇင် FM ၏ **"ပြည်သူ့ကြားက ပြည်သူ့စကား"**အစီအစဉ်မှ **"မရိုးနိုင်သော ကောလာဟလများ"** ခေါင်းစဉ်ဖြင့် ဖေဖော်ဝါရီ ၁၉ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။

လာမည့်အပတ် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် **"အကြမ်းဖက် PDF တွေလား ဘာသာမဲ့အစွန်းရောက်တွေလား"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်(ကြာသပတေးနေ့) နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

သတင်းစဉ်

## ပြင်ဦးလွင်နှင့် လွိုင်လင်မြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

နေပြည်တော် ဖေဖော်ဝါရီ ၁၇

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၁၆ ရက် မွန်းလွဲ ၁ နာရီခွဲတွင်ပြင်ဦးလွင်မြို့နယ် ဘော်ကျေးရွာအုပ်စု ပုံကုန်းကျေးရွာအနီးတွင် အောင်နိုင်မိုးမောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀ သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးချက်အရ မွန်းလွဲ ၂ နာရီတွင် ပုံကုန်းကျေးရွာရှိ ၎င်း၏နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၄၀၀ ထပ်မံသိမ်းဆည်းရမိခဲ့၍ စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၁၁၈၀၀ (တစ်ပြားလျှင် ကျပ် ၂၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၂၃၆ သိန်း)၊ ထို့အတူ ပူးပေါင်းအဖွဲ့သည်ဖေဖော်ဝါရီ ၁၄ ရက် ည ၆ နာရီ ၁၅ မိနစ်တွင် လွိုင်လင်မြို့နယ် ပန်ဝိုးကျေးရွာအုပ်စု ဟိုတင့်ကျေးရွာအနီးတွင် အောင်လတ်မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၀၀၀၀ (တစ်ပြားလျှင် ကျပ် ၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် သိန်း ၂၅၀) သိမ်းဆည်းရမိခဲ့ကြောင်း၊ အလားတူ ဖေဖော်ဝါရီ ၁၅ ရက် မွန်းလွဲ ၃ နာရီတွင် ပူးပေါင်းအဖွဲ့သည် အဆိုပါနေရာ၌ သန်းစိုးမောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၇၆၀၀ (တစ်ပြားလျှင်



အောင်နိုင်မိုးအား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

ကျပ် ၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၃၈ သိန်း) သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

သတင်းစဉ်

## အိုမန်နိုင်ငံတွင် အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူတစ်ဦးအား အမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်



ရန်ကုန် ဖေဖော်ဝါရီ ၁၇

နိုင်ငံတော် အစိုးရအနေဖြင့် ပြည်ပတွင်ရောက်ရှိနေသည့် အမိနိုင်ငံသားများ အခက်အခဲကြုံတွေ့နေရပါက နိုင်ငံသားများအပေါ် အလေးအနက်ထား တန်ဖိုးထားသည့်အနေဖြင့် မည်သို့သောအခြေအနေတွင် တွေ့ကြုံရသည်ဖြစ်စေ ကောင်စစ်ဝန်ချုပ်ရုံးနှင့် မြန်မာသံရုံးတို့သည် သက်ဆိုင်ရာသံရုံးများနှင့်ချိတ်ဆက်၍ အမိနိုင်ငံသားများ မြန်မာနိုင်ငံသို့ အေးချမ်းလုံခြုံစွာ အမြန်ဆုံးပြန်လည်ရောက်ရှိနိုင်ရန် ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ အိုမန်နိုင်ငံ ဆိုဟာမြို့တွင် အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူ မအိသန္တာအောင်အား အမိနိုင်ငံသို့ အမြန်ဆုံး ပြန်လည်ပို့ဆောင်နိုင်ရန် ကောင်စစ်ဝန်ချုပ်ရုံးအနေဖြင့် အိုမန်နိုင်ငံရှိ တာဝန်ရှိသူများနှင့် ညှိနှိုင်း၍ ကူညီဆောင်ရွက်ပေးခဲ့ရာ ဖေဖော်ဝါရီ ၁၆ ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီ ၅ မိနစ်တွင် အိုမန်နိုင်ငံ မတ်စကတ်မြို့မှ မတ်စကတ်-ဘန်ကောက်-ရန်ကုန် လေကြောင်းခရီးစဉ်ဖြင့် ထွက်ခွာခဲ့ပြီး ဖေဖော်ဝါရီ ၁၇ ရက် နံနက် ၁၂ နာရီ ၁၅ မိနစ်တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့သည်။

အိုမန်နိုင်ငံတွင် အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများ အမိနိုင်ငံသို့ ပြန်လည်ထွက်ခွာနိုင်ရန် ကောင်စစ်ဝန်ချုပ်ရုံး အနေဖြင့် ကူညီဆောင်ရွက်ပေးလျက်ရှိပြီး နိုင်ငံတော် အစိုးရအနေဖြင့် ပြည်ပတွင် အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့ရသည့် မြန်မာနိုင်ငံသားများအား ကောင်စစ်ဝန်ချုပ်ရုံးနှင့် မြန်မာသံရုံးတို့မှ ညှိနှိုင်းကူညီဆောင်ရွက်မှုဖြင့် အမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ပေးလျက်ရှိရာ ယခုကဲ့သို့ အမိနိုင်ငံသားများ အတိဒုက္ခကြုံတွေ့နေရစဉ် ကူညီကယ်တင်ပေးမှုကို အလုပ်သမားနှင့် မိဘဆွေမျိုးများက နိုင်ငံတော်အစိုးရ၊ ကောင်စစ်ဝန်ချုပ်ရုံးနှင့် မြန်မာသံရုံးတို့အား လှိုက်လှဲစွာ အထူးကျေးဇူးတင်လျက်ရှိကြောင်း သိရသည်။

ဓာတ်ပုံ - ကနုး
ညိမ်းသူ(သတင်းစဉ်)

❂ ကျောဖုံးမှ

ဂျူဗင်တပ်အသင်းဟာ အင်တာမီလန်အသင်းနဲ့ ပွဲစဉ်မတိုင်မီ လာဇီယိုအသင်းရဲ့အောက် အဆင့်(၅)နေရာမှာရပ်တည်ခဲ့ပေမယ့် အမှတ်ပေးဇယား ဒုတိယနေရာက အင်တာမီလန်အသင်းကို အနိုင်ရရှိခဲ့တာကြောင့် စီးရီးအေပွဲစဉ်(၂၅)ပွဲ ယှဉ်ပြိုင်ကစားပြီးချိန်မှာ ၁၁ ပွဲနိုင်၊ ၁၃ ပွဲသရေ၊ တစ်ပွဲရှုံး ရမှတ် ၄၆ မှတ်နဲ့ အမှတ်ပေးဇယား အဆင့်(၄)နေရာကို တက်လှမ်းခွင့်ရရှိခဲ့တာဖြစ်ပါတယ်။

အင်တာမီလန်အသင်းကတော့ ဂျူဗင်တပ်အသင်းကို ရှုံးနိမ့်ခဲ့တာကြောင့် အမှတ်ပေးဇယား အဆင့်(၁)နေရာကို တက်လှမ်းနိုင်မယ့်အခွင့်အရေးနဲ့ လွဲခဲ့ရပြီး ပွဲစဉ်(၂၅)အပြီးမှာ ၁၆ ပွဲနိုင်၊ ခြောက်ပွဲသရေ၊ သုံးပွဲရှုံး ရမှတ် ၅၄ မှတ်နဲ့ အမှတ်ပေးဇယားဒုတိယနေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။

ငွေကြယ်

## ဂန့်ဂေါမြို့ အနောက်ဂန့်ဂေါကျေးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြောင်းမဲ့ ဒရုန်းဖြင့်ဗုံးကြဲခြင်းကြောင့် ပြည်သူများသေဆုံး၊ ထိခိုက်ဒဏ်ရာရရှိကြောင်း မဟုတ်မမှန်သတင်းများ ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၁၇

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့ အနောက်ဘက် အနောက်ဂန့်ဂေါကျေးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြောင်းမဲ့ ဒရုန်းဖြင့်ဗုံးကြဲခြင်းကြောင့် ပြည်သူများသေဆုံး၊ ထိခိုက်ဒဏ်ရာရရှိကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် ရေးသား ဖြန့်ဝေလျက်ရှိကြောင်း သိရသည်။

အဆိုပါ သတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် စစ်ရေးပစ်မှတ်မဟုတ်သည့် ပြည်သူများနေထိုင်ရာ ကျေးရွာများအား အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်ခြင်းမရှိကြောင်း၊ အကြမ်းဖက်သမားများကသာ ၎င်းတို့ကို ထောက်ခံအားပေးခြင်းမရှိသည့် နယ်မြေများကို ၎င်းတို့အပေါ် အကြောက်တရားလွှမ်းမိုးစေရန် လက်နက်ကြီးများဖြင့် ပစ်ခတ်ခြင်း၊ ဒရုန်းများဖြင့် ဗုံးကြဲခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ အကြမ်းဖက်အားပေး ပြည်ဖျက်မီဒီယာများက အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကို ဖုံးကွယ်ရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူလူထုက အထင်အမြင်လွဲမှားစေရန် လူမှုကွန်ရက်မှတစ်ဆင့် အခြေအမြစ်မရှိသည့် ဓာတ်ပုံများကို အသုံးပြု၍ သတင်းအမှားများဖြင့် လုပ်ကြံရေးသား ဝါဒဖြန့်ဝေခြင်းဖြစ်ကြောင်း သိရသည်။

သတင်းစဉ်




## မွေးမြူရေးတိရစ္ဆာန်များ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

ပွင့်လင်းရာသီသို့ ကူးပြောင်းရောက်ရှိလာပြီဖြစ်ရာ နွေဦးကာလတွင် လေပြင်းတိုက်ခတ်ခြင်း၊ မိုးကြိုးပစ်ခြင်း၊ တစ်ခါတစ်ရံ ရေကြီးရေလျှံခြင်းများနှင့် မီးလောင်ကျွမ်းမှုများဖြစ်ပေါ်နိုင်သဖြင့် မွေးမြူထားသော တိရစ္ဆာန်များအပေါ် ကျရောက်နိုင်သည့် လေပြင်းတိုက်ခတ်မှုအန္တရာယ်၊ ရေကြီးရေလျှံမှုအန္တရာယ်နှင့် မီးဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန်အသိပေးနှိုးဆော်အပ်ပါသည်-

(၁) ရေဒီယို၊ ရုပ်မြင်သံကြားများနှင့် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြသည့် မိုးလေဝသသတိပေးချက်များကို ဂရုပြုနားထောင်၊ ဖတ်ရှု၊ စောင့်ကြည့်ရန်၊

(၂) တိရစ္ဆာန်များအတွက် ဒေသတွင်းရရှိနိုင်သည့် ကောက်ရိုး၊ ပြောင်းရိုး၊ ပဲရိုးနှင့် ပဲမှော်အစရှိသည့် တိရစ္ဆာန်အစာနှင့် သောက်သုံးရေများ လုံလောက်စွာရရှိရေး ကြိုတင်စုဆောင်းထားရန်၊

(၃) ရေကြီးရေလျှံဖြစ်ပေါ်လေ့ရှိသောဒေသများ၌ တိရစ္ဆာန်များကိုရေဘေးအန္တရာယ်မှ ကင်းလွတ်နိုင်ရေး ကြိုတင်စီမံထားရန်၊

(၄) ရေဘေးအန္တရာယ်ကျရောက်လာပါက တိရစ္ဆာန်များကို ရေလွတ်သောနေရာများသို့ အလျင်အမြန်ပြောင်းရွှေ့နေရာချထားရန်အတွက် ကြိုတင်စီမံထားရန်၊

(၅) ရေဘေးအန္တရာယ်ကျရောက်ချိန်၌ ရေပြန်ကျချိန်တွင် ကူးစက်ရောဂါများ ဖြစ်ပွားတတ်သဖြင့် တိရစ္ဆာန်များကို ဦးစီးဌာနက သတ်မှတ်ထားသည့်အတိုင်း တိရစ္ဆာန်ရောဂါကာကွယ်ဆေးများ ကြိုတင်ထိုးနှံထားရန်၊

(၆) မီးချိတ်၊ မီးကပ်၊ သဲပုံး၊ ရေပုံးနှင့် တစ်ပိုင်တစ်နိုင် ကနဦးမီးငြိမ်းသတ်နိုင်သော မီးသတ်ဆေးဘူးများအား အလွယ်တကူရယူနိုင်သော နေရာတွင်ထားရှိပြီး အဆင်သင့်အနေအထားဖြစ်နေရန်နှင့် မီးတားလမ်းများ ပြုလုပ်ထားရှိရန်၊

(၇) သိုလှောင်ထားသော တိရစ္ဆာန်အစာများကို ရေဘေးကင်းလွတ်ရာသို့ အချိန်မီပြောင်းရွှေ့နိုင်ရေး ကြိုတင်စီမံထားရန်၊

(၈) တိရစ္ဆာန်များ ကူးစက်ရောဂါ၊ သာမန်ရောဂါနှင့် ထိခိုက်ဒဏ်ရာများရရှိပါက ဆေးကုသမှု အမြန်ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနသို့ ဆက်သွယ်ရန်၊

(၉) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြား ပူးပေါင်းဆောင်ရွက်ရန်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

## UNIT-6

**The Value of Money and Time: A Foundation for Success**

Students must understand the value of money and time to become responsible individuals and make sound decisions for their future. Parents, teachers, and other adults play a crucial role in fostering this understanding. Students should avoid wasting these resources and instead utilize them effectively for personal growth, family well-being, and contributing to society.

ကျောင်းသားများသည် တာဝန်သိသော လူပုဂ္ဂိုလ်များဖြစ်လာစေရန်နှင့် မိမိတို့၏ အနာဂတ်အတွက် မှန်ကန်သောဆုံးဖြတ်ချက်များ ချမှတ်နိုင်စေရန် ငွေကြေးနှင့် အချိန်၏တန်ဖိုးကို နားလည်ရမည်။ မိဘများ၊ ဆရာများနှင့် အခြားသော အရွယ်ရောက်ပြီးသူများသည် ဤနားလည်မှုကို ပျိုးထောင်ပေးရာတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်ပါသည်။ ကျောင်းသားများသည် ဤအရင်းအမြစ်များကို အလဟဿမဖြုန်းတီးဘဲ မိမိကိုယ်တိုင် တိုးတက်မှု၊ မိသားစု၏ သာယာဝပြောမှုနှင့် လူ့အဖွဲ့အစည်းအတွက် အကျိုးရှိစေရန် ထိရောက်စွာ အသုံးပြုသင့်ပါသည်။

**The Value of Money (ငွေ၏တန်ဖိုး)**

Money represents the hard work and sacrifices of parents. Recognizing and appreciating this effort is essential for developing responsible financial habits. Students can learn valuable lessons by participating in family budgeting discussions. This understanding helps them avoid unnecessary spending, preventing their families from financial strain. Saving money together with parents allows students to work towards future goals and build a secure financial foundation. Unnecessary purchases can quickly deplete resources and hinder long-term financial stability.

ငွေကြေးသည် မိဘများ၏ ပင်ပန်းကြီးစွာ အလုပ်လုပ်ခြင်းနှင့် စွန့်လွှတ်အနစ်နာခံခြင်းတို့ကို ကိုယ်စားပြုပါသည်။ ဤကြိုးပမ်းအားထုတ်မှုကို အသိအမှတ်ပြုခြင်းနှင့် တန်ဖိုးထားခြင်းသည် တာဝန်ယူမှုရှိသော ဘဏ္ဍာရေးအလေ့အကျင့်များ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အလွန်အရေးကြီးပါသည်။ ကျောင်းသားများသည် မိသားစု၏ ဘတ်ဂျက်ရေးဆွဲခြင်း ဆွေးနွေးမှုများတွင် ပါဝင်ခြင်းဖြင့် အဖိုးတန်သော သင်ခန်းစာများကို သင်ယူနိုင်ပါသည်။ ဤနားလည်မှုသည် မလိုအပ်သောအသုံးစရိတ်များကို ရှောင်ရှားရန်နှင့် မိသားစုများအား ဘဏ္ဍာရေးဆိုင်ရာ အခက်အခဲများမှ ကာကွယ်ရန် အထောက်အကူဖြစ်စေပါသည်။ မိဘများနှင့်အတူ ငွေစုဆောင်းခြင်းသည် ကျောင်းသားများအား အနာဂတ်ရည်မှန်းချက်များဆီသို့ ကြိုးပမ်းရန်နှင့် ခိုင်မာသောဘဏ္ဍာရေး အခြေခံအုတ်မြစ်ကို တည်ဆောက်ရန် အခွင့်အလမ်းပေးပါသည်။ မလိုအပ်သော ဝယ်ယူမှုများသည် အရင်းအမြစ်များကို လျင်မြန်စွာ ကုန်ဆုံးစေနိုင်ပြီး ရေရှည်ဘဏ္ဍာရေးတည်ငြိမ်မှုကို ထိခိုက်စေနိုင်ပါသည်။




**စိုင်းအောင်မြင့် (ရှမ်းအိုးစည်-တာချီလိတ်)**

**The Value of Time (အချိန်၏တန်ဖိုး)**

Time is a finite and irreplaceable resource. Effective time management allows students to balance their studies, extracurricular activities, and personal lives. Valuing time leads to the creation of opportunities for academic and personal growth. Understanding the importance of both time and money empowers students to build a successful and fulfilling future. Wasting time can lead to missed opportunities and hinder progress towards goals.

အချိန်သည် အကန့်အသတ်ရှိပြီး အစားထိုးမရနိုင်သော အရင်းအမြစ်တစ်ခုဖြစ်သည်။ ထိရောက်သော အချိန်စီမံခန့်ခွဲမှုသည် ကျောင်းသားများအား မိမိတို့၏ ပညာရေး၊ ပြင်ပလှုပ်ရှားမှုများနှင့် ကိုယ်ရေးကိုယ်တာဘဝများကို ဟန်ချက်ညီစေပါသည်။ အချိန်ကို တန်ဖိုးထားခြင်းသည် ပညာရေးနှင့် ကိုယ်ရေးကိုယ်တာတိုးတက်မှုအတွက် အခွင့်အလမ်းများ ဖန်တီးပေးပါသည်။ အချိန်နှင့် ငွေကြေးနှစ်ခုလုံး၏ အရေးပါမှုကို နားလည်ခြင်းသည် ကျောင်းသားများအား အောင်မြင်ပြီး ပြည့်စုံသောအနာဂတ်ကို တည်ဆောက်ရန် အထောက်အပံ့ဖြစ်စေပါသည်။ အချိန်ကို အလဟဿဖြုန်းတီးခြင်းသည် အခွင့်အလမ်းများဆုံးရှုံးခြင်းနှင့် ရည်မှန်းချက်များဆီသို့ တိုးတက်မှုကို ဟန့်တားခြင်း ဖြစ်စေနိုင်သည်။

In conclusion, grasping the significance of both money and time is crucial for students' development. By learning to manage these resources responsibly, students can pave the way for a brighter future.

အချုပ်အားဖြင့် ဆိုရလျှင် ငွေကြေးနှင့် အချိန်နှစ်ခုလုံး၏ အရေးပါမှုကို နားလည်ခြင်းသည် ကျောင်းသားများအတွက် အလွန်အရေးကြီးပါသည်။ ဤအရင်းအမြစ်များကို တာဝန်သိစွာ စီမံခန့်ခွဲရန် သင်ယူခြင်းဖြင့် ကျောင်းသားများသည် ပိုမိုတောက်ပသော အနာဂတ်အတွက် လမ်းခင်းနိုင်ပါသည်။

---

# သဒ္ဒါနည်းအမှားများ

**လှသမိန်**

(၃၀-၁-၂၀၂၅ ရက်နေ့မှအဆက်)

### ကို

၆။ **အမှား။** ဒဂုန်မြို့**ကို** ရန်ကုန်ဟု တွင်၏။

**အမှန်။** ဒဂုန်မြို့**သည်** ရန်ကုန်ဟု တွင်၏။

**အကြောင်းပြ။** "တွင်"ဟူသော ကြိယာသည် ကံပုဒ်မလိုသော ကြိယာမျိုးဖြစ်သည်။ ထို့ကြောင့် (ကို)ကို သုံးရန်မလိုပေ။ အကယ်၍ "ခေါ်" ဟူသော ကံပုဒ်လိုသည့် ကြိယာကို သုံးပါမူကား။

ဒဂုန်မြို့**ကို** ရန်ကုန်ဟု **ခေါ်**၏။

ဟူ၍ရေးနိုင်ပေသည်။

### ပြီး

၇။ **အမှား။** ဤသတင်းသည် သတင်းစာ၌ ပါ**ပြီးသည်။**

**အမှန်။** ဤသတင်းသည် သတင်းစာ၌ ပါ**ပြီး**(သောသတင်း)ဖြစ်**သည်။** သို့မဟုတ်၊ ဤသတင်းသည် သတင်းစာ၌ ပါ**ပြီးပြီ။**

**အကြောင်းပြ။** အကူကြိယာ(ပြီး)ကို (သည်)နှင့် မတွဲစပ်ချေ။ ပြီးသော အရာဖြစ်သည်၊ ပြီးပြီဟူ၍သာ သုံးရသည်။ (ပြီး) ကို သီးခြားကြိယာအဖြစ် သုံးမူကား၊

ပွဲ ညနေတွင် **ပြီးသည်။**

ဟူ၍ သုံးနိုင်သည်။

### မှ

၈။ **အမှား။** ဦးဘ **မှ** ဖိတ်ကြားပါသည်။

**အမှန်။** ဦးဘ **က** ဖိတ်ကြားပါသည်။

**အကြောင်းပြ။** ဦးဘသည် ဖိတ်သူ ကတ္တားဖြစ်၍(က)ကို သုံးရန်လိုသည်။ (မှ)သည် ထွက်ခွာရာကို ပြသောပုဒ်ဖြစ်၍ ကတ္တားနှင့်မဆိုင်ချေ။

ဦးဘထံမှ ဖိတ်စာပို့သည်။

ဟုရေးနိုင်ပေသည်။ (ဖိတ်စာပို့သည်)မှာ အခြေခံဝါကျဖြစ်၍ ပို့ရာအရပ်သည် ဦးဘ၏အထံဖြစ်ကြောင်းကို (မှ)ဖြင့် ထင်ရှားစေသည်။

### က

၉။ **အမှား။** ဘာ**က** အနှောင့်အယှက်**ဖြစ်**နေသလဲ။

**အမှန်။** ဘာ**က** အနှောင့်အယှက်**ပြု**နေသလဲ။

**အကြောင်းပြ။** (က)သည် ပြုလုပ်ကြောင်းကြိယာနှင့်သာ တွဲ၍သုံးနိုင်သော ပုဒ်ဖြစ်သည်။ ဖြစ်ကြောင်းကြိယာနှင့် မသုံးနိုင်။ ထို့ကြောင့်-

ဘာ(သည်)အနှောင့်အယှက် ဖြစ်နေသလဲ ဟူ၍သာ ရေးလိုက ရေးနိုင်သည်။

### မည်သည့်

၁၀။ **အမှား။ မည်သည့်** စာအုပ် မကောင်းချေ။

**အမှန်။ မည်သည့်** စာအုပ်**မျှ** မကောင်းချေ။

**အကြောင်းပြ။** (မည်သည့်)မှာ ပုဒ် မပြည့်စုံသေးချေ။ နောက်မှ(မျှ၊ မဆို၊ ဟူ၍တွင်) စသည်တို့ကို ဆက်၍သုံးမှ ပြည့်စုံသည်။ မေးခွန်းဖြစ်မူ နောက်ဆက်မပါဘဲ-

မည်သည့်စာအုပ်နည်း၊ စသည်ဖြင့်သုံးနိုင်လေသည်။

### မို့

၁၁။ **အမှား။** သူမသိမို့ မေးသည်။

**အမှန်။** သူမသိလို့ မေးသည်။

**အကြောင်းပြ။** (မို့)ကို ကြိယာနှင့်မတွဲ၊ နာမ်နှင့်သာ အတွဲများသည်။ ကြိယာနှင့်(လို့)ကိုသာ အသုံးများသည်။ (လို့) သည် (သောကြောင့်) ဟူသော စကားနှင့်ညီမျှသည်။

### လို့

၁၂။ **အမှား။** သူရဲကောင်းလို့ သတ္တိရှိသည်။

**အမှန်။** သူရဲကောင်းမို့ သတ္တိရှိသည်။

**အကြောင်းပြ။** (မို့)သည် (ဖြစ်သည့်အတွက်)ဟူသော စကားနှင့် ညီမျှသည်။ ထို့ကြောင့် နာမ်နှင့်သာ အသုံးများသည်။

သူရဲကောင်း**မို့လို့** ဟူ၍ဖြစ်စေ၊

သူရဲကောင်းဖြစ်သည်**မို့** ဟူ၍ဖြစ်စေ သုံးနိုင်သည်။ (လို့)ကို ကြိယာအဆုံးသတ် (သည်)နှင့် မတွဲရချေ။ (မို့)ကိုမူ ကြိယာအဆုံးသတ်ပါလျှင် တွဲ၍သုံးသည်။ သူရဲကောင်းဖြစ်သည် (၏အကြောင်းကြောင့်) ဟူ၍ အဓိပ္ပာယ်ရှိသည်။

### ဘွယ်

၁၃။ **အမှား။** ဤစာအုပ်ကို ဖတ်**ဘွယ်**ကောင်း၏။

**အမှန်။** ဤစာအုပ်သည် ဖတ်**ဖွယ်**ကောင်း၏။

**အကြောင်းပြ။** စာအုပ်ကို ဖတ်သည်ကား မှန်သည်။ သို့ရာတွင် (ဖွယ်)သည် ကံပါသောကြိယာကို ကံမပါသော ကြိယာအဖြစ် ပြောင်းနိုင်သဖြင့် (ကို)ဟူသော ကံပုဒ်ကိုသုံးရန် မလိုပေ။ (သည်)ဟူသော ကတ္တားပုဒ်သာ လိုသည်။

### ထိုက်

၁၄။ **အမှား။** ဤစာအုပ်**ကို** ဖတ်ထိုက်၏။

**အမှန်။** ဤစာအုပ်**သည်** ဖတ်ထိုက်၏။

**အကြောင်းပြ။** (ထိုက်)သည်လည်း ကံပုဒ်အဖြစ်မှ ကတ္တားပုဒ်ကို ပြောင်းစေနိုင်လေသည်။

ဤစာအုပ်ကို ဖတ်ပါ။ ဟူ၍ဖြစ်စေ၊

ဤစာအုပ်ကို ဖတ်ခြင်းသည် ထိုက်၏ဟူ၍ဖြစ်စေ၊ ရေးလိုက ရေးနိုင်သည်။

### တို့

၁၅။ **အမှား။** လူ**များ**သည် ရွှေကို တန်ဖိုးထားမြဲဖြစ်၏။

**အမှန်။** လူ**တို့**သည် ရွှေကို တန်ဖိုးထားမြဲဖြစ်၏။

**အကြောင်းပြ။** လူများကိုဆိုရာ၌ အရေအတွက်အားဖြင့် များပြားသည်ကို မဆိုလို၊ လူဟူသမျှအားလုံးကို ပေါင်းရုံးဆိုလိုခြင်းဖြစ်သောကြောင့် (တို့)ကိုသာ သုံးစွဲရလေသည်။ ထိုနည်းတူ (ကောင်းကင်တို့၊ လရောင်တို့) စသည်ဖြင့် ပေါင်းခြုံ၍သုံးသည်။ (ကောင်းကင်များ၊ လရောင်များ) ဟူ၍ အသုံးမတွင်ချေ။

**မှတ်ချက်။ တို့**ကို သုံးယောက်တို့၊ ငါးဦးတို့ စသည်ဖြင့် အရေအတွက်ပြသင်္ချာနှင့်လည်း တွဲ၍သုံးသည်။

### သာမက

၁၆။ **အမှား။** ကလေးသည် စာမတတ်မြောက်**မည်သာမက**၊ ဖျင်းလည်း ဖျင်းမည်။ ကလေးသည် စာတတ်မြောက်ခြင်းမရှိမည် **သာမက** ဖျင်းလည်း ဖျင်းမည်။

**အမှန်။** ကလေးသည် စာတတ်မြောက်မည်မဟုတ် **သည်သာမက**၊ ဖျင်းလည်း ဖျင်းမည်။

**အကြောင်းပြ။** (သာမက)ကို မည်ဟူသော မသေချာသည့် အနာဂတ်ပုဒ်မျိုးနှင့် တိုက်ရိုက်သုံးလေ့မရှိပေ။ အနာဂတ်ပုဒ်ကို တိကျစွာသုံးမှ ဖြစ်မည့်အခါ၌(သည်)နှင့် ဖြည့်စွက်၍။

တတ်မြောက်မည်မဟုတ်(သည်)-သာမက ဟူ၍သာ သုံးနှုန်းရလေသည်။

(ဆက်လက်ဖော်ပြပါမည်)

**ဆရာကြီး လှသမိန်၏ "မှားတတ်သော မြန်မာစာအရေးအသား (အမှန်ရေးနည်း)" စာအုပ်မှ ကူးယူဖော်ပြပါသည်။**

# ပုသိမ်မြို့၌ ယာယီနေရပ်စွန့်ခွာပြည်သူများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေမှ ထောက်ပံ့ငွေပေးအပ်

**ပုသိမ် ဖေဖော်ဝါရီ ၁၇**

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ပုသိမ်လေတပ်စခန်းဌာနချုပ်မှူးနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက ပုသိမ်မြို့ ရောရွှေဝါခန်းမတွင်ပြုလုပ်သည့် အကြမ်းဖက်ဖြစ်စဉ်များကြောင့် ယာယီနေရပ်စွန့်ခွာ ပြည်သူများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ထောက်ပံ့ငွေပေးအပ်ခြင်း အခမ်းအနားသို့ တက်ရောက်သည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က "သဘာဝဘေးအန္တရာယ်ဆိုသည့် စကားရပ်တွင် အကြမ်းဖက်ခြင်း၊ လက်နက်ကိုင်သောင်းကျန်းမှုများဖြစ်ပွားခြင်းလည်းပါဝင်သောကြောင့် အကြမ်းဖက်ဖြစ်စဉ်များကြောင့် ယာယီနေရပ်စွန့်ခွာပြည်သူများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီရန်ပုံငွေမှ လိုအပ်သည့် ထောက်ပံ့မှုများ ပေးခြင်းဖြစ်ကြောင်း၊ ယခုအခါ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ရှစ်ခရိုင်၊ မြို့နယ် ၂၆ မြို့နယ်တွင် ယာယီပြောင်းရွှေ့ နေထိုင်ကြသူများအား စုစုပေါင်းထောက်ပံ့ငွေကျပ် ၅၀၁ ဒသမ ၇၂ သန်းကို သက်ဆိုင်ရာမြို့နယ်များ၏ ငွေစာရင်းများသို့ လွှဲပြောင်းထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ နိုင်ငံတော်က ယာယီနေရပ်စွန့်ခွာ ပြည်သူများအတွက် စီစဉ်ထောက်ပံ့ပေးအပ်သည့် ထောက်ပံ့ငွေများကို သက်ဆိုင်ရာ ပြည်သူများ လက်ဝယ်အရောက် တာဝန်ရှိသူအဆင့်ဆင့်က စေတနာထားပြီး ကြီးကြပ်ဆောင်ရွက်ပေးကြရန်လိုကြောင်း" အမှာစကား ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့က အကြမ်းဖက်ဖြစ်စဉ်များကြောင့် ယာယီနေရပ်စွန့်ခွာ ပြည်သူများအတွက် ထောက်ပံ့ငွေများပေးအပ်ရာ ပုသိမ်ခရိုင်၊ ကျုံပျော်ခရိုင်၊ ဟင်္သာတခရိုင်၊ မြန်အောင်ခရိုင်၊ မြောင်းမြခရိုင်၊ မအူပင်ခရိုင်၊ ဖျာပုံခရိုင်၊ လပွတ္တာခရိုင်တို့မှ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် ပြည်သူများကိုယ်စားလှယ်တစ်ဦးစီက လက်ခံရယူခဲ့ပြီး ပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။




ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ယာယီနေရပ်စွန့်ခွာ ပြည်သူများအား ထောက်ပံ့ငွေများ ထုတ်ပေးနေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး စာရင်းဇယားတိကျမှန်ကန်မှု ရှိစေရေး တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ပြည်မြို့၌ ယာယီနေရပ်စွန့်ခွာပြည်သူများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေမှ ထောက်ပံ့ငွေပေးအပ်

**ပြည် ဖေဖော်ဝါရီ ၁၇**

ပြည်မြို့ သီရိခေတ္တရာ ရတနာမြို့တော်ခန်းမ၌ ယမန်နေ့နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်၊ နတ်တလင်းခရိုင်နှင့် သာယာဝတီခရိုင်အတွင်းသို့ အကြမ်းဖက်ဖြစ်စဉ်များကြောင့် ပြောင်းရွှေ့ရောက်ရှိနေသည့် ယာယီနေရပ်စွန့်ခွာ နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ထောက်ပံ့ခြင်း အခမ်းအနားကျင်းပခဲ့ရာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမျိုးဆွေဝင်း တက်ရောက်ခဲ့သည်။

**အားပေးစကားပြောကြား**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အကြမ်းဖက်ဖြစ်စဉ်များကြောင့် ပြောင်းရွှေ့ရောက်ရှိနေသည့် ယာယီနေရပ်စွန့်ခွာ ဝန်ထမ်းများနှင့် ပြည်သူများအား အားပေးစကား ပြောကြားသည်။




ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အကြမ်းဖက်ဖြစ်စဉ်များကြောင့် ပြောင်းရွှေ့ရောက်ရှိနေသည့် ယာယီနေရပ်စွန့်ခွာ နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူများအတွက် နိုင်ငံတော်က တစ်ဦးလျှင် တစ်လ ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် လစဉ်ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်း၊ ပဲခူးတိုင်းဒေသကြီး(အနောက်ခြမ်း) ပြည်ခရိုင်အတွင်း ယာယီနေရပ်စွန့်ခွာပြည်သူ ၂၁၉၂ ဦး၊ နတ်တလင်းခရိုင်အတွင်း ယာယီနေရပ်စွန့်ခွာ ပြည်သူ ၁၇၂၆ ဦးနှင့် သာယာဝတီခရိုင်အတွင်း ယာယီနေရပ်စွန့်ခွာ ပြည်သူ ၉၄၇ ဦး စုစုပေါင်း ယာယီနေရပ်စွန့်ခွာပြည်သူ ၄၈၆၅ ဦးအတွက် တစ်လစာ ငွေကျပ် ၉၇၃ သိန်းအား ပေးအပ်ခဲ့ရာ သက်ဆိုင်ရာ ခရိုင်တာဝန်ရှိသူများကလက်ခံရယူပြီး ယာယီနေရပ်စွန့်ခွာ ပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြန်လည် ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် တက်ရောက်လာသည့် ယာယီနေရပ်စွန့်ခွာ နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက် အားပေးစကား ပြောကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# အကြမ်းဖက်ဖြစ်စဉ်များကြောင့် ယာယီနေရပ်စွန့်ခွာပြည်သူများအား ထောက်ပံ့ငွေပေးအပ်ခြင်းအခမ်းအနား ကျင်းပ

**ဟိုပုံး ဖေဖော်ဝါရီ ၁၇**

ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်၌ ရောက်ရှိနေသော ယာယီနေရပ်စွန့်ခွာပြည်သူများအား ထောက်ပံ့ငွေပေးအပ်ခြင်း အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲက ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသခန်းမ၌ ကျင်းပသည်။



**ပြောကြား**

ဦးစွာ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေးက အဖွင့်အမှာစကား ပြောကြားရာတွင် အကြမ်းဖက်ဖြစ်စဉ်များကြောင့် ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းသို့ရောက်ရှိနေသည့် ယာယီနေရပ်စွန့်ခွာပြည်သူများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေး ရန်ပုံငွေမှ ပေးအပ်သည့် ၂၀၂၅ ခုနှစ် ဇန်နဝါရီလအတွက် ထောက်ပံ့ငွေများကို ယာယီနေရပ်စွန့်ခွာပြည်သူ တစ်ဦးလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ပေးအပ်သွားမည်ဖြစ်ကြောင်း၊ ယာယီနေရပ်စွန့်ခွာပြည်သူများ အတွက် အမျိုးသားသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးရန်ပုံငွေမှ ထောက်ပံ့ငွေများအား ဘဏ္ဍာရေး လုပ်ထုံးလုပ်နည်းများနှင့် အညီ ပေးအပ်နိုင်ရေး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက ဟိုပုံးမြို့နယ်အတွင်းရှိ ယာယီနေရပ်စွန့်ခွာ ပြည်သူများကို လည်းကောင်း၊ ဆီဆိုင်မြို့နယ်အတွင်းရှိ ယာယီနေရပ်စွန့်ခွာပြည်သူများကို လည်းကောင်း၊ ပင်လောင်းမြို့နယ်အတွင်းရှိ ယာယီနေရပ်စွန့်ခွာ ပြည်သူများကို လည်းကောင်း၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမျိုးအောင်က ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ အတွင်းရှိ ယာယီနေရပ်စွန့်ခွာ ဝန်ထမ်းများကိုလည်းကောင်း၊ ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေး အဖွဲ့ အဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီး ညီညီတင်က ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိယာယီ နေရပ်စွန့်ခွာပြည်သူများကိုလည်းကောင်း၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဒုတိယရဲမှူးကြီး သန်းဌွေးအောင်က ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ ယာယီနေရပ်စွန့်ခွာပြည်သူများကိုလည်းကောင်း ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြပြီး ယာယီနေရပ်စွန့်ခွာ ပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

**ထောက်ပံ့ငွေများပေးအပ်**

အဆိုပါ ထောက်ပံ့ငွေများ ပေးအပ်ရာတွင် ဟိုပုံးမြို့နယ် အတွင်း ရောက်ရှိနေသည့် ယာယီနေရပ်စွန့်ခွာပြည်သူ ၉၅၀ အတွက် တစ်ဦးလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ငွေကျပ်သိန်း ၁၉၀၊ ဆီဆိုင်မြို့နယ်အတွင်း ရောက်ရှိနေသည့် ယာယီနေရပ်စွန့်ခွာ ပြည်သူ ၅၃၂ ဦးအတွက် တစ်ဦးလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ငွေကျပ် ၁၀၆၄၀၀၀၀၊ ပင်လောင်းမြို့နယ်အတွင်း ရောက်ရှိနေသည့် ယာယီနေရပ်စွန့်ခွာပြည်သူ ၁၄၁၀၆ ဦးအတွက် တစ်ဦးလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ငွေကျပ် ၂၈၂၁၂၀၀၀၀ စုစုပေါင်း ယာယီနေရပ်စွန့်ခွာပြည်သူ ၁၅၅၈၈ ဦးတို့အတွက် ငွေကျပ် ၃၁၁၇၆၀၀၀၀ ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**ပအိုဝ်းဒေသ(ပြန်/ဆက်)**

နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

# ကျောက်ဆည်ခရိုင်၌ ပဲတီစိမ်း(ဆောင်း)သီးနှံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

မန္တလေး ဖေဖော်ဝါရီ ၁၇

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်သည် ဆည်ရေသောက်ဒေသဖြစ်၍ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ ပဲတီစိမ်းသီးနှံများကို ကျောက်ဆည်မြို့နယ်တွင် ဧက ၂၄၈၀၊ မြစ်သားမြို့နယ်တွင် ဧက ၁၂၉၀ စုစုပေါင်းစိုက်ဧက ၃၇၇၀ စိုက်ပျိုးထားရှိကြောင်း သိရသည်။

ဆောင်းပဲတီစိမ်းသီးနှံများကို အောက်တိုဘာလနှင့် နိုဝင်ဘာလများတွင် စိုက်ပျိုးကြ၍ မတ်လနှင့်ဧပြီလများတွင် ထွက်ပေါ်ကြောင်း၊ ကျောက်စိမ်းမျိုးနှင့် ရေဆင်း-၁၁ မျိုးများကို အများဆုံးစိုက်ပျိုးကြပြီး မျိုး၊ သွင်းအားစု၊ လုပ်သားခ အပါအဝင် တစ်ဧကလျှင် စုစုပေါင်းငွေကျပ် သုံးသိန်းခန့် ကုန်ကျကြောင်း၊ ယခင်နှစ်က တစ်ဧကလျှင် ၁၁-၁၂ တင်းခန့် ထွက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် တောင်သူများက ကျောက်ဆည်မြို့ပေါ်ရှိ ပွဲရုံများသို့ တင်ပို့ရောင်းချကြပြီး ထိုမှတစ်ဆင့် ရန်ကုန်နှင့် မန္တလေးမြို့များသို့ တင်ပို့ရောင်းချကြကြောင်း၊ ယခုအချိန်တွင် ပဲတီစိမ်းသီးနှံစိုက်ခင်းများမှာ အသီးအပွင့်များ ဝေဝေဆာဆာဖြင့် အောင်မြင်ဖြစ်ထွန်းလျက်ရှိရာ သီးနှံထွက်ပေါ်ချိန်တွင် အထွက်နှုန်းနှင့် ဈေးနှုန်းများ ကောင်းမွန်ပါက အကျိုးအမြတ် ပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း ပဲတီစိမ်းစိုက်ပျိုးသော တောင်သူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။



# စဉ့်ကိုင်မြို့နယ်၌ ဆောင်းနှမ်းသီးနှံများ စတင်ထွက်ပေါ်

မန္တလေး ဖေဖော်ဝါရီ ၁၇



မန္တလေး တိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ်တွင် လယ်ယာစိုက်ပျိုးရေး လုပ်ငန်းကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ ဆီထွက်သီးနှံတစ်မျိုးဖြစ်သည့် နှမ်းသီးနှံကို တစ်နှစ်ပတ်လုံး စိုက်ပျိုးကြကြောင်း၊ ကျောက်ဆည်ခရိုင်အတွင်း ဆောင်းနှမ်းစိုက်ပျိုးမှုအနေဖြင့် ၁၁၈၆၇ ဧက စိုက်ပျိုးထားရှိရာ စဉ့်ကိုင်မြို့နယ်တွင် ၁၀၈၈ ဧက စိုက်ပျိုးထားရှိကြောင်း၊ နှမ်းသီးနှံများကို ဖေဖော်ဝါရီလ ပထမပတ်မှ စတင်၍ ရိတ်သိမ်းလျက်ရှိပြီး စဉ့်ကိုင်မြို့နယ်တွင် ၁၀၀၅ ဧက ရိတ်သိမ်းပြီး ဖြစ်ကြောင်း၊ တစ်ဧကလျှင် ပျမ်းမျှ ၉-၁၀ တင်းခန့်ထွက်ရှိကြောင်း ခရိုင်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။

ဆောင်းနှမ်းကို စက်တင်ဘာလနှင့် အောက်တိုဘာလများတွင် စိုက်ပျိုးပြီး ဖေဖော်ဝါရီလတွင် ခူးဆွတ်ရကြောင်း၊ မျိုးအနေဖြင့် နှမ်းဖြူမျိုးများကို ကြပ်စနစ်ဖြင့် စိုက်ပျိုးကြကြောင်း၊ မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်း ငွေကျပ် ၃၅၀၀၀၀ ခန့်ကုန်ကျကြောင်း၊ ဈေးကွက်အနေဖြင့် တောင်သူများက မြစ်သားမြို့နှင့် ကျောက်ဆည်မြို့ပေါ်ရှိ ပွဲရုံများသို့ တိုက်ရိုက်ရောင်းချကြပြီး ပွဲရုံများမှတစ်ဆင့် ရန်ကုန်မြို့နှင့် မန္တလေးမြို့များသို့ တင်ပို့ရောင်းချလျက် ရှိကြောင်း၊ ယခုနှစ်တွင် နှမ်းဈေးနှုန်းများ ကောင်းမွန်သောကြောင့် တောင်သူများ အကျိုးအမြတ်ရရှိကြောင်း နှမ်းစိုက် တောင်သူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

သတင်းရင်းမြစ် - စီးပွား/ကူးသန်း

# စဉ့်ကိုင်မြို့နယ်၌ ဆောင်းမြေပဲသီးနှံများ စတင်ထွက်ရှိ

မန္တလေး ဖေဖော်ဝါရီ ၁၇

မန္တလေး တိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ်တွင် လယ်ယာစိုက်ပျိုးရေး လုပ်ငန်းကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ ဆီထွက်သီးနှံ တစ်မျိုးဖြစ်သည့် မြေပဲသီးနှံကို ပိုမိုတိုးချဲ့စိုက်ပျိုးလာကြကြောင်း၊ ကျောက်ဆည်ခရိုင်အတွင်း ဆောင်းမြေပဲစိုက်ပျိုးမှုအနေဖြင့် စိုက်ဧက ၁၁၅၇ ဧက စိုက်ပျိုးထားရှိရာ စဉ့်ကိုင်မြို့နယ်တွင် ၅၆ ဧက စိုက်ပျိုးထားရှိကြောင်း၊ ဆောင်းမြေပဲသီးနှံများကို ဖေဖော်ဝါရီလ ပထမပတ်မှ စတင်၍ တူးဖော်လျက်ရှိပြီး စဉ့်ကိုင်မြို့နယ်တွင် ၃၅ ဧက တူးဖော်ပြီးဖြစ်ကြောင်း ခရိုင်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။

ဆောင်းမြေပဲ သီးနှံကို စက်တင်ဘာလနှင့် အောက်တိုဘာလများတွင် စိုက်ပျိုးကြပြီး ဖေဖော်ဝါရီလနှင့် မတ်လများတွင် တူးဖော်ကြကြောင်း၊ စိုက်ပျိုးရာတွင် ပင်ထောင်မြေပဲမျိုးများကို ထွန်ကြောင်းဆွဲ အစေ့ချစနစ်ဖြင့် စိုက်ပျိုးကြပြီး မျိုး၊ သွင်းအားစု၊ လုပ်သားခ အပါအဝင် စုစုပေါင်း ငွေကျပ် ၅၃၀၀၀၀ ခန့် ကုန်ကျကြောင်း၊ အထွက်နှုန်းအနေဖြင့် ၄၆ တင်းခန့် ထွက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် ပွဲစားများနှင့် ဒေသတွင်း ဆီစက်လုပ်ငန်းရှင်များက ကျေးရွာများသို့ လာရောက်ဝယ်ယူ၍ အရောင်းအဝယ်ဖြစ်လျက်ရှိသည့် အပြင် တောင်သူများက ကျောက်ဆည်မြို့ပေါ်ရှိ ပွဲရုံများသို့ တိုက်ရိုက်တင်ပို့ရောင်းချကြပြီး ပွဲရုံများမှ တစ်ဆင့် ရန်ကုန်နှင့် မန္တလေးမြို့တို့သို့ တင်ပို့ရောင်းချလျက်ရှိသည်။ မြေပဲစိုက်ပျိုးခြင်းသည် စားသုံးဆီဖူလုံသည့် အပြင် ဈေးနှုန်း ကောင်းမွန်သောကြောင့် တောင်သူများ အကျိုးအမြတ်ရရှိကြောင်း သိရသည်။





# ကျောက်ဆည်ခရိုင်၌ ပဲယဉ်းများစတင်ထွက်ပေါ်၍ ဈေးကောင်းရရှိ

မန္တလေး ဖေဖော်ဝါရီ ၁၇

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်သည် သီးနှံမျိုးစုံ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းလျက်ရှိရာ စပါး၊ ပဲ၊ ပြောင်းသီးနှံမျိုးစုံအပြင် ပဲယဉ်းသီးနှံကိုလည်း စိုက်ပျိုးကြပြီး စိုက်ဧကစုစုပေါင်း ၅၁၈ ဧက စိုက်ပျိုးထားကြောင်း ခရိုင်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။

ပဲယဉ်းသီးနှံကို အောက်တိုဘာလဆန်းတွင် စိုက်ပျိုးပြီး ဖေဖော်ဝါရီလ ဒုတိယပတ်မှ စတင်၍ ထွက်ရှိကြောင်း၊ ပဲယဉ်းကြီးမျိုးနှင့် ပဲယဉ်းသေးမျိုးများကို အများဆုံး စိုက်ပျိုးကြပြီး ကြပ်စနစ်ဖြင့် စိုက်ပျိုးကြကြောင်း၊ မျိုး၊ သွင်းအားစု၊ လုပ်သားခ အပါအဝင် ပဲယဉ်းတစ်ဧကလျှင် ငွေကျပ် ၂၀၀၀၀၀ ခန့် ကုန်ကျပြီး ၂၀-၂၅ တင်းခန့် ထွက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် တောင်သူများက ကျောက်ဆည်၊ မြစ်သားမြို့ရှိ ပွဲရုံများသို့ တိုက်ရိုက်တင်ပို့ရောင်းချလျက်ရှိပြီး ပွဲရုံများမှတစ်ဆင့် မန္တလေး၊ ရန်ကုန်မြို့တို့သို့ တင်ပို့ရောင်းချကြကာ သီးနှံပေါ်စအချိန်တွင် ဈေးနှုန်းကောင်းမွန်လျက်ရှိသောကြောင့် ယခင်နှစ်ထက် အကျိုးအမြတ်ပိုမိုရရှိကြောင်း ပဲယဉ်းစိုက်တောင်သူတစ်ဦးထံမှ သိရသည်။

## ၁၇-၂-၂၀၂၅ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ဝိသာ) | | စားဖိုဆောင်သုံး (တစ်ဝိသာ) | | | | | | | | | | | | | အသား၊ ငါး(တစ်ဝိသာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ညှို့မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်း) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၆၀၀ | | ၉၅၀၀ | ၂၅၀၀၀ | ၁၁၁၆၅ | ၂၄၀၀၀ | ၆၀၀၀ | ၂၃၀၀၀ | ၂၀၀၀၀ | ၁၁၀၀၀ | ၈၀၀၀ | ၂၀၀၀ | ၁၅၀၀၀ | ၉၅၀၀ | ၁၄၀၀၀ | ၉၀၀၀ | ၉၀၀၀ | ၂၆၀၀၀ | ၅၀၀၀၀ | ၂၈၀၀၀ | ၃၅၀၀၀ | ၂၆၀၀၀ |
| ၂ | ကျိုင်းတုံ | ၅၂၀၀ | | ၇၃၀၀ | ၂၂၀၀၀ | - | ၂၀၀၀၀ | ၅၀၀၀ | ၂၀၀၀၀ | ၁၈၀၀၀ | ၁၇၀၀၀ | ၄၅၀၀ | ၂၀၀၀ | ၁၂၀၀၀ | ၉၀၀၀ | ၁၀၀၀၀ | ၅၀၀၀ | ၇၀၀၀ | ၂၀၀၀၀ | ၃၅၀၀၀ | ၃၀၀၀၀ | | ၁၆၀၀၀ |
| ၃ | တောင်ကြီး | ၃၆၀၀ | ၃၄၀၀ | ၇၃၀၀ | ၂၀၀၀၀ | ၇၉၅၀ | ၁၇၅၀၀ | ၄၅၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၇၀၀၀ | ၆၀၀၀ | ၁၂၀၀ | ၁၁၀၀၀ | ၇၈၀၀ | ၅၅၀၀ | ၅၀၀၀ | ၅၅၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၂၇၀၀၀ | ၃၀၀၀၀ | ၂၀၀၀၀ |
| ၄ | လွိုင်ကော် | ၄၀၀၀ | | ၇၀၀၀ | ၁၈၀၀၀ | ၈၀၀၀ | ၁၆၀၀၀ | ၃၀၀၀ | ၁၅၀၀၀ | | | ၃၅၀၀ | ၁၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၄၀၀၀ | ၅၅၀၀ | ၅၈၀၀ | ၁၆၀၀၀ | ၂၉၀၀၀ | ၂၄၀၀၀ | ၃၅၀၀၀ | ၁၈၀၀၀ |
| ၅ | ဘားအံ | ၃၆၀၀ | | ၆၀၀၀ | ၂၀၀၀၀ | ၇၉၅၀ | ၁၇၀၀၀ | ၄၅၀၀ | ၁၇၀၀၀ | ၁၇၀၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၁၅၀၀ | ၁၀၀၀၀ | ၇၅၀၀ | ၁၂၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၁၀၀၀၀ |
| ၆ | မော်လမြိုင် | ၃၂၀၀ | | ၅၃၀၀ | ၁၈၀၀၀ | ၇၈၄၀ | ၁၇၀၀၀ | ၄၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၁၆၀၀၀ | ၇၀၀၀ | ၁၂၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၁၇၀၀၀ | ၆၀၀၀ | ၆၀၀၀ | ၁၇၀၀၀ | ၃၀၀၀၀ | ၁၈၀၀၀ | ၃၃၀၀၀ | ၁၁၀၀၀ |
| ၇ | ထားဝယ် | ၃၅၀၀ | | ၆၀၀၀ | ၂၀၀၀၀ | ၈၃၀၀ | ၁၆၀၀၀ | ၃၅၀၀ | ၁၈၀၀၀ | ၁၉၀၀၀ | | ၁၀၀၀၀ | ၆၀၀ | ၁၁၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၅၆၀၀ | ၁၇၅၀၀ | ၃၂၀၀၀ | ၂၁၀၀၀ | ၃၃၀၀၀ | |
| ၈ | မြိတ် | ၃၇၅၀ | | ၆၂၅၀ | ၂၀၀၀၀ | ၈၄၆၀ | ၁၆၅၀၀ | ၃၈၀၀ | ၁၇၀၀၀ | ၁၆၅၀၀ | ၈၅၀၀ | ၆၅၀၀ | ၈၅၀ | ၉၈၀၀ | ၇၅၀၀ | ၁၂၀၀၀ | ၆၅၀၀ | ၆၀၀၀ | ၁၈၀၀၀ | ၃၂၀၀၀ | ၂၂၀၀၀ | ၂၆၀၀၀ | |
| ၉ | ရန်ကုန် | ၃၄၀၀ | | ၅၅၀၀ | ၂၀၀၀၀ | ၇၄၀၀ | ၁၅၀၀၀ | ၄၆၀၀ | ၁၉၀၀၀ | ၁၉၀၀၀ | ၁၄၀၀၀ | ၈၀၀၀ | ၁၀၀၀ | ၁၁၀၀၀ | ၇၂၀၀ | ၁၆၀၀၀ | ၇၀၀၀ | ၅၆၀၀ | ၁၉၀၀၀ | ၃၀၀၀၀ | ၂၆၀၀၀ | ၃၁၀၀၀ | ၁၀၀၀၀ |
| ၁၀ | ပုသိမ် | ၃၂၀၀ | | ၄၉၅၀ | ၂၃၀၀၀ | ၇၈၀၀ | ၁၀၀၀၀ | ၃၂၀၀ | ၁၈၀၀၀ | ၁၅၀၀၀ | ၇၀၀၀ | ၇၀၀၀ | ၄၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၁၁၀၀၀ | ၃၈၀၀ | ၅၅၀၀ | ၁၈၀၀၀ | ၂၈၀၀၀ | ၂၂၀၀၀ | ၃၂၀၀၀ | ၁၀၀၀၀ |
| ၁၁ | ဟားခါး | | | ၁၁၀၀၀ | ၃၁၀၀၀ | - | ၆၅၀၀၀ | ၈၅၀၀ | ၃၀၀၀၀ | | | ၇၀၀၀ | ၁၄၀၀ | | ၁၃၅၀၀ | | ၉၀၀၀ | ၉၀၀၀ | ၃၃၀၀၀ | ၃၀၀၀၀ | ၃၀၀၀၀ | | ၃၀၀၀၀ |
| ၁၂ | မုံရွာ | ၃၃၅၀ | | ၅၅၀၀ | ၁၆၀၀၀ | ၈၁၅၀ | ၁၅၀၀၀ | ၃၀၀၀ | ၁၆၀၀၀ | ၂၃၀၀၀ | ၁၄၀၀၀ | ၆၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၉၀၀၀ | ၈၅၀၀ | ၇၀၀၀ | ၆၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၂၁၀၀၀ | ၂၂၀၀၀ | ၁၁၀၀၀ |
| ၁၃ | မန္တလေး | ၃၆၀၀ | | ၆၅၀၀ | ၁၆၅၀၀ | ၈၁၂၅ | ၁၈၀၀၀ | ၃၈၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ | ၅၀၀၀ | ၁၀၀၀ | ၈၃၀၀ | ၆၈၀၀ | ၁၂၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၁၈၀၀၀ | ၃၄၀၀၀ | ၂၆၀၀၀ | ၂၈၀၀၀ | ၁၆၀၀၀ |
| ၁၄ | ပခုက္ကူ | ၄၀၀၀ | | ၆၅၀၀ | ၁၅၀၀၀ | ၈၁၀၀ | ၁၄၀၀၀ | ၃၃၀၀ | ၁၄၀၀၀ | ၁၉၀၀၀ | ၁၂၀၀၀ | ၃၅၀၀ | ၇၀၀ | ၉၅၀၀ | ၈၅၀၀ | ၁၀၀၀၀ | ၄၅၀၀ | ၅၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၂၄၀၀၀ | ၂၈၀၀၀ | ၁၂၀၀၀ |
| ၁၅ | မကွေး | ၄၁၀၀ | | ၆၄၀၀ | ၁၆၀၀၀ | ၈၀၀၀ | ၁၃၀၀၀ | ၂၅၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၁၀၀၀၀ | ၇၅၀၀ | ၁၂၀၀ | ၈၀၀၀ | ၈၅၀၀ | ၄၅၀၀ | ၅၀၀၀ | ၅၅၀၀ | ၁၄၀၀၀ | ၂၀၀၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၁၃၅၀၀ |
| ၁၆ | ပြည် | ၃၀၀၀ | | ၅၁၀၀ | ၁၆၀၀၀ | ၇၉၀၀ | ၁၃၀၀၀ | ၃၈၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | | ၅၀၀၀ | ၄၅၀ | | ၆၅၀၀ | ၉၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | ၁၁၀၀၀ |
| ၁၇ | ပဲခူး | ၃၀၀၀ | | ၅၁၀၀ | ၁၇၅၀၀ | ၇၉၀၀ | ၁၂၅၀၀ | ၄၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၄၅၀ | ၉၀၀၀ | ၆၅၀၀ | ၉၀၀၀ | ၅၅၀၀ | ၅၃၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၃၀၀၀ | ၇၀၀၀ |
| ၁၈ | ပျဉ်းမနား | ၃၅၀၀ | | ၆၅၀၀ | ၁၆၈၀၀ | ၇၇၀၀ | ၁၆၂၀၀ | ၃၂၀၀ | ၁၆၄၀၀ | ၂၀၀၀၀ | ၉၂၀၀ | ၃၈၀၀ | ၇၀၀ | ၉၀၀၀ | ၇၀၀၀ | ၇၇၀၀ | ၆၀၀၀ | ၅၄၀၀ | ၁၇၂၀၀ | ၂၉၀၀၀ | ၂၄၀၀၀ | ၃၀၀၀၀ | ၁၃၂၀၀ |
| ၁၉ | နေပြည်တော် | ၃၅၀၀ | | ၆၅၀၀ | ၁၇၀၀၀ | ၇၇၀၀ | ၁၆၈၀၀ | ၃၆၀၀ | ၁၆၈၀၀ | ၂၀၅၀၀ | ၁၀၀၀၀ | ၄၀၀၀ | ၇၀၀ | ၉၂၀၀ | ၇၂၀၀ | ၈၀၀၀ | ၆၂၀၀ | ၅၄၀၀ | ၁၇၄၀၀ | ၃၀၀၀၀ | ၂၄၅၀၀ | ၃၀၀၀၀ | ၁၃၆၀၀ |
| ၂၀ | ကလေး | ၃၂၀၀ | | | ၁၉၀၀၀ | ၁၄၅၀၀ | ၂၉၀၀၀ | ၄၀၀၀ | ၂၀၀၀၀ | ၂၅၀၀၀ | ၁၀၀၀၀ | ၁၀၀၀၀ | ၁၅၀၀ | ၁၂၀၀၀ | ၉၀၀၀ | ၅၀၀၀ | ၈၀၀၀ | ၇၅၀၀ | ၂၅၀၀၀ | ၄၀၀၀၀ | ၂၈၀၀၀ | ၄၀၀၀၀ | ၁၅၀၀၀ |




## ကြေးမုံစာအုပ်စင် စာအုပ်အမြင်

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသောစာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)

## ပင်အိုဘယ်သို့မုန်းပါ့မယ်နှင့် အခြားဝတ္ထုတိုများ




စိမ်းရောင်လွင်၏ ပင်အိုဘယ်သို့မုန်းပါ့မယ်နှင့် အခြားဝတ္ထုတိုများ စာအုပ် ထွက်ရှိလာသည်။

စာအုပ်တွင် ကျန်ရစ်ခဲ့လေမှ၊ ကျွန်တော့်ခေါင်းပေါ်မှာ သာတဲ့လ၊ ဒုတိယမွိုကျတဲ့မျက်ရည်၊ ပင်အိုဘယ်သို့မုန်းပါ့မယ်၊ ပဒိုင်းသီးကို စားမိခြင်း၊ မှန်မကြည့်တော့ဘူး၊ ယာယီအရိပ်၊ လူကြမ်းကြီးလည်း လွမ်းတတ်တယ်၊ အမှောင်ကင်း၍လင်းပါစေ၊ ဥပေက္ခာထက်ကဝဲဂယက် (ပထမပိုင်း)၊ ဥပေက္ခာထက်က ဝဲဂယက် (ဒုတိယပိုင်း)၊ မတူတဲ့အားကျခြင်း၊ မျက်ရည်ရစ်ဝဲ ခရီးခဲမှာ စသည့် ဝတ္ထုတို ၁၃ ပုဒ်ပါရှိသည်။

ကိုရင်ဓမ္မိကသည် ငယ်စဉ်ကတည်းက ဘုန်းကြီး၏ကျေးဇူးဖြင့် မြို့သို့ရောက်ခဲ့ရသည်။ ဘုန်းကြီးသည် သူ့နယ်ဘက်က ဆင်းရဲနွမ်းပါးသည့် ကလေးများကို ကိုရင်ဝတ်ပေး၍ ကျောင်းခေါ်လာပြီး အခြေခံပရိတ်ကြီး၊ ရှင်ကျင့်ဝတ်၊ သုတ်စဉ်စသော အခြေခံစာများကို သင်ပေး၏။ စာအခြေခံရသည်နှင့် သင့်လျော်သော စာသင်တိုက်များသို့ ပို့ပေးလေ့ရှိသည်။ ထိုတပည့်များထဲတွင် ကိုရင်ဓမ္မိကသည် အထူးချွန်ဆုံးဖြစ်သည်။

စာသင်တိုက်ဘုန်းကြီးက ဉာဏ်ကောင်းသောသူ့ကို အလွန်အားကိုးသည်။ ဘုန်းကြီး၏အားကိုးမှု၊ ဒကာ ဒကာမများနှင့် ပတ်ဝန်းကျင်၏မြှောက်ပင့်မှုများကြောင့် ကိုရင်ဒမ္မိကသည် စိတ်ကြီးဝင်ပြီး ဆရာကို ပမာမခန့်ပြန်ပြော၍ ဆရာတော်က ကျောင်းတိုက်မှနှင်ထုတ်လိုက်သော်လည်း ကိုရင်ဓမ္မိက အမြင်မှန်ရ၍ ပြန်လာသောအခါ ပြန်လည်လက်ခံလိုက်ကြောင်း ပင်အိုဘယ်သို့ မုန်းပါ့မယ် ဝတ္ထုတိုတွင် ဖတ်လိုက်ရသော အခါ တပည့်ဘယ်လောက်ဆိုးဆိုး ဆရာတစ်ယောက်၏ သည်းခံခွင့်လွှတ်မှုကို ခံစားရသည်။

စာအုပ်ကို ရှင်မတောင်စာပေ ဖုန်း ၀၉၇၉၈၁၈၉၁၄၈၊ ၀၉၇၇၇၁၃၉၄၇၇၊ အမှတ် ၂၁၉၊ လမ်း ၄၀ (လယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့မှ ဖြန့်ချိပြီး တန်ဖိုးငွေကျပ် ၇၅၀၀ သတ်မှတ်ထားသည်။

## နိဗ္ဗာန်ဆိုတာ ဒီလိုပါလား




အယုခေမာနန္ဒီ၏ နိဗ္ဗာန်ဆိုတာ ဒီလိုပါလားစာအုပ် ဒုတိယအကြိမ် ထွက်ရှိလာသည်။

စာအုပ်ဖတ်ကြည့်လိုက်သည်နှင့် နိဗ္ဗာန်အကြောင်းသဘောသဘာဝကို ရှင်းရှင်းကြီးသိမြင်လိုက်ရသည်။ နိုင်ငံတော်ဝန်ကြီးချုပ်ဦးနု၏ နိဗ္ဗာန်အကြောင်း သိလိုစိတ်ဖြင့်မေးသည့်အမေးကို စွန်းလွန်းဆရာတော်ဘုရားကြီးက "နိဗ္ဗာန်အကြောင်း သိချင်ရင် ဘင်စွန်းမြင်အောင်ကြည့်"ဟု မိန့်ဆိုချက်ကိုအသေးစိတ်အစုံအလင်ရှင်းလင်းထားသည့်အပြင် အိုင်စတိုင်း၏ အချိန်မျဉ်းကွေး ပုံကွေးနည်းသဘောသဘာဝကိုပါ တစ်ဆက်တည်း တစ်ထပ်တည်း ရှင်းလင်းဖော်ပြထားသောစာအုပ်ဖြစ်သည်။

သီလကို အသက်နှင့်ထပ်တူအခြေခံ၍ သီလကြောင့်ချမ်းသာ၊ ချမ်းသာမှုကြောင့် သမာဓိရ၊ သမာဓိကြောင့် သိသင့်သိထိုက်သည်တို့ကို ဆိုက်ရောက်သိမြင်ရပုံများကို ဖော်ပြထားသည်။ မြတ်စွာဘုရားရှင်၏ အယူဝါဒ၊ ခန္ဓာဝဋ်ဆင်းရဲ၊ သံသရာ ဝဋ်ဆင်းရဲမှ လွတ်မြောက်ပုံတို့ကို စုံလင်စွာဖော်ပြထားသည့် စာအုပ်ဖြစ်သည်။ မေမြို့မှ ဆရာတော်ကြီး မိန့်တော်မူသကဲ့သို့ ဘာသာရေးလိုက်စားလိုသူတို့အတွက် တန်ဖိုးကြီးမားပြီး အသိတရားများပေးစွမ်းပေးနိုင်မည့် စာအုပ်တစ်အုပ်ဖြစ်သည်။

စာအုပ်ကို ဒေါ်စန်းစန်းလွင် ဗောဓိသိုက်စာပေ၊ အမှတ် (၆၀)၊ ဝေဇယန္တာလမ်း၊ (၈) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။ ရန်ကုန်မြို့မှ ဓမ္မဒါနအဖြစ်ထုတ်ဝေသည်။

## စာအုပ်စာပေ လူ့မိတ်ဆွေ

## MNL ပြိုင်ပွဲတွင် ချန်ပီယံ ရှမ်းယူနိုက်တက်အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ ဂိုးပြတ်အနိုင်ရ

ရန်ကုန် ဖေဖော်ဝါရီ ၁၇

၂၀၂၄-၂၀၂၅ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၂၀) စတုတ္ထနေ့ကို ဖေဖော်ဝါရီ ၁၇ ရက်က ဆက်လက်ကျင်းပရာ ချန်ပီယံရှမ်းယူနိုက်တက်နှင့် ဒုတိယနေရာမှ ရန်ကုန်ယူနိုက်တက်အသင်း ဂိုးပြတ်အနိုင်ရခဲ့သည်။

တောင်ကြီးကွင်း၌ ကျင်းပသည့်ပွဲတွင် ရှမ်းယူနိုက်တက်အသင်းက ရခိုင်ယူနိုက်တက်အသင်းကို သုံးဂိုးပြတ်အနိုင်ရခဲ့သည်။ ပွဲစဉ် (၁၉) ပြီးကတည်းက ချန်ပီယံဖြစ်သွားသည့် ရှမ်းယူနိုက်တက်အသင်းသည် တစ်ရာသီလုံးရှုံးပွဲမရှိစံချိန်အတွက် ယခုပွဲတွင် ဂိုးပြတ်နိုင်ပွဲရယူနိုင်ခဲ့သည်။ ရခိုင်ယူနိုက်တက်အသင်းမှာမူ တန်းဆင်းဇုန်မှလွတ်ရန် လက်ကျန်နှစ်ပွဲတွင် ဆက်လက်ရုန်းကန်ရမည်ဖြစ်သည်။

ရှမ်းယူနိုက်တက်အသင်းသည် ပွဲထွက်လူစာရင်းကို အပြောင်းအလဲများစွာပြုလုပ်ခဲ့ပြီး နိုင်ငံခြားသားကစားသမားအဖြစ် မတ်ခ်ဆာကီ တစ်ဦးတည်းသာ ပါဝင်ခဲ့ကာ ရခိုင်ယူနိုက်တက်အသင်းမှာမူ နိုင်ငံခြားသားကစားသမားလေးဦးအပါအဝင် လူစုံအသုံးပြုခဲ့သည်။ ရခိုင်ယူနိုက်တက်အသင်းသည် အဝေးကွင်းတွင် အမှတ်ရယူနိုင်ရန် ရုန်းကန်ခဲ့သဖြင့် ရှမ်းယူနိုက်တက်အသင်းသည် ပထမပိုင်းပြီးခါနီးမှ ဂိုးစတင်ရရှိခဲ့ပြီး နောက်ခံလူသက်ဟိန်းစိုးက သွင်းယူခဲ့ခြင်းဖြစ်သည်။ ဒုတိယပိုင်းတွင် ရှမ်းယူနိုက်တက်အသင်းက နိုင်ငံခြားသားကစားသမားများ ထည့်သွင်းအသုံးပြုလာပြီး ၇၄ မိနစ်တွင် ဘာကာယိုကို၊ ၈၅ မိနစ်တွင် ဟီရိုတာတို့က အနိုင်ဂိုးများ ထပ်မံသွင်းယူခဲ့သည်။

ယခုပွဲအတွက် အကောင်းဆုံးဆုကို ရှမ်းယူနိုက်တက်နောက်ခံလူ သက်ဟိန်းစိုးက ရရှိသည်။ ယခုပွဲအပြီးတွင် ရှမ်းယူနိုက်တက်အသင်းက ပွဲ ၂၀ ကစား ၅၆ မှတ်၊ ရခိုင်ယူနိုက်တက်အသင်းက ပွဲ ၂၀ ကစား ၁၀ မှတ် ရရှိထားသည်။

သုဝဏ္ဏကွင်း၌ ကျင်းပသည့်ပွဲတွင် ရန်ကုန်ယူနိုက်တက်အသင်းက ဧရာဝတီယူနိုက်တက်အသင်းကို လေးဂိုးပြတ်အနိုင်ရခဲ့သည်။ ရန်ကုန်ယူနိုက်တက်အသင်းသည် ဒုတိယနေရာအတွက် ဂိုးပြတ်နိုင်ပွဲရယူခဲ့ပြီး ဧရာဝတီအသင်းမှာမူ ဂိုးပြတ်အရေးနိမ့်သော်လည်း ရခိုင်ယူနိုက်တက်အသင်းရှုံးပွဲကြောင့် တန်းဆင်းဇုန်မှ လွတ်မြောက်ခဲ့သည်။ ရန်ကုန်ယူနိုက်တက်အသင်းအတွက် အနိုင်ဂိုးများကို ငါးမိနစ်တွင် ဥက္ကာနိုင်၊ ၄၈ မိနစ်တွင် ဇော်ဝင်းသိန်း၊ မိနစ် ၆၀ တွင် ရန်ကျော်ထွေးနှင့် မိနစ် ၇၀ တွင် အီစိုးတို့က သွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို ရန်ကုန်ယူနိုက်တက်အသင်း တောင်ပံကစားသမား ဥက္ကာနိုင်က ရရှိသည်။ ယခုပွဲအပြီးတွင် ရန်ကုန်ယူနိုက်တက်အသင်းက ပွဲ ၂၀ ကစား ၄၅ မှတ်၊ ဧရာဝတီယူနိုက်တက်အသင်းက ပွဲ ၂၀ ကစား ၁၇ မှတ် ရရှိထားသည်။

ပွဲစဉ်(၂၀) နောက်ဆုံးနေ့ကို ဖေဖော်ဝါရီ ၁၈ ရက် ညနေ ၄ နာရီတွင် သုဝဏ္ဏကွင်း၌ ဆက်လက်ကျင်းပမည်ဖြစ်ပြီး ရတနာပုံအသင်းနှင့် ဒဂုံစတားယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

သတင်း-ကိုညီလေး၊ ဓာတ်ပုံ-MNL



ရှမ်းယူနိုက်တက်အသင်းနှင့် ရခိုင်ယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်နေစဉ်။



## 25th Singha Thailand Masters ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ကျော်သက်ဦး အဆင့်(၄)ရရှိ

ရန်ကုန် ဖေဖော်ဝါရီ ၁၇

ဖေဖော်ဝါရီ ၁၃ ရက်မှ ၁၆ ရက်အထိ ထိုင်းနိုင်ငံ Singha Park Khon Kaen Golf Club၊ Khan Kaen Lake View Resort & Golf Club ၌ကျင်းပသည့် 25th Singha Thailand Masters ဂေါက်သီးရိုက်ပြိုင်ပွဲတွင် မြန်မာပရော်ဖက်ရှင်နယ် ဂေါက်သီးရိုက်ကစားသမား ကျော်သက်ဦး ဝင်ရောက်ယှဉ်ပြိုင်ရာ အဆင့်(၄) နေရာရရှိခဲ့သည်။

ကျော်သက်ဦးသည် ယင်းပြိုင်ပွဲ၏ ပထမနေ့တွင် စုစုပေါင်း ရိုက်ချက် ၇၁ ချက်၊ ဒုတိယနေ့တွင် စုစုပေါင်း ရိုက်ချက် ၇၁ ချက်၊ တတိယနေ့တွင် စုစုပေါင်း ရိုက်ချက် ၇၂ ချက်၊ နောက်ဆုံးနေ့တွင် စုစုပေါင်း ရိုက်ချက် ၆၉ ချက်ဖြင့် လေးရက်ပေါင်း ၂၈၃ ချက်ရိုက်ကာ သတ်မှတ်ရိုက်ချက်ထက် ငါးချက်လျော့ရိုက်ကာ အဆင့်(၄)နေရာ ရရှိခဲ့ခြင်းဖြစ်သည်။

ပြိုင်ပွဲအပြီးတွင် ထိုင်းဂေါက်သီးရိုက်ကစားမား Tanapat PICHAIKOOL က လေးရက်ပေါင်း ရိုက်ချက် ၂၈၀ ဖြင့် သတ်မှတ်ရိုက်ချက်ထက် ရှစ်ချက်လျော့ရိုက်ပြီး ပထမဆုဆွတ်ခူးရရှိကာ ဆုကြေးငွေ ဘတ်ခုနစ်သိန်းခွဲ ရရှိပြီး အဆင့်(၄)ရရှိသော ကျော်သက်ဦးမှာမူ ဆုကြေးငွေ ထိုင်းဘတ် တစ်သိန်းခြောက်သောင်းခြောက်ထောင် ဆွတ်ခူး ရရှိခဲ့သည်။

ယင်းပြိုင်ပွဲတွင် ကစားသမား ၁၂၀ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ကျော်သက်ဦးသည် Thailand PGA Tour နှင့် All Thailand Golf Tour တို့က စီစဉ်ကျင်းပလျက်ရှိသည့် ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်နေသူတစ်ဦး ဖြစ်သည်။ ကျော်သက်ဦးသည် ၂၀၂၄ ခုနှစ် ဩဂုတ်လတွင် ကျင်းပသည့် SINGHA- SAT TDT Prachinburi ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ချန်ပီယံဆု၊ နိုဝင်ဘာလတွင် ကျင်းပသည့် Singha Classic ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဒုတိယအပါအဝင် အောင်မြင်မှုများ ရရှိထားကြောင်း သိရသည်။

ကိုညီလေး

### ❖ မြန်မာနိုင်ငံမှ

Tour Pro နှင့် Senior Pro အဆင့်ပြိုင်ပွဲများ၏ ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၇ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ မြို့တော်ဂေါက်ကွင်း(ငွေသော်တာ)၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးဗိုလ်ဌေး၊ မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ် မြန်မာပီဂျီအေတို့မှတာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးဗိုလ်ဌေး၊ မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ် နာယက ဦးအောင်ကြည်၊ ဥက္ကဋ္ဌ ဦးကိုကိုအေးနှင့် ဒုတိယဥက္ကဋ္ဌ ဦးလှမြင့်ရွှေတို့က အလှည့်ကျ ဂေါက်သီးရိုက်၍ ဖွင့်လှစ်ပေးပြီး ပထမနေ့ ၁၈ ကျင်း စတင်ယှဉ်ပြိုင်သည်။ ယခုပြိုင်ပွဲတွင် Tour Pro အဆင့် ၃၆ ဦး၊ Senior Pro အဆင့် ၂၈ ဦး၊ ဝါသနာရှင်အဆင့် ကိုးဦး စုစုပေါင်း အားကစားသမား ၇၃ ဦး ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိပြီး ပြိုင်ပွဲကို ဂေါက်သီးအားကစားသမားများ၏ လက်ရည်အဆင့်အတန်း တိုးတက်လာစေရန်နှင့် နိုင်ငံတကာအဆင့်မီ ယှဉ်ပြိုင်နိုင်စေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၇ ရက်မှ ၂၀ ရက်အထိ လေးရက်ကြာ ကျင်းပသွားမည်ဖြစ်ပြီး ဝါသနာရှင်အဆင့်၊ သက်ကြီးတန်း ဝါသနာရှင်အဆင့်ပြိုင်ပွဲကိုမူ ဖေဖော်ဝါရီ ၂၄ ရက်မှ ၂၇ ရက်အထိ ရန်ကုန်ဂေါက်ကလပ်(တညင်းကုန်း)၌ ဆက်လက်ကျင်းပမည် ဖြစ်သည်။

သတင်း-ကိုညီလေး၊ ဓာတ်ပုံ-MGF

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက်၊ ဗဟိုလမ်း (ခိုင်ရွှေဝါ)၊ အမှတ် (၁၀၇/ဘီ)ဟုခေါ်တွင်သည့် အကျယ်အဝန်း (၁၂½ ပေ x ၅၀ပေ) ရှိသော မြေညီထပ် (ခြေရင်းခန်း)နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဒေါ်မြမြသန်း [၆/ပလန(နိုင်)၀၀၀၂၆၃] မှ တရားဝင်ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ကမ်းလှမ်းသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သော ဒေါ်မိုးသီတာ [၁၁/မဥန(နိုင်) ၀၀၀၄၇၈] မှ အပြီးအပိုင်ဝယ်ယူရန် အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာချုပ်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| ဒေါ်အေးအေးမော် | ဒေါ်သူသူမင်း | ဒေါ်ခင်မို့မို့ထွန်း |
|---|---|---|
| (စဉ်-၇၆၀၇) | (စဉ်-၁၂၉၆၅) | (စဉ်-၁၅၉၉၄) |
| LL.B, D.B.L, WIPO | LL.B, D.B.L, WIPO | LL.B, WIPO |

**(တရားလွှတ်တော်ရှေ့နေများ)**

**ဒေါ်မာလာသန်းမြင့်(စဉ်-၁၈၂၅၅)** (တရားလွှတ်တော်ရှေ့နေ) LL.B, WIPO
**ဒေါ်ချယ်ရီဇော် (စဉ်-၄၄၃၉၃)** (အထက်တန်းရှေ့နေ) LL.B

**အမှတ်(၄၉)၊ အခန်း(၅+၆)၊ လမ်း-၄၀ (ကမ်းနားဘလောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၆၆၂၅၁၂၆၆**

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ကြည်ကြည်မြင့် [၁၂/တတန(နိုင်) ၀၀၀၁၉၈] ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်သည်မှာ-

ဒေါ်ကြည်ကြည်မြင့်၏ သားဖြစ်သူ မောင်ဟိန်းထက်နိုင် [၁၂/ကမတ (နိုင်)၀၈၅၄၉၅]သည် မိခင်ဖြစ်သူအား စိတ်ဆင်းရဲခြင်း၊ ကိုယ်ဆင်းရဲခြင်းများ အကြိမ်ကြိမ်ပြုလုပ်သည့်အပြင် မိခင်နှင့်အတူတကွနေထိုင်ခြင်းမရှိဘဲ ၎င်း၏ သဘောဆန္ဒအရ ပြုမူနေထိုင်လျက်ရှိသောကြောင့် မောင်ဟိန်းထက်နိုင်၏ သဘောဆန္ဒအရ ပြုလုပ်လျက်ရှိသော ကိစ္စအဝဝများသည် ကျွန်ုပ်၏မိတ်ဆွေ ဖြစ်သူ ဒေါ်ကြည်ကြည်မြင့်နှင့် ပတ်သက်မှုတစ်စုံတစ်ရာမျှမရှိပါ။ မောင်ဟိန်း ထက်နိုင်နှင့် ပတ်သက်သော ကိစ္စအဝဝအား ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ တာဝန်ယူ ဖြေရှင်းဆောင်ရွက်ပေးမည်မဟုတ်ကြောင်းနှင့် ကျွန်ုပ်မိတ်ဆွေ၏ ဂုဏ်သိက္ခာထိခိုက်အောင်၊ အကျိုးခံစားခွင့်နှင့်ပတ်သက်၍ ထိခိုက်အောင် ပြုလုပ်မှုများရှိပါက ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဖြူမြတ်သွယ် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၉၇၇/၂၀၁၃)**
**(ရုံးခန်း)သန်လျင်ခရိုင်တရားရုံးရှေ့၊ အောင်သိဒ္ဓိလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့။**
**ဖုန်း-၀၉-၅၁၃၂၆၄၇**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဗိုလ်ချုပ်ကျေးရွာ၊ (ရွာသစ်ပိုင်း)၊ (၁၄)နယ်မြေ၊ ကျောင်းလမ်း၊ ကွင်းအမှတ်(၆၇၆-A)၊ ဗိုလ်ချုပ်ရွာမကွင်း၊ ဦးပိုင်အမှတ်(N/၃၈)၊ ဧရိယာ (၀.၃၈)ကေအကျယ်ရှိ မြေကွက်အား ဦးအန်ဂဲဆာမိ (ခ) ဦးအောင်မြင့်မှ ဆက်စပ်စာချုပ်စာတမ်းဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ၎င်းမြေကွက်အတွင်းမှ ဧရိယာ (၂၀ x ၇၀) ပေအကျယ်ရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် တစ်ထပ်တိုက်အိမ်၊ လျှပ်စစ်မီတာ၊ အဝီစိတွင်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဦးအန်ဂဲဆာမိ(ခ)ဦးအောင်မြင့် (ဘ) ဦးနာဒနဆာမိ [၁၂/သလန(ပြု)၀၀၄၀၀၀] ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မေရီသန်း (ဘ) ဦးကျော်သန်း [၁၂/ဗဟန(နိုင်)၀၆၉၂၆၀]မှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါ၍ အဆိုပါအိမ်ခြံမြေနှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်မာသည့်တရားဝင်စာချုပ်စာတမ်းအထောက်အထား၊ စာရွက်စာတမ်း (မူရင်း)အပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အထက်ပါအိမ်နှင့် မြေအရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဖြူမြတ်သွယ် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၉၇၇/၂၀၁၃)**
**(ရုံးခန်း) သန်လျင်ခရိုင် တရားရုံးရှေ့၊ အောင်သိဒ္ဓိလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့။ ဖုန်း-၀၉-၅၁၃၂၆၄၇**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ထန်းပင်ကုန်းရပ်ကွက်၊ ဗိုလ်ချုပ်နေဝင်းလမ်း၊ အကွက်အမှတ်(၁၄)၊ ထန်းပင်ကုန်း မြောက်ကွက်၊ ဦးပိုင်အမှတ် (၁၉/ခ)၊ မြေကွက်အမှတ် (34/2)၊ ဧရိယာ(၀. ၀၆၄)ကေအကျယ်ရှိ ဂရန်အမှတ်တွဲ အမှတ် RPNO ၈၂ (က) V/ ၂၀၀၈-၂၀၀၉ အရ ဒေါ်စောမာလာဝင်းအမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့အား လက်ရှိထားပိုင်ဆိုင်ပြီး တရားဝင် ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်စောမာလာဝင်း(ဘ)ဦးစိန်ဝင်း[၁၂/သလန(နိုင်)၀၀၁၂၈၅] ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးဇင်မောင်မောင်မြင့် (ဘ) ဦးတင်မောင် [၁၂/သလန (နိုင်)၀၉၂၀၉၁] မှ ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါ၍ အဆိုပါအိမ်ခြံမြေ နှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်မာသည့်တရားဝင်စာချုပ်စာတမ်းအထောက်အထား၊ စာရွက်စာတမ်း (မူရင်း) အပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်ရက်မှ (၁၄) ရက် အတွင်း ကျွန်ုပ်တို့ထံ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် အတွင်း ကန့်ကွက်မည့်သူမရှိပါက အထက်ပါအိမ်နှင့်မြေ အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| ဒေါ်စမ်းစိမ့်စိမ့်အေး (LL.B) | ဒေါ်ခိုင်သူဇာဝင်း (LL.B) |
|---|---|
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ |
| (စဉ် - ၈၉၄၉/၂၀၁၃) | (စဉ် - ၉၇၁၄/၂၀၁၄) |
| ၀၉ - ၄၂၀၅၁၁၁၀ | ၀၉ - ၄၂၀၅၁၁၀၁ |

**(ရုံးခန်း) သန်လျင်ခရိုင် တရားရုံးရှေ့၊ အောင်သိဒ္ဓိလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့။**

## အများသိစေရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ (၁၀) ရပ်ကွက်၊ ၄၅-လမ်း၊ အမှတ် (၁၅၆) ဟုခေါ်တွင်သော (၂)ခန်းတွဲ(၈)ထပ်တိုက်၏ စတုတ္ထထပ်၊ တိုက်ကို မျက်နှာမူလျှင်ဝဲဘက် (၁၂½' x ၆၀') အကျယ်အဝန်းရှိ တိုက်ခန်းနှင့်စွဲကပ်လျက်ရှိသော အကျိုးခံစားခွင့်များကို ဦးမျိုးဟိန်း [၁၂/ပဇတ(နိုင်)၀၃၁၉၂၈] နှင့် ဒေါ်ခင်မေထွန်း [၁၂/လသန (နိုင်) ၀၂၁၇၀၅] တို့က ဝယ်ယူပိုင်ဆိုင် အကျိုးခံစားလျက်ရှိပါသည်။ အဆိုပါတိုက်ခန်းကို ၎င်းတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အကျိုးသက်ဆိုင်ခွင့်ရှိသူများသည် ဤကြော်ငြာပါသည့်နေ့မှစ၍ အထောက်အထား ခိုင်လုံစွာဖြင့် (၇) ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးစိန်ရီ တရားလွှတ်တော်ရှေ့နေ(စဉ်-၃၀၃၆)**
**အမှတ် (၂၂)၊ ဌာနာလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉ ၂၅၀၅၀၃၂၃၈၊ ၀၁-၂၂၃၉၅၆**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီး(အရှေ့) ရပ်ကွက်၊ အုန်းပင်လမ်း၊ အမှတ် (၆၁)၊ (၄)လွှာ၊ အကျယ်အဝန်း (၂၃ ပေ x ၅၀ ပေ) ရှိ ရေမီးအစုံပါဝင်သည့်တိုက်ခန်းရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား ဒေါ်သန်းသန်းဇော် [၁၂/ကမတ(နိုင်)၀၁၉၉၈၁]က အရှုပ်အရှင်း တစ်စုံတစ်ရာ ကင်းရှင်းကြောင်းနှင့် တရားဝင်လက်ရှိထားပိုင်ဆိုင် အကျိုး ခံစားလျက် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ကမ်းလှမ်းသည်ကို ကျွန်ုပ်၏ မိတ်ဆွေမှ ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသအား စရန်ငွေ အဖြစ် (၁၆-၂-၂၀၂၅) ရက်နေ့တွင် ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါ တိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားမူရင်းနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြေညာပါသည့်နေ့ရက်မှ (၇)ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်း အဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးမင်းဆွေ (B.A, R.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၂၀၂၁/၂၄-၁-၈၁)**
**အမှတ်(၈၃)၊ အခန်း(၁၄/A)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၉၇၅၁၉၆၃၇၈၊ ၀၉-၅၁၉၆၃၇၈**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၃၅ဒီ၊ မြေကွက် အမှတ်- ၄၂/၁-ဠ၊ ဧရိယာ- (၀.၀၃၁)ကေ၊ မြေကွက်တည်နေရာ- အမှတ်(၁၁)၊ သီရိဂုဏ်ရည်ခြံ(၁)လမ်း၊ ဆရာစံမြောက် အနောက် ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ဦးထွန်းမောင်၊ ဦးဘဆွေ၊ ဦးလှကျန်၊ ဦးကျော်အေးနှင့် ဦးသာမြ (-) အမည်ပေါက်၊ မြေပိုင်မြေအား အမည်ပေါက်များထံမှ ပိုင်ဆိုင်ခွင့် လွှဲပြောင်းပေးသောစာချုပ် အမှတ်- ၁၂၃၂/၁၉၅၉(၂၇-၁၁-၁၉၅၉)ဖြင့် ဒေါ်သိန်းခင်မှပိုင်ဆိုင် ပြီး ဒေါ်သိန်းခင်ထံမှ အပိုင်ပေး စာချုပ်အမှတ်- ၈၈၃/၂၀၂၄(၈- ၂-၂၀၂၄)ဖြင့် ဒေါ်ညိုညိုစမ်းနှင့် ဒေါ်ကေသီစန်းတို့မှ ပိုင်ဆိုင် ပါကြောင်း ဒေါ်ညိုညိုစမ်းနှင့် ဒေါ်ကေသီစန်းတို့၏ မိဘများ ဖြစ်သော (ဖခင်)ဦးမြနှင့် (မိခင်)ဒေါ်မြသီတို့မှ ဦးသန်းစိုး၊ ဒေါ်ညို ညိုစမ်း၊ ဦးဆန်းသွင်အောင်၊ ဒေါ်ရင်စန်းမြင့်၊ ဒေါ်ကေသီစန်း၊ ဦးမြင့်နိုင်အောင်တို့ သားသမီး(၆)ဦးအား မွေးဖွားခဲ့ပြီး ၎င်းတို့ အနက် ဦးသန်းစိုးသည် (၂-၃-၂၀၀၇)ရက်နေ့တွင် လူပျိုကြီးဘဝ ဖြင့်လည်းကောင်း၊ ဒေါ်ညိုညိုစမ်းသည် (၃၀-၆-၂၀၁၇)ရက်နေ့ နှင့် ဒေါ်ကေသီစန်းသည် (၃၀-၄-၂၀၀၀)ရက်နေ့တို့တွင် အပျိုကြီး ဘဝတို့ဖြင့်လည်းကောင်း ကွယ်လွန်ခဲ့ကြပြီး ဦးဆန်းသွင်အောင် သည် (၂၉-၇-၂၀၀၅)ရက်နေ့တွင် ကွယ်လွန်သဖြင့် ၎င်း၏အစု အား တရားဝင်ဇနီးဖြစ်သူ ဒေါ်လှလှမြင့်မှလည်းကောင်း၊ ဦးမြင့် နိုင်အောင်သည် (၁-၃-၂၀၀၅)ရက်နေ့တွင် ကွယ်လွန်သဖြင့် ၎င်း၏အစုအား တရားဝင်ဇနီးဖြစ်သူ ဒေါ်ပုမှလည်းကောင်း ပိုင်ဆိုင်ခွင့်ရှိကြပါသဖြင့် (ဖခင်)ဦးမြနှင့် (မိခင်)ဒေါ်မြသီတို့၏ ကျန်သမီးတစ်ဦးဖြစ်သူ ဒေါ်ရင်စန်းမြင့် [၁၂/သဃက(နိုင်) ၀၁၂၃၇၄] မှ ဒေါ်လှလှမြင့်[၁၂/ရကန(နိုင်)၀၁၂၅၈၉]၊ ဒေါ်ပု[၁၂/ သဃက(နိုင်)၀၁၁၂၄၆]တို့နှင့် ပူးတွဲ၍ ၎င်းတို့မှလွဲ၍ အခြားသော အမွေစားအမွေခံကိတ္တိမသားသမီးနှင့် ဇနီးမယားအမွေစား အမွေခံ တစ်ဦးတစ်ယောက်မျှ မရှိပါကြောင်း၊ မိသားစုများ ဖြစ်သောကြောင့် မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေနှင့်အမွေဆက်ခံ ခြင်းဆိုင်ရာဥပဒေတို့အရ တရားဝင် အမွေဆက်ခံပိုင်ဆိုင်ပါ ကြောင်း၊ မင်္ဂလာ တောင်ညွန့်မြို့နယ် တရားရုံးမှတ်ပုံတင်အမှတ်- ၅၄၄/၂၀၂၅(၁၅-၁-၂၀၂၅)ရက်နေ့ကျမ်းကျိန်လွှာ၊ ထောက်ခံ ကျမ်းကျိန်လွှာ(၂)စောင်၊ ဒေါ်ညိုညိုစမ်း၊ ဒေါ်ကေသီစန်း၊ ဦးသန်းစိုးတို့၏သေဆုံးမှု လက်မှတ်မိတ္တူမှန်များ၊ ဦးဆန်းသွင် အောင်နှင့် ဦးမြင့်နိုင်အောင်တို့၏ သေဆုံးမှု လက်မှတ်များ၊ ပိုင်ဆိုင် ခွင့်လွှဲပြောင်းပေးသောစာချုပ်အမှတ်- ၁၂၃၂/၁၉၅၉(၂၇- ၁၁-၁၉၅၉)၊ အပိုင်ပေးစာချုပ် အမှတ်- ၈၈၃/၂၀၂၄(၈-၂-၂၀၂၄)၊ အပိုင်ပေးစာချုပ်ရန် ထမ်းဆောင်ထားသော တံဆိပ်ခေါင်းခွန် အထောက်အထား၊ အိမ်ထောင်စုလူဦးရေစာရင်းများ၊ နိုင်ငံသား စိစစ်ရေးကတ်ပြားတို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့်အမှားပြင် စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံ သော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါ ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၄/ရွှေပေါက်ကံ၊ မင်းလှရဲခေါင်လမ်း၊ မြေကွက်အမှတ်(၆၄၁/က)၊ အကျယ်အဝန်း (၂၀ ပေ x ၆၀ ပေ)၊ ဧရိယာ(၀.၀၂၇၅)ကေရှိ ဒေါ်သန်းသန်းဝင်း၊ ဒေါ်ငုဝါတို့အမည်ပေါက်နှစ်(၆၀)ဂရန်မြေကွက် အပါအဝင်အကျိုးခံစားခွင့်နှင့်ပတ်သက်၍ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါမြေကွက်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်တို့အား အမည်ပေါက်ထံမှ (၈-၉-၂၀၂၃)ရက်စွဲပါ အထွေထွေကိုယ်စားလှယ်လွှဲစာရရှိသူ **ဒေါ်ဆီးမျော်(၁၂/လကန(နိုင်)၀၁ရ၀၄၂)**က ပြန်လည်ရောင်းချပိုင်ခွင့်ရှိ ကြောင်းဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်မိတ်ဆွေဖြစ်သူကဝယ်ယူရန်(၁၆-၂-၂၀၂၅)ရက်စွဲပါစာချုပ်ဖြင့် စရန်ငွေအချို့ပေးချေထားပြီးဖြစ်ပါသည်။ ထိုအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်းစာချုပ်စာတမ်း(မူရင်း)များနှင့်တကွကျွန်ုပ်ထံကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါကအရောင်းအဝယ်ကိစ္စကိုဥပဒေနှင့်အညီပြီးမြောက်အောင်ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ

**ဦးအောင်မျိုးသိန်း ( LL.B, DBL, DIL, DA Psy )**
တရားလွှတ်တော်ရှေ့နေ (စဉ် - ရ၈၃၃)
အမှတ်-၅၀၊ပ-ထပ်၊အခန်း (D-2)၊ဘဏ်လမ်း၊ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။ဖုန်း-၀၉- ၇၈၅၅၅၀၂၅၄

## ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ဇ/မြောက်ရပ်ကွက်၊ ပြည်သာယာလမ်း၊ အမှတ်- ၁၂/က ဟု ခေါ်တွင်သော မြေနှင့်အိမ်အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် - ၂၇/က ၊ မြေကွက်အမှတ်- ၂၀/ဃ ၊ ဧရိယာ(၀.၀၂၅)ဧက၊ မြေအမျိုးအစား - မြေပိုင်မြေ လ/န ၃(ခ)မြေနှင့်ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ် ရပ်တို့အားမြို့မြေစာရင်းတွင်ဦးခင်မောင်ကြည်(၁၂/ရကန(နိုင်)၀၆၃၄၅၈)အမည်ဖြင့်မှတ်သားတည်ရှိပြီး၎င်း ထံမှအရပ်ကတိအရောင်းအဝယ်စာချုပ်အရဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားရှိသူများဖြစ်သော ဦးဝင်းမောင်ထွဋ် (၁၂/ရကန(နိုင်)၀၀၃၇၂၄) နှင့် ဒေါ်ဝါလှိုင်စိုး(၁၂/ပဇတ(နိုင်)၀၀၁၉၂၈)တို့မှ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိ ကြောင်းဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့၏ မိတ်ဆွေမှဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသော ရောင်းဖိုးငွေ အနက်စရံငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆိုခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့(၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင် ပါသည်။ ကန့်ကွက်ခြင်းမရှိပါကဥပဒေနှင့်အညီအရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| ဦးသန်းဦး (LL.B,D.B.L) | ဒေါ်ကေသီဖြိုးကျော်(LL.B, .L,D.M.L) |
|---|---|
| တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၈၇၅) | တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၁၇၈) |

အမှတ်(၇၅၁)(ပထမထပ်)၊တပင်ရွှေထီးလမ်း၊၃၈-ရပ်ကွက်၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ရန်ကုန်မြို့။
ရုံးဖုန်း-၀၉-၈၈၆၆ ၉၅၉ ၆၆

## ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၃၈- ရပ်ကွက်၊ မဟာဗန္ဓုလလမ်း၊ အမှတ်- ၁၆ ဟု ခေါ်တွင်သော မြေကွက်အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း

